# အခန်း(၇၁၅) - တစ်ဆင့်ပြီးတစ်ဆင့် ပိုခက်ခဲလာခြင်း

မှော်နတ်သမီး နတ်ကွန်း၏ ပထမဦးဆုံး ဘုရားကျောင်း....

စတုတ္ထမြောက် မွန်းစတား အလုံးအရင်း ကျူးကျော်မှုကြီး ရောက်ရှိလာသည်။ ထိုအချိန်၌ လူတိုင်းသည် သူတို့၏ အရည်အချင်း အစစ်အမှန်ကို အပြည့်အဝ ထုတ်ဖော် ပြသနေကြ၏။

ပထမတန်းစား အစွမ်းထက် စိန်ခေါ်သူများကသာ တစ်ဦးချင်း၊ တစ်ယောက်ချင်း တိုက်ခိုက်နေကြသည်။ သူတို့သည် အင်ပါယာအဆင့် မွန်းစတားများကို စိန်ခေါ်ရဲသော လူများပင်။

ဤစိန်ခေါ်သူများ ကြားထဲတွင် ပိန်ပိန်ပါးပါးနှင့်လူက နှင်းမှုန်အလောင်းကောင်ကို တစ်ချက်တည်း သတ်ဖြတ်နိုင်သည့် တစ်ဦးတည်းသောလူ မဟုတ်ပေ။ ယခင်က သူ့ကိုစိန်ခေါ်ခဲ့သည့် ပိန်ပါးသောလူကလည်း စက္ကန့်ပိုင်းမျှသာ ကြာမြင့်ခဲ့သည်။

မင်းဆက်က လူနှစ်ယောက်အပြင် ကျန်သည့် သုံးယောက်ကလည်း နှင်းမှုန် အလေှာင်းကောင်ကို လျှင်မြန်စွာ သတ်ပစ်နိုင်ကြသည်။

ဤနေရာတွင် သူတို့ငါးယောက်က အသန်မာဆုံး လူသားငါးယောက် ဖြစ်နေကြသည်။

ဒေသခံ မျိုးနွယ်ဝင်များစွာ ရှိသော်လည်း မည်သူ တစ်ဦးတစ်ယောက်ကမျှ အင်ပါယာအဆင့် မွန်းစတားများကို တစ်ဦးတစ်ယောက်တည်း တိုက်ခိုက်ရန် သတ္တိ မရှိကြပေ။ ထိုအစား သူတို့သည် အဖွဲ့များဖွဲ့ပြီး မွန်းစတားများကို အတူတကွ ပူးပေါင်း တိုက်ခိုက်နေကြပြီး သူတို့၏ စစ်မှန်သော

အရည်အချင်းများကို ဖုံးကွယ် ထားကြသည်လော သို့မဟုတ် အမှန်တကယ် အားနည်းနေသည်လော ဆိုသည်ကို မည်သူမျှ မသိနိုင်ချေ။

အဖွဲ့ငယ် အချို့ကမူ အင်ပါယာအဆင့် မွန်းစတားများကို ကိုင်တွယ်ရန်အတွက် တိုက်ပွဲဝင် ဖွဲ့စည်းပုံကို ဖွဲ့စည်းထားကြသည်။ ထိုအထဲတွင် ဒုတိယတန်းစား အဆင့်များ ပါရှိကြသည်။ အဖွဲ့သား တစ်ယောက်ချင်းစီ၏ စွမ်းရည်သည် နှင်းမှုန်အလောင်းကောင်နှင့် တန်းတူပင် ။ သို့သော်လည်း သူတို့သည် မွန်းစတားများကို တစ်ကောင်တည်း တိုက်ခိုက်ရန် မရွေးချယ်ခဲ့ကြပေ။ ထိုအစား နှင်းမှုန်

အလောင်းကောင် ပြင်းထန်စွာ ဒဏ်ရာရသည်နှင့် သတ်ပစ်ရန်အတွက် အတူတကွ စုဝေး တိုက်ခိုက်နေကြသည်။ သူတို့သည် နှင်းမှုန် အလောင်းကောင်ကို စက္ကန့်ပိုင်းလေး အတွင်း မသတ်ဖြတ်နိုင်သော်လည်း ပျမ်းမျှအားဖြင့် နှစ်စက္ကန့်၊ သုံးစက္ကန့်အတွင်း တစ်ကောင်နှုန်း သတ်ဖြတ်နိုင်ကြသည်။

တတိယတန်းစား အဖွဲ့များကမူ အင်ပါယာအဆင့် မွန်းစတားများကို သတ်ဖြတ်ရန်အတွက် အဖွဲ့တစ်ခု ဖွဲ့ခဲ့ကြသည်။ သို့သော်လည်း သူတို့သည် ဒုတိယတန်းစားများထက် များစွာ အားနည်းပုံရသည်။ နှင်းမှုန် အလောင်းကောင်ကို သတ်ဖြတ်ရန်အတွက်

ဆယ်မိနစ်ခန့် အချိန်ယူခဲ့ရပြီး တိုက်ပွဲသည် သူတို့အတွက် မလွယ်ကူခဲ့ပေ။

စတုတ္ထတန်းစားများက ဤကဲ့သို့ မွန်းစတားများကို အနိုင်ယူနိုင်စွမ်း မရှိကြောင်း ကောင်းကောင်း သိနေကြသဖြင့် အဖွဲ့ဖွဲ့ရန်ပင် ရည်ရွယ်ချက် မရှိကြချေ။ သတ်မှတ်ချိန်အတွင်း၌ အင်ပါယာအဆင့် မွန်းစတား (၁၀) ကောင်ကို သတ်ဖြတ်ရန် မဖြစ်နိုင်ပေ။ အရည်အချင်း မပြည့်မီကြောင်း သိနေကြသဖြင့် ရှင်သန်ရန် မရုန်းကန်ကြတော့ချေ။

ပဉ္စမတန်းစားများကမူ ကျန်သည့် လူများထဲတွင် အားအနည်းဆုံး ဖြစ်သည်။ သူတို့သည်

မွန်းစတားအုပ်ကြီးကို ခုခံ ကာကွယ်နိုင်ရုံမျှ ကာကွယ်နိုင်ရှိပြီး အချိန်မရွေး သေဆုံးသွားနိုင်သည်။ သူတို့သည် သူတို့ကိုယ်သူတို့ ယုံကြည်ချက် လုံးဝ မရှိသည့်အပြင် အင်ပါယာအဆင့် နှင်းမှုန် အလောင်းကောင်များ၏ အလွယ်တကူ ဖျက်ဆီးခြင်းကို ခံနေရသည်။

စတုတ္ထမြောက် မွန်းစတားအုပ်ကြီးသည် ယခင် သုံးအုပ်ထက် အရေအတွက် ပိုများသည်။ နှစ်နာရီ ကြာသွားသော်လည်း ရပ်တန့်သွားမည့်ပုံ မရှိချေ။ ပဉ္စမတန်းစား လူများသည် မွန်းစတားအုပ်ကြီး

ရောက်လာသည်နှင့် ပြုတ်ကျသွားပြီး စတုတ္ထတန်းစားမှ အဖွဲ့ဝင်အချို့လည်း ပြုတ်ကျကုန်၏။

အကဲဖြတ်မှု စတင်ပြီး (၁၀) နာရီတိတိ ကြာမြင့်သည့်အချိန်တွင် စတုတ္ထမြောက် မွန်းစတားအုပ်ကြီး ပြီးဆုံးသွားသည်။ ထို့နောက် မွန်းစတားများသည် တောက်ပသော အလင်းရောင်အဖြစ် ပြောင်းလဲသွားပြီး မကြာခင် ရေတွက်မှု ပေါ်လာသည်။

လေထဲတွင် ဝူမို၏အသံက နောက်တစ်ကြိမ် ပေါ်လာသည်။

"လိုအပ်ချက် သုံးခု ပြည့်မီပြီး ပထမအဆင့် ဖြတ်ကျော်နိုင်တဲ့ စိန်ခေါ်သူ (၃၁၂) ယောက် ရှိတယ်။

ကျန်တဲ့လူတွေကိုတော့ စိတ်မကောင်းစွာနဲ့ အရည်အချင်း မပြည့်မီဘူးလို့ပဲ ပြောရမယ်။ အရည်အချင်း မပြည့်မီတဲ့ လူတွေအနေနဲ့ မှော်နတ်သမီး နတ်ကွန်းထဲကို နောက်တစ်ကြိမ် ထပ်ဝင်ဖို့ မကြိုးစားနဲ့။ ဝင်ချင်ရင် မှော်နတ်သမီးနတ်ကွန်း နောက်တစ်ကြိမ် ပြန်ဖွင့်တာကို စောင့်”

ဝူမို၏စကားသံ ဆုံးသွားသည်နှင့် နောက်တစ်ဆင့် တက်လှမ်းရန် အရည်အချင်း မပြည့်မီသော စိန်ခေါ်သူများသည် ခန္ဓာကိုယ် ပြိုကျ အက်ကွဲသွားပြီး မကြာခင် နှင်းများ ထူထပ်စွာ ကျဆင်းနေသော ကမ္ဘာကြီးမှ ပျောက်ကွယ်သွားသည်။

စက္ကန့်အနည်းငယ် ကြာသောအခါ လူအုပ်ကြီးထဲတွင် (၁၀) ပုံ (၁) ပုံမျှသာ ကျန်တော့သည်။

ကျန်ခဲ့သည့် (၃၁၂) ယောက်တွင် အများစုမှာ ဒေသခံမျိုးနွယ်ဝင်များ ဖြစ်ကြပြီး (၁၀၀) ခန့်မှာ ပြည်ထောင်စုအစိုးရနှင့် မင်းဆက်မှလူများ ဖြစ်ကြသည်။

ပထမ စမ်းသပ်မှုတွင် ဖယ်ရှားသည့်နှုန်းမှာ (၉၀) ရာခိုင်နှုန်း ကျော်လွန်သွားခဲ့သည်။ ဤအရာက လူများကို သတိကြီးသွားစေသည်။

“ပထမ စမ်းသပ်မှု အောင်မြင်တဲ့အတွက် ဂုဏ်ပြုတယ်။ အခု မင်းတို့ကို ဒုတိယ နတ်ဘုရားကျောင်းဆီ ပို့ပေးမယ်”

အသံ ဆုံးသွားသည်နှင့် သူတို့ (၃၁၂) ယောက်သည် ပျောက်ကွယ် သွားပြီး ဒုတိယမြောက် နတ်ဘုရားကျောင်းထဲ ရောက်သွားကြသည်။ နတ်ဘုရားကျောင်းသည် အလွန် ကြီးမားသော်လည်း တိုင်များ၊ နံရံများ၊ အမိုးများမှလွဲ၍ အခြား မည်သည့်အရာမျှ မရှိပေ။

လူတိုင်းက နတ်ဘုရားကျောင်းထဲ လှည့်ပတ်ကြည့်နေစဉ် ဝူမို၏အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်သည်။

“ဒီနတ်ဘုရားကျောင်းရဲ့ နေရာတိုင်းမှာ စုန်းအတတ် မှော်အက္ခရာတွေရှိတယ်။ အဲ့ဒီ မှော်အက္ခရာတွေထဲမှာ

အခု (၂၀၀) ကပဲ အသုံးပြုသူကို တတိယမြောက် နတ်ဘုရားကျောင်းကို တိုက်ရိုက် ပို့ပေးနိုင်တယ်။ မှားပြီး အသက်သွင်းမိတဲ့လူက မှော်အကွဲရာ ချက်ချင်း ပျက်သွားမယ်။ မမှန်ကန်တဲ့ အသက်သွင်းမှု လုပ်မိရင်လည်း မှော်အကွဲရာ ချက်ချင်း ပျက်သွားမယ်”

ဝူမို၏စကားကို ကြားလျှင် လူတိုင်း မျက်နှာ ပျက်သွားသည်။

“ဒါက စေတနာထားတဲ့ သတိပေးချက်ပဲ။ မင်းတို့ကို တတိယ နတ်ဘုရားကျောင်း တိုက်ရိုက် ပို့ပေးနိုင်တဲ့ မှော်အကွဲရာ (၂၀၀) အပြင် မှော်နတ်သမီး နတ်ကွန်း အပြင်ဘက် တိုက်ရိုက်ပြန်ပို့ပေးတဲ့ မှော်အကွဲရာ (၁၀၀)

လည်း ရှိသေးတယ်။ တကယ်လို့ မင်းတို့က အဲ့ဒီမှော်အကွခရာကို အသက်သွင်းမိရင် မှော်နတ်သမီး နတ်ကွန်း နောက်တစ်ကြိမ် ဖွင့်မှပြန်လာခဲ့ကြ”

ဤစကားကို ကြားလျှင် ဒေသခံ မျိုးနွယ်ဝင်များ မျက်နှာ ညှိုးကျသွားသည်။

“စည်းကမ်းချက်က တော်တော်လေး ရိုးရှင်းတယ်။ လူတိုင်း နားလည်မယ်လို့ ထင်တယ်။ မေးခွန်းတွေ မေးစရာ မရှိတော့ရင် ဒုတိယမြောက် နတ်ဘုရားကျောင်းရဲ့ စမ်းသပ်မှုကို တရားဝင် စတင်မယ်”

မှော်အကျွရာများသည် ခေါင်မိုးခုံးပေါ်မှ ပေါ်လာပြီး နတ်ဘုရားကျောင်းထဲ ပျံ့ဝဲ နေသည်။ စက္ကန့်ပိုင်းလေးအတွင်းမှာပင် မှော်အကျွရာများက နတ်ဘုရားကျောင်း တစ်ခုလုံးကို သိမ်းပိုက်သွားပြီး ကြမ်းပြင်သာမက တိုင်များ၊ နံရံများတွင်လည်း တွေ့နေရသည်။

အဝေးမှ လှမ်းကြည့်ပါက မှော်အကျွရာ အရေအတွက်သည် တစ်သိန်း ကျော်သွားသည်။ ထို့ကြောင့် မှော်အကျွရာ တစ်သိန်းကျော်ထဲမှ မှော်အကျွရာ (၂၀၀) ကို ရှာဖွေရမည့် အလုပ်မှာ လွယ်ကူသောအလုပ် မဟုတ်သည်မှာ ထင်ရှားသည်။

ဒေသခံ မျိုးနွယ်စုဝင် (၂၀၀) ကျော်သည် မှော်အကန္ခရာများ ပေါ်လာသည်နှင့် မှန်ကန်သော မှော်အကန္ခရာများကို ရွေးချယ်ရင်း အလုပ်ရှုပ်နေကြသည်။ လူသားများထဲမှ ထက်ဝက်ကျော်သည် ကြောက်လန့်နေပုံရသည်။ ကျန်သည့်လူများက မှန်ကန်သော မှော်အကန္ခရာများကို ရှာဖွေနေကြသော်လည်း အများစုက စိတ်ပျက်နေပုံပင်။

လူတိုင်းက စိန်ခေါ်မှုအတွက် အလုပ်ရှုပ်နေကြစဉ် လူ(၁၀) ဦးကသာ တည်ငြိမ်နေသည်။

ဒုတိယမြောက် စမ်းသပ်မှု စတင်ပြီး (၁၀) မိနစ် မပြည့်ခင် မျိုးနွယ်စုဝင် တစ်ယောက်သည်

နေရာကူးပြောင်းခြင်း မှော်အကွခရာကို အောင်မြင်စွာ အသက်သွင်းနိုင်ခဲ့ပြီး နတ်ကွန်းထဲမှ ပျောက်ကွယ်သွားခဲ့သည်။

ထိုလူက တတိယမြောက် နတ်ဘုရားကျောင်းကို စေလွှတ်ခြင်း ခံရသည်လော။ သို့မဟုတ် မှော်နတ်သမီး နတ်ကွန်း၏ အပြင်ဘက်သို့ စေလွှတ်ခြင်း ခံရသည်လော ဆိုသည်ကို မည်သူမျှ မသိကြချေ။

ပထမလူက နေရာကူးပြောင်းခြင်း မှော်အကွခရာကို အောင်မြင်စွာ အသက်သွင်းပြီးနောက် ဒုတိယမြောက်နှင့် တတိယမြောက် လူများလည်း ထွက်ပေါ်လာသည်။

"ဟားဟား… ငါ တွေ့ပြီ"

မင်းဆက်ထဲမှ ပိန်ပါးသောလူသည် မှော်အကွခရာ ရှေ့တွင် မတ်တပ်ရပ်ပြီး အော်ဟစ်လိုက်သည်။ ထို့နောက် လက်ညှိုးကို ဆန့်တန်းပြီး အသက်သွင်းလိုက်သည်။ ခဏအကြာ အဖြူရောင် အလင်းများ တောက်ပလာပြီး သူ့ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။ နောက်ထပ် အခိုက်အတန့်တွင် နတ်ဘုရားကျောင်းထဲမှ ပျောက်ကွယ် သွားသည်။

အချိန်ကြာလာသည်နှင့်အမျှ နတ်ဘုရားကျောင်းထဲတွင် ကျန်ရစ် ခဲ့သည့် လူအရေအတွက်က နည်းသထက် နည်းလာသည်။

သို့သော်လည်း ဒုတိယမြောက် စမ်းသပ်မှုက မပြီးဆုံးသေးပေ။

တတိယမြောက် နတ်ဘုရားကျောင်းထဲကို ဝင်ရောက်နိုင်သည့် လူများက တတိယမြောက် စမ်းသပ်မှုကို စတင်နိုင်ပြီ ဖြစ်သည်။

"တတိယမြောက် စမ်းသပ်မှုကို ဖန်ခုန်ကစားနည်းလို့ ခေါ်တယ်။ ပါဝင်တဲ့လူတိုင်းကို သီးခြားနေရာတစ်ခုစီ ပို့ပေးမယ်။ အဲ့ဒီက ကြမ်းပြင်ပေါ်မှာ ဇယားကွက် (၁၀၃) ခုရှိတယ်။ စိန်ခေါ်သူက စမှတ်ကနေ အကွက် (၁၀၀) ဝေးတဲ့ အဆုံးမှတ်ကို ရောက်အောင်သွားရမယ်။ ဇယားကွက် တစ်ခုစီတိုင်းမှာ တိုက်ခိုက်ရေး မှော်အကွဲရာ

တစ်ခုရှိတယ်။ တချို့ တိုက်ခိုက်ရေး မှော်အက္ခရာက အစစ် ။ ကျန်တာက အတု ။ တကယ်လို့ မင်းတို့ တက်နင်းမိတဲ့ မှော်အက္ခရာက အစစ်ဖြစ်နေရင် မင်းတို့ ပြုတ်မယ်။ မှားယွင်းတဲ့ မှော်အက္ခရာပေါ် တက်နင်းမိရင်တော့ ဘာမှ မဖြစ်ဘူး”

“တချို့က သုံးဆ မှော်အက္ခရာ ဖြစ်နိုင်တယ်။ တကယ်လို့ မင်းတို့ ပိတ်မိသွားရင် ပြုတ်မယ်”

“ဒီတစ်ကျော့မှာ ပျံသန်းဖို့ ခွင့်မပြုထားဘူး။ နောက်ပြီးတော့ စိတ်ဝိညာဉ် အသချေ စွမ်းအားကိုလည်း အသက်သွင်းနိုင်မှာ မဟုတ်ဘူး”

"စိန်ခေါ်သူတွေက ဘယ်၊ ညာ ၊ရှေ့တည့်တည့်မှာ ရှိတဲ့ အကွက်တွေကို နင်းနိုင်တယ်။ နောက်ပြန်ရွေ့တာ၊ ဒေါင့်ဖြတ် လမ်းလျှောက်တာကို တားမြစ်ထားတယ်။ ကျော်သွားလို့လည်း မရဘူး။ ဧယားကွက်ပေါ်က မှော်အက္ခရာတိုင်းကို ကုဒ်ဖြေဖို့အတွက် မှော်အက္ခရာ စုန်းအတတ်ကို အသုံးပြုနိုင်တယ်"

တတိယမြောက် စမ်းသပ်မှု၏ အခက်အခဲက သိသိသာသာ မြင့်တက်လာခဲ့ပြီ။

.........

မှော်နတ်သမီး နတ်ကွန်းထဲတွင် ရှိနေသော လင်းဟွမ်သည် အပြင်ဘက်၌ မည်သည့်အရာများ

ဖြစ်ပျက်နေလဲ ဆိုသည်ကို မသိပေ။ သူသည် ချိတ်ပိတ်ခြင်းတစ်သောင်း မှော်အကွခရာကို ကုဒ်ဖြေရန် အာရုံစိုက်နေဆဲပင် ။

## အခန်း(၇၁၆) - မှော်အကွရာ ချောက်ကမ်းပါး။

လင်းဟွမ်သည် ချိတ်ပိတ်ခြင်းတစ်သောင်း မှော်အကွရာကို အကြိမ် (၃၀၀) တိုင်တိုင် ကုဒ်ဖြေပြီးနောက် သူ မရင်းနှီးသော မှော်အကွရာကို ပထမဦးဆုံးအကြိမ် တွေ့လိုက်ရသည်။

သွေးရဲရဲလေးက ထိုတာဝန်ကို စက္ကန့်မဆိုင်းဘဲ လက်ခံလိုက်ပြီး ချိတ်ဖွင့်မှော်အကွရာကို လျင်မြန်စွာ ရေးဆွဲလိုက်သည်။

အကြိမ် (၉၀၀) မြောက်တွင် လင်းဟွမ်သည် နောက်တစ်ကြိမ် ထပ်တွေ့လိုက်ရပြီး သွေးရဲရဲလေးက နောက်တစ်ကြိမ် ထပ်မံ၍ အကူအညီပေးလိုက်သည်။

လင်းဟွမ်သည် သွေးရဲရဲလေး၏ အကူအညီနှင့် နှစ်ရက်တိတိ အနားယူခြင်း မရှိဘဲ တိတိကျကျ လုပ်ဆောင်ပြီးနောက် မှော်အကွခရာ (၈၀၀) ကျော် ဖြေရှင်းနိုင်ခဲ့သည်။ မှော်အကွခရာကို အဆက်မပြတ် ချိတ်ဖွင့်နေစဉ် နတ်ကွန်းထဲမှ ထွက်ပေါ်လာသော စွမ်းအင်ကို ခံစားမိသည်။

စွမ်းအင် ထွက်ပေါ်လာရာ ဘက်သို့ လှည့်ကြည့်လိုက်ရာ နတ်ကွန်းထဲတွင် ပိန်ပိန်ပါးပါး

လူငယ်တစ်ယောက် ပေါ်လာပြီး ရွှေရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသည်။

"ဟာ မင်းဆက်ကလူပဲ"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

ကျားရှင်းကလည်း သူနှင့် မီတာ (၁၀၀) ကျော်ခန့် ဝေးသော လင်းဟွမ်ကို သတိထားလိုက်မိသည်။ လင်းဟွမ်ကို မြင်မြင်ချင်း အံ့အားသင့်သွားသော်လည်း မကြာခင် လင်းဟွမ်၏ အထောက်အထားကို အတည်ပြုပြီးနောက် အကဲခတ်နေသည်။

သို့သော်လည်း အစောပိုင်းတွင် ဂူမို ဖော်ပြထားသော စည်းမျဉ်းများကြောင့် လင်းဟွမ်နှင့် စကားပြောရန် အစပျိုးခြင်း မရှိပေ။

လင်းဟွမ်ကလည်း ကျားရှင်းကို တစေ့တစောင်း အကဲခတ်ပြီးနောက် သူ့အာရုံကို ကျောက်ပြားထံ ပြန်ပို့လိုက်သည်။ မော်နတ်သမီး နတ်ကွန်း၏ စည်းမျဉ်းကို သူသိသည်။ ထို့ကြောင့် ထိုလူက သူ့အား တိုက်ခိုက်လာမည်ကို စိုးရိမ်ခြင်း မရှိပေ။

ကျားရှင်းက လင်းဟွမ်ကို တစ်ချက်ကြည့်လိုက်ရုံဖြင့် လင်းဟွမ်က ခရမ်းရောင်မီးလျှံ အဆင့်မှာသာ ရှိသေးကြောင်း သိလိုက်သည်။ အင်မော်တယ် အဆင့်ပင်

မပာုတ်ချေ။ ဤမျှ နိမ့်ကျသော တိုက်ခိုက်ရေးအဆင့်နှင့် မှော်နတ်သမီး နတ်ကွန်းသော့ ပိုင်ဆိုင်ထားသော လင်းပာွမ်ကို ကျိန်းသေပေါက် မနာလို ဖြစ်နေသည်။ ထို့အပြင် လင်းပာွမ်က သူမရောက်ခင် နှစ်ရက်ကြိုပြီး မှော်နတ်သမီး နတ်ကွန်းထဲ ရောက်နေခဲ့သည်။

ကျားရှင်းသည် လင်းပာွမ်ကို စိုက်ကြည့်ပြီးနောက် ရေခဲသေတ္တာထဲတွင် ကျန်ရှိနေသော ရတနာ (၁၁) ခုကို လှမ်းကြည့်လိုက်သည်။

"မှော်နတ်သမီးသွေး ဒီမှာ မရှိတော့ဘူး။ ဟိုကောင် ယူသွားတာပဲ ဖြစ်လိမ့်မယ်"

ကျားရှင်းက လင်းဟွမ်ကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်ပြီး သူ့ မျက်လုံးထဲတွင် လောဘ အခိုးအငွေ့များ ထွက်ပေါ်လာသည်။

ထို့နောက် ရတနာများကို သေသေချာချာ အကဲခတ်နေစဉ် သေတ္တာတစ်လုံးက ရုတ်တရက် တုန်ခါလာသည်။ အဖြူရောင် ကျောက်စိမ်းများနှင့် တူသော အမျှင်များကို ရုတ်တရက် ပစ်လွှတ်လိုက်သည်။ ကျားရှင်း သတိမထားမိလိုက်ခင် သူ့ခန္ဓာကိုယ်ထဲ တိုးဝင်သွားသည်။

ကျားရှင်းသည် ချက်ချင်း တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး သူ့ရရှိသော ပစ္စည်းများကို စတင် အစာ ချေဖျက်လိုက်သည်။

ခဏအကြာ နတ်ကွန်းထဲမှ နေရာသည် တုန်ခါလာပြီးနောက် ဒေသခံ မျိုးနွယ်ဝင်တစ်ယောက်ကို စေလွှတ်လိုက်သည်။ အရပ် (၂) မီတာကျော် ရှည်သော ဝက်ဝံပုံစံ ဖြစ်သည်။

ကျားရှင်းက မျက်လုံးတစ်ဖက် ဖွင့်၍ ထိုကောင်လေးကို တစ်ချက် စွေကြည့်လိုက်သည်။ ထို့နောက် မျက်လုံးပြန်မှိတ်ကာ လုပ်စရာ ရှိသည်ကို ဆက်လုပ်နေသည်။

ယခုတစ်ကြိမ်တွင် လင်းဟွမ်သည် လှည့်ကြည့်ရန် စိတ်မဝင်စားပေ။ ပထမလူ ရောက်လာပြီး ကတည်းက နောက်ပိုင်းတွင် ရောက်လာမည့် လူများက ပိုများလာမည်ကို သူ သိနေသည်။

မကြာခင် ဒူရှောင်သည် လင်းဟွမ်နှင့် ကျားရှင်းကို သတိထား လိုက်မိသည်။ ကျားရှင်း၏ ထူးချွန်ပြောင်မြောက်သော စွမ်းရည်ကြောင့် ကျားရှင်းကို ရင်းနှီးနေပြီး သတိပြုမိရန် မခက်ပေ။ သို့သော်လည်း ရတနာပစ္စည်း (၁၂) ခုထဲမှနှစ်ခု ပျောက်ဆုံးနေသည်ကို မြင်လိုက်လျှင် လင်းဟွမ်၏ အထောက်အထားကို အတည်ပြုနိုင်ခဲ့သည်။

ဒေသခံ မျိုးနွယ်ဝင်တစ်ယောက် အနေနှင့် မှော်နတ်သမီး နတ်ကွန်းသော့ကို ရရှိခဲ့သည့် လင်းဟွမ်ကို အကဲခတ်နေပြီးနောက် လင်းဟွမ်ကို တိတ်တဆိတ် မှတ်ထားလိုက်သည်။

ခဏအကြာ အခန်းက နောက်တစ်ကြိမ် တုန်ခါလာပြန်သည်။

ဒူရှောင်ရှေ့တွင် စာအုပ်တစ်အုပ်က ဖြည်းညင်းစွာ လွင့်မျောနေသည်။ သူက လက်ကို ဆန့်တန်းပြီး ရွေးချယ်ထားသော ပစ္စည်းကို လှမ်း ထိလိုက်သည်။ စာအုပ်သည် အလင်းတန်းတစ်ခုအဖြစ် ပေါင်းစပ်သွားပြီး ဒူရှောင်၏ မျက်ခုံးကြားထဲ တိုးဝင်သွားသည်။ ချက်ချင်း

ဆိုသလို ဒူရှောင်က တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး သူ ရရှိထားသော ပစ္စည်းကို အစာချေဖျက်နေသည်။

(၁၀) နာရီ ကုန်လွန်သွားသည်။

ထို (၁၀) နာရီ အတွင်း၌ လင်းဟွမ်က ချိတ်ပိတ်ခြင်း တစ်သောင်း မှော်အကွခရာကို ချိတ်မဖွင့်နိုင်ခင် နတ်ကွန်းထဲ လူငါးယောက် ရောက်လာခဲ့သည်။

ထို့နောက် ဝူမိုသည် လင်းဟွမ်ရှေ့မှ ကျောက်ပြားကို ညွှန်ပြလိုက်သည်။

သူတို့သည် ချိတ်ပိတ်ခြင်းတစ်သောင်း မှော်အကွခရာကို စတင် အကဲဖြတ်ကြသည်။

နောက်ဆုံး၌ နာရီ (၆၀) နီးပါး အနားယူခြင်း မရှိဘဲ ဆက်တိုက် အလုပ်လုပ်ခဲ့သော လင်းဟွမ်သည် နောက်ဆုံးတစ်ခုဖြစ်သည့် ချိတ်ပိတ်ခြင်း မော်အကွခရာကို ချိတ်ဖွင့်နိုင်ခဲ့သည်။။။

ကျောက်ပြား၏ အပြင်ဘက် ကိုယ်ထည်သည် ကွဲအက်သွားပြီး အနက်ရောင် ကြေးသတ္တု ပေါ်လာသည်။

မကြာခင် လင်းဟွမ်ရှေ့တွင် ကျောက်ပြား အပြည့်အစုံ ပေါ်လာပြီး သတ္တုတံခါး တစ်ချပ်အဖြစ် ပြောင်းလဲသွားသည်။ အပြင်ဘက် ကိုယ်ထည် အပြည့်အဝ ဖွဲ့စည်းပြီးသွားသည်နှင့် တံခါးက လျင်မြန်စွာ

ကျယ်ပြန့်လာပြီး မကြာခင် အမြင့် (၃) မီတာ၊ အကျယ် (၁)မီတာ ရှိသော တံခါးကြီး ဖြစ်လာခဲ့သည်။

လင်းဟွမ်ဘက်မှ ဖြစ်ပျက်နေသော အပြောင်းအလဲက လူငါးယောက်ကို စွဲဆောင်သွားသည်။ ကျန်သည့် လေးယောက်က သူတို့ လုပ်လက်စအလုပ်ကို ချက်ချင်း အာရုံ ပြန်ပြောင်းခဲ့သော်လည်း ကျားရှင်းက ထိုကဲ့သို့ မလုပ်ခဲ့ပေ။ အန္တရာယ် ပေးချင်သော မျက်လုံးများနှင့် လင်းဟွမ်ကို စိုက်ကြည့်နေသော်လည်း သူ့လက်များက မှော်အက္ခရာအား ကုတ်ဖြေနေခြင်းကို မရပ်တန့်ခဲ့ပေ။ မျက်လုံးမှိတ်ပြီး ကုဒ်ဖြေနေသကဲ့သို့ပင်။

ဒါကို လင်းဟွမ်က မမြင်ခဲ့သလို အခြား လေးယောက်ကလည်း မတွေ့ခဲ့ပေ။

လင်းဟွမ်က တံခါးရှေ့တွင် မတ်တပ်ရပ်နေသော်လည်း တွန်း မဖွင့်သေးပေ။ ထိုအခိုက်အတန့်တွင် လင်းဟွမ်ဘေး၌ ဝူမို ပေါ်လာပြီး

"ကျေးဇူးပြုပြီး အထဲဝင်ပါ။ နောက်ထပ် စမ်းသပ်မှုက မှော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံရမလား၊ မရဘူးလားဆိုတဲ့ အရေးကြီးတဲ့ အဓိက စမ်းသပ်မှုပဲ"

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး လက်ကို ဆန့်တန်းကာ တံခါးကို တွန်းဖွင့်လိုက်သည်။ ထို့နောက်

တံခါးနောက်မှ မှောင်မိုက်သော နေရာသို့ လျှောက်သွားလိုက်သည်။

လင်းဟွမ် ပျောက်ကွယ် သွားသည်နှင့် ကြေးတံခါးသည် မှေးမှိန်သွားပြီး ကျောက်ပြားအဖြစ် ပြန်ပြောင်းသွားသည်။

ထို့နောက် ဝူမိသည် နောက်ပြန်လှည့်လိုက်ပြီး လင်းဟွမ်ကို စိုက်ကြည့်နေခဲ့သော ကျားရှင်းနှင့် အကြည့်ချင်း ဆုံသွားသည်။

ကျားရှင်းက သူမကို တစ်ချက် စိုက်ကြည့်ခဲ့ပြီး မကြာခင် သူ့အကြည့်ကို သူ့ရှေ့က ကျောက်ပြားထံ ပြန်ပို့လိုက်သည်။

လင်းဟွမ်သည် တံခါးထဲ ဝင်ပြီးနောက် အလွန်မြင့်မားသော ချောက်ကမ်းပါး တစ်ခုရှေ့တွင် ပေါ်လာသည်။ ချောက်ကမ်းပါးသည် မီတာ ထောင်ပေါင်းများစွာ မြင့်မားသည်။ ချောက်ကမ်းပါး ပေါ်တွင် ပြီးပြည့်စုံသော လက်ရာများနှင့် အနုစိပ် ပြုလုပ်ထားသော မှော်အကွခရာများက အမျိုးအစား စုံလင်စွာ ရှိနေသည်။ အနည်းဆုံး အရေအတွက် တစ်သိန်း သို့မဟုတ် သန်းပေါင်းများစွာ ရှိနိုင်သည်။

ဝူမို၏အသံကို နောက်တစ်ကြိမ် ထပ်ကြားလိုက်ရသည်။

"မှော်အက္ခရာ ချောက်ကမ်းပါးမှာ မှော်အက္ခရာပေါင်း (၁,၀၈၀,၀၀၀) ရှိတယ်။ ဒီမှော်အက္ခရာ အားလုံးကို အလွတ်ကျက်ဖို့ သုံးရက် အချိန်ပေးမယ်။ (၃) ရက်အတွင်း ပြီးအောင် မလုပ်နိုင်ရင် မှော်နတ်သမီး မှတ်ဉာဏ်ကို အမွေဆက်ခံဖို့ အရည်အချင်း မပြည့်မီဘူး။ မင်းရဲ့ မှတ်ဉာဏ်ထဲကလည်း မှော်အက္ခရာ ချောက်ကမ်းပါထဲမှာ မြင်ခဲ့တဲ့ အရာတွေအားလုံးကို ပြန်ဖျက်မယ်"

"(၃) ရက်အတွင်း မှော်အက္ခရာပေါင်း (၁,၀၈၀,၀၀၀) ကို အလွတ်ကျက်ရမယ်.."

လင်းဟွမ်သည် ဒါကို လုပ်နိုင်လိမ့်မည်ဟု ယုံကြည်ချက် မရှိပေ။ သွေးရဲရဲလေးလည်း လုပ်နိုင်ပါ့မလား ဆိုသည်ကိုပင် ဇဝေဇဝါ ဖြစ်နေသည်။

"မင်းကို အကူအညီပေးဖို့ မင်းရဲ့ အိမ်မွေးတိရစ္ဆာန်ကို အကူအညီ တောင်းနိုင်တယ်။ သူ အလွတ်ကျက်တာကိုတော့ ထည့်သွင်း စဉ်းစားမှာ မဟုတ်ဘူး။ မင်း ကိုယ်တိုင် အလွတ်ကျက်ရမယ်"

"စုန်းအတတ် မှော်အကဒ္ဓရာမှာ သူ့အရည်အချင်းက မင်းနဲ့ယှဉ်ရင် သာလွန်တယ်။ ဒါပေမယ့် မွန်းစတားတစ်ကောင် ဖြစ်နေလို့ မှော်နတ်သမီး မှတ်ဉာဏ်ကို အမွေဆက်ခံနိုင်စွမ်း မရှိဘူး"

ဝူမို စိတ်ပျက်သွားသည်။ အကယ်၍ ၎င်းသာ လူသားတစ်ယောက် ဖြစ်ပါက သူမ၏မှတ်ဉာဏ်ကို အမွေဆက်ခံနိုင်မည့် လူတစ်ယောက် ဖြစ်လာလိမ့်မည်။

"သွေးရဲရဲလေး...မင်းကို အားကိုးရမှာပဲ.."

လင်းဟွမ်က သူ့ဘာသာသူ မလုပ်နိုင်ကြောင်း သိနေသည်။

သွေးရဲရဲလေးက ခေါင်းညိတ်ပြီး ပြီးပြည့်စုံသော မှော်အကၡရာများကို အလွတ် ကျက်တော့သည်။

လင်းဟွမ်လည်း ရွေးချယ်စရာ မရှိသဖြင့် ပြီးပြည့်စုံသော မှော်အကၡရာများကို တစ်ခုပြီးတစ်ခု အလွတ် ကျက်မှတ်နေခဲ့သည်။ သို့သော်လည်း သူ၏

ကျက်မှတ်မှုနှုန်းက နှေးကွေးလွန်းသည်။ တစ်ရက်လျှင် မှော်အကၡရာ နှစ်သောင်းအောက်သာ ကျက်မှတ်နိုင်၏။

သွေးရဲရဲလေးပင် တစ်ရက်အတွင်း၌ စုစုပေါင်း မှော်အကၡရာ အရေအတွက်၏ တစ်ဝက်အောက်သာ အလွတ် ကျက်မှတ်နိုင်သည်။

"နေ့လယ်တောင် ရောက်သွားပြီး ငါတို့မှာ အချိန် မလောက်တော့ဘူး"

လင်းဟွမ်သည် သူတို့၏ စွမ်းဆောင်မှုအရ ဒါကို အောင်မြင်နိုင်တော့မည် မဟုတ်ကြောင်း သိနေသည်။ ထို့ကြောင့် အဖြေတစ်ခု စတင်စဉ်းစားရန် မျက်မှောင်

ကြုတ်သွားသည်။ အတွေးထဲ နစ်မြုပ်နေစဉ် ခေါင်းထဲ၌ အကြံတစ်ခု ရုတ်တရက် ပေါ်လာသည်။

ထို့နောက် သူ့လက်ထဲတွင် ရွှေရောင် ကတ်တစ်ကတ် ပေါ်လာသည်။

## အခန်း(၇၁၇) - ဉာဏ်အလင်းပွင့်ကတ်။

"ဉာဏ်အလင်းပွင့်ကတ် - အသုံးပြုသူကို ဉာဏ်အလင်းပွင့်နိုင်တဲ့ အခွင့်အရေး ပေးတယ်"

"မှတ်ချက် - ကုန်ဆုံးနိုင်တဲ့ ကတ်ဖြစ်ပြီး တစ်ကြိမ်သာ အသုံးပြုနိုင်တယ်"

"ထိရောက်မှု - အချိန်ကာလနဲ့ အကျိုးသက်ရောက်မှုက အသုံးပြုသူရဲ့ အထောက်အထားနဲ့ အရည်အချင်းပေါ် မူတည်တယ်"

လင်းဟွမ်သည် သူ့လက်ထဲမှ ဉာဏ်အလင်းပွင့်ကတ်ကို ကြည့်ပြီး စိတ်ရှုပ်သွားသည်။ နှစ်နှစ်အတွင်းတွင် ဤကဲ့သို့ကတ်မျိုး သုံးခုသာရခဲ့ပြီး တစ်ခုကိုသာ အသုံးပြုခဲ့ဖူးသေးသည်။ သို့သော်လည်း အနာဂတ်တွင် ကတ်အား ဖလှယ်နိုင်သည်ကို တွေးတောပြီးနောက် စိတ်သက်သာရာ ရသွားသည်။

မည်သို့ပင် ဆိုစေကာမူ ဉာဏ်အလင်းပွင့်ကတ် တစ်ကတ် သို့မဟုတ် နှစ်ကတ်ကို အသုံးပြုခြင်းက အစစ်မှန် နတ်ဘုရား၏ မှတ်ဉာဏ်ကို အမွေဆက်ခံနိုင်ရန် သေချာစေသည်။

လင်းဟွမ်သည် တွေဝေခြင်း မရှိတော့ဘဲ ဉာဏ်အလင်းပွင့်ကတ်ကို ချေမွလိုက်သည်။

ကတ်သည် ရွှေရောင်တောက်ပလာပြီး လင်းဟွမ် မျက်ခုံးကြားထဲ တိုးဝင်သွားသော်လည်း ဝူမိုက ထိုအချက်ကို သတိမထားမိပေ။

ဉာဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှု ပေါ်လာသည်နှင့် တပြိုင်နက် လင်းဟွမ်၏ အတွေးများသည် ယခင်ကထက် ပိုမို ရှင်းလင်းလာပြီး သူ့ဦးနှောက်သည် ခန္ဓာကိုယ်ထဲက ခွဲထွက်သွားသလို ခံစားလိုက်ရသည်။

ကမ္ဘာကြီးအား ကြည့်ရသည်မှာ မြူခိုးများ ရှင်းလင်းသွားသလို မယုံကြည်စရာ ကောင်းလှ၏။ အတိတ်က မမြင်နိုင်ခဲ့သော မြင်ကွင်းများသည် ယခုအခါ ရှင်းရှင်းလင်းလင်း မြင်လာရသည်။

ချောက်ကမ်းပါးပေါ်ရှိ မှော်အကျွရာများပင် ရိုးရှင်းသော မှော်အကျွရာများနှင့် တူလာသည်။ ထိုအစား အရေအတွက်သာ ဖြစ်လာသည်။

လင်းဟွမ်အား ခေါင်းရှုပ်၍ ရူးကြောင်မူးကြောင် ဖြစ်စေခဲ့သော မှော်အကျွရာ လိုင်းကြောင်းများသည် ရိုးရှင်းသော လိုင်းကြောင်းများ ဖြစ်လာခဲ့သည်။

လင်းဟွမ်သည် အဓိပ္ပာယ်များကို ချက်ချင်း ဖော်ထုတ်လာနိုင်သည်။

လင်းဟွမ်သည် ချောက်ကမ်းပါးကို နောက်တစ်ကြိမ် ပြန်ကြည့်သောအခါ ရှုပ်ထွေးပွေလီသော မော်အကၡရာများကို တစ်ချက်ကြည့်ရုံနှင့် မှတ်သားနိုင်ခဲ့သည်။

မော်အကၡရာ၏ အခြေခံ ဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ အပြုသဘော ဆောင်သော အကျိုးသက်ရောက်မှု အားလုံးကို ကောင်းကောင်း နားလည်လာသည်။

ဉာဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှုမှာ လင်းဟွမ်၏ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။

မကြာခင် တစ်ရက်တာ ကုန်ဆုံးသွားခဲ့သော်လည်း ဥဒဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှုက ဆက်လက် တည်ရှိနေသေးသည်။

လင်းဟွမ်သည် ဥဒဏ်အလင်းပွင့်ကတ်၏ အကူအညီနှင့် မှော်အကွာရာ (၁,၀၈၀,၀၀၀) ထဲမှ (၆) သိန်းကျော်ကို အလွတ် ကျက်မှတ်နိုင်ခဲ့သည်။ သူ၏ တိုးတက်မှုမှာ သွေးရဲရဲလေးကို အမီလိုက်နိုင်ခဲ့သည်။

ဝူမိုသည် လင်းဟွမ်က ဥဒဏ်အလင်းပွင့်ကတ်ကို အသုံးပြုခဲ့ကြောင်း မသိသော်လည်း လင်းဟွမ်က ဥဒဏ်အလင်းပွင့်သည့် အခြေအနေထဲ ရောက်ရှိနေကြောင်း သတိထားမိသည်။

လင်းဟွမ်၏ မော်တာအိုက အားမနည်းကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိပြီး လင်းဟွမ်က ကံကောင်းသည်ဟု သူမ တွေးလိုက်မိသည်။

မော်နတ်သမီး မျှော်စင်ကို ဖြတ်ကျော်စဉ်က သွေးရဲရဲလေးအား မှီခိုအားထားခဲ့ရသည်။ ထို့ကြောင့် မော်နတ်သမီး၏ မှတ်ဉာဏ်ကို အမွေ ဆက်ခံနိုင်လိမ့်မည်ဟု သူမ မယုံကြည်ပေ။ ကံစမ်းရန် အခွင့်အရေးပေးရုံမျှသာ။ သို့သော်လည်း နောက်ဆုံးမိနစ်မှ ကပ်၍ လင်းဟွမ်က ဉာဏ်အလင်းပွင့်သော အခြေအနေထဲ ဝင်ရောက်သွားလိမ့်မည်ဟု သူမ မထင်ထားခဲ့ချေ။

ဥဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှုသည် နောက်တစ်နေ့ မွန်းလွဲပိုင်းအထိ ကြာမြင့်ခဲ့သည်။

လင်းဟွမ်သည် မှော်အက္ခရာ (၁၀) သိန်း (၈) သောင်းကို အလွတ်ကျက်မှတ် ပြီးသွားသည့်အချိန်၌ ထိရောက်မှု မရှိတော့ချေ။ လင်းဟွမ် ပြီးဆုံးသွားသည့်တိုင်အောင် သွေးရဲရဲလေးက အလွတ်ကျက်မှတ်၍ မပြီးသေးချေ။

"နောက်ဆုံးအချိန်မှ ကပ်ပြီး ဥဏ်အလင်းပွင့်သွားတာ မင်း တော်တော်လေး ကံကောင်းတယ်"

ဝူမိုက မသဲမကွဲ ရေရွတ်လိုက်သည်။

"ဟုတ်တယ်… ငါ ကံကောင်းသွားတာ…"

လင်းဟွမ်သည် ရှောင်ဖိန်၏ကတ်ကို သူမ မမြင်နိုင်ကြောင်း သိနေသဖြင့် ကံတရားကြောင့်ဟု လွဲမှားစွာ ကောက်ချက်ချသည့် အပေါ်၌ မငြင်းဘဲ ခေါင်းညိတ်လိုက်သည်။

"နောက်ဆုံးအကြိမ် စမ်းသပ်မှုက အလွတ်ကျက်မှတ်ရတာလောက် မရိုးရှင်းဘူး"

ဝူမိုက တည်ငြိမ်စွာ ပြောလိုက်သည်။

လင်းဟွမ်က နောက်ဆုံးစမ်းသပ်မှုကို ဖြတ်ကျော်နိုင်လိမ့်မည်ဟု သူမ မထင်ထားခဲ့သည်မှာ အထင်အရှားပင်။

"အဆင်ပြေတယ်။ စိန်ခေါ်မှုကို လက်ခံဖို့အတွက် လုံလောက်တဲ့ ယုံကြည်ချက် ငါ့မှာရှိတယ်"

လင်းဟွမ်သည် မော်အက္ခရာ အားလုံးကို အလွတ်ကျက်မှတ်နိုင်ပြီးနောက် ယုံကြည်ချက် အားကောင်းလာပြီး အကောင်း မြင်လာသည်။

"မင်း သေချာလား..."

ဝူမိုသည် လင်းဟွမ်စကားကို ကြားလျှင် နောက်ပြန်လှည့် ကြည့်ပြီး ခနဲ့သလိုလို၊ လှောင်သလိုလို ပြုံးလိုက်သည်။

"ဒါပေါ့... ငါပဲဟာ... ဘာကြောင့် ရှုံးရမှာလဲ..."

လင်းဟွမ်က အကောင်းမြင်စိတ်နှင့် ဖြေလိုက်သည်။

"ကောင်းပြီလေ။ တကယ်လို့ လုပ်နိုင်ရင် ငါ ကျေနပ်မိမှာပဲ။ ဒါပေမယ့် မအောင်မြင်ရင်လည်း ငါ့မျှော်လင့်ချက် ထဲမှာပဲ ရှိသေးတယ်"

"ဒီစကားရဲ့ အဓိပ္ပာယ်က မင်းကိုယ်မင်း တကယ် ယုံကြည်ချက် မရှိဘူးလို့ ပြောလိုက်တာပဲ"

ဝူမို နှုတ်ခမ်းစူသွားသည်။

"စိန်ခေါ်မှုကို လက်ခံဖို့ ယုံကြည်ချက်ရှိရုံနဲ့ ကျော်ဖြတ်နိုင်မယ်လို့ ဆိုလိုတာ မဟုတ်ဘူး"

လင်းဟွမ်က ပြုံးပြီး အမှန်အတိုင်း ပြောလိုက်သည်။

“ဒါဆိုရင် နောက်ထပ် စိန်ခေါ်မှုကို လက်ခံဖို့ အဆင်သင့် ဖြစ်နေပြီလား…”

ဝူမိုက မျက်ခုံးပင့်ပြီး မေးလိုက်သည်။

“သွေးရဲရဲလေး ပြီးတဲ့အထိ ခဏစောင့်ရအောင်…”

လင်းဟွမ်က အဆိုပြုလိုက်သည်။

“နောက်ပြီးတော့ ငါကလည်း အလွတ် ကျက်ထားတာတွေကို ပြန်နွေးချင်သေးတယ်”

“ကောင်းပြီလေ။ ဒါဆိုလည်း စောင့်မယ်”

ဝူမိုက ခေါင်းညိတ်ပြီး သဘောတူပေးလိုက်သည်။

လင်းဟွမ်သည် သွေးရဲရဲလေးနှင့် မနီးမဝေးတွင် ခြေထောက်များကို တင်ပျဉ်ခွေ ချိတ်ထိုင်ပြီး အလွတ်ကျက်မှတ်ထားသော အရာများကို ပြန်နွှေးနေလိုက်သည်။

လင်းဟွမ်သည် နှစ်ကြိမ်တိုင်တိုင် ပြန်နွှေးပြီးနောက် မျက်လုံးကို ဖြည်းဖြည်းချင်း ပြန်ဖွင့်လိုက်သည်။

သွေးရဲရဲလေး အလုပ်များ နေသေးကြောင်း မြင်လိုက်လျှင် မနှောင့်ယှက်ဘဲ စိတ်ရှည်ရှည် စောင့်ဆိုင်းပေးနေသည်။

"မင်းက မင်းရဲ့ အိမ်မွေးတိရိစ္ဆာန် အပေါ်မှာ တော်တော်လေး ကြင်နာတာပဲ"

ဝူမိုသည် လင်းဟွမ်က ဘာမှမလုပ်သည်ကို မြင်လျှင် မှတ်ချက်ပေးလိုက်သည်။

"သွေးရဲရဲလေးက အရင်ကတည်းက ငါ့ကို အများကြီး ကူညီခဲ့တယ်။ ဒါက ငါ့မှာရှိတဲ့ အိမ်မွေး မွန်းစတားတွေထဲမှာ ဉာဏ်ရည်အမြင့်ဆုံး မွန်းစတားပဲ..."

သွေးရဲရဲလေး ဆိုသည်မှာ လင်းဟွမ် အယုံကြည်ရဆုံး လက်တွဲဖော်ပင် ။

"သွေးရဲရဲလို့ ခေါ်တာလား... ငါက ခရမ်းရောင်လေးလို့ ထင်နေတာ..."

ဝူမိုသည် လင်းဟွမ်ကို အရောင်ကန်းနေလားဟု မေးလိုက်ချင်သော်လည်း ထိုအစား ထူးဆန်းသော အမူအရာနှင့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

“နဂိုအရောင်က အနီရောင်။ သန္ဓေပြောင်းပြီးမှ ဒီလိုပုံစံဖြစ်လာတာ... ဒါနဲ့ ငါလည်း နာမည်ပြောင်းဖို့ စိတ်မပါလို့ အရင်အတိုင်းပဲ ဆက်ခေါ်နေတာ”

လင်းဟွမ်က ရှင်းပြလိုက်သည်။

“သြော်... ငါသဘောပေါက်ပြီ။ အနည်းဆုံးတော့ မင်း အရောင်ကန်းနေတာ မဟုတ်ဘူးပဲ”

လင်းဟွမ် ဆွံ့အသွားသည်။

ခဏမျှ နှစ်ယောက်လုံး တိတ်ဆိတ်သွားပြီး

လင်းဟွမ်က...

"မင်းမှာကျန်နေတဲ့ အသိစိတ်နဲ့ ခန္ဓာကိုယ် အစစ်အမှန် ပြန်ပြောင်းလို့ရလား"

"သဘောတရား အရတော့ လုပ်နိုင်တယ်။ ဒါပေမယ့် အရမ်းခက်တယ်..."

ဝူမိုက လင်းဟွမ်ကို တစ်ချက် စိုက်ကြည့်ပြီးနောက် အချိန် အကြာကြီး တိတ်ဆိတ်သွားပြီးနောက် ပြောလိုက်သည်။

"ရိုးရိုးသားသား ပြောရရင် သိပ်ပြီး မမျှော်လင့်ထားဘူး"

"သဘောတရားအရ ဖြစ်နိုင်သေးတယ် ဆိုရင် မျှော်လင့်ချက်ရောင်ခြည် ရှိသေးတာပေါ့။ မင်းကို ဘယ်လို ကူညီပေးရမလဲ။ ငါ လုပ်နိုင်တာ တစ်ခုခုရှိရင် ပြော"

လင်းဟွမ်က ကမ်းလှမ်းလိုက်သည်။

"မင်းရဲ့ တိုက်ခိုက်ရေး အဆင့်နဲ့လား... ။ မေ့ထားလိုက်ပါကွာ။ မင်းသာ အစစ်အမှန် နတ်ဘုရားဖြစ်လာမယ် ဆိုရင်တော့ ကူညီပေးနိုင်လိမ့်မယ်"

ဝူမိုက ရယ်မောလိုက်ပြီး...

“ဒါပေမယ့် မင်း ဘယ်အချိန်မှ အစစ်မှန်နတ်ဘုရား ဖြစ်လာမယ်ဆိုတာ ငါ မသိဘူး”

“ဒီတိုင်းထိုင်နေမယ့် အစား ဘာဖြစ်လို့ မကြိုးစား ကြည့်တာလဲ။ ဒီအဖြစ်အပျက်တွေ အကုန် ပြီးသွားရင် ငါနဲ့အတူ လိုက်ခဲ့ပါလား။ မင်းကို ခန္ဓာကိုယ်အစစ်အမှန် ပြန်ပြောင်းပေးနိုင်ဖို့ နည်းလမ်း ရှာကြတာပေါ့”

လင်းဟွမ်က အဆိုပြုလိုက်သည်။

“မင်း ခေါ်သွားချင်ရင် ငါ့ရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံနိုင်အောင် အရင်ဆုံး ကြိုးစားလိုက်။ နောက်မှဆက်ပြောရအောင်။ ဒီလိုမှမဟုတ်ရင် ငါ ထွက်သွားမှာ မဟုတ်ဘူး…”

ဝူမိုသည် စကားမပြောခင် ခဏမျှ တိတ်ဆိတ်သွားပြီးနောက်...

" အရင်ဆုံး ရှင်းရှင်းလင်းလင်း ပြောထားရမယ့် အချက်တစ်ချက် ရှိသေးတယ်။ တကယ်လို့ ငါက မှော်နတ်သမီး နတ်ကွန်းထဲက ထွက်သွားရင် အစစ်အမှန် နတ်ဘုရားရဲ့ သွေးစက်ထဲမှာပဲ နေနိုင်တယ်။ နောက်ပြီးတော့ ငါ အိပ်ပျော်နေလိမ့်မယ်။ မင်းကို အကူအညီပေးနိုင်မှာ မဟုတ်ဘူး"

"မင်း အိပ်မပျော်ရင်တောင် မင်းရဲ့ လက်ရှိ အခြေအနေနဲ့ ငါ့ကို ကူညီပေးနိုင်တာ ဘာမှသိပ်မရှိဘူး ထင်တယ်"

လင်းဟွမ်က ရယ်မောပြီး ခေါင်းခါလိုက်သည်။

"မင်းရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံနိုင်ဖို့အတွက် အစွမ်းကုန် ကြိုးစားမယ်။ ဒါပေမယ့် မင်း ပြန်ကောင်းသွားပြီး မူလ အခြေအနေ ပြန်ရောက်သွားရင် ငါ့ကို မမေ့နဲ့နော်"

"ရတယ်လေ...."

ဝူမိုက ပြုံးလိုက်သည်။

အချိန် ကုန်ဆုံးလာပြီး ညနက်လာသည်။

နောက်ဆုံး၌ သန်းခေါင်ယံ အချိန်တွင် သွေးရဲရဲလေးသည် ချောက်ကမ်းပါးပေါ်က အရာအားလုံးကို ကျက်မှတ်၍ ပြီးသွားခဲ့ပြီ။

လင်းဟွမ်က သွေးရဲရဲလေးကို ပြန်သိမ်းပြီးနောက် ဝူမိုထံ လှမ်းကြည့်လိုက်သည်။

"ကဲ... စလိုက်ရအောင်..."

# အခန်း(၇၁၈) - နောက်ဆုံး စမ်းသပ်မှု။

“နောက်ဆုံး စမ်းသပ်မှုက ဘာလဲ......၊ လက်တွေ့ တိုက်ပွဲလား..”

လင်းဟွမ်သည် မှော်နတ်သမီး နတ်ကွန်း၏ အလေ့အထကို အခြေခံ၍ အကြမ်းဖျင်း ခန့်မှန်းချက် တစ်ခု ပေးလိုက်သည်။

“လက်တွေ့ တိုက်ပွဲတော့ မဟုတ်ဘူး။ စုန်းအတတ် မှော်အကွရာကို ကောင်းကောင်း ကျွမ်းကျင်သွားတာနဲ့ လက်တွေ့တိုက်ပွဲမှာ ကောင်းကောင်း အသုံးချနိုင်မှာပါ။

နောက်ပြီးတော့ မင်း ဒီကို ရောက်လာကတည်းက လက်တွေ့တိုက်ပွဲကို သက်သေပြပြီးသွားပြီ။ နောက်ဆုံး စမ်းသပ်မှုက လက်တွေ့တိုက်ပွဲဆိုရင် အဓိပ္ပာယ် မရှိတော့ဘူး”

ဝူမိုက နတ်ဆိုးဆန်သောအပြုံး ပြုံးလိုက်သည်။

“လက်တွေ့တိုက်ပွဲ မဟုတ်ရင် ဘာဖြစ်မလဲ”

လင်းဟွမ် လုံးဝ မသိတော့ချေ။

“မင်းက မှော်အက္ခရာလိုင်း အသစ်တွေနဲ့ ပြီးပြည့်စုံတဲ့ မှော်အက္ခရာတစ်ခု ဖန်တီးရမယ်”

ထိုကဲ့သို့ ကြေငြာသည့်အချိန်တွင် ဝူမို၏မျက်နှာက လေးနက် တည်ကြည်နေသည်။

"မှော်အက္ခရာလိုင်း အသစ် ဖန်တီးရမယ် ဟုတ်လား....."

လင်းဟွမ် ကြောင်သွားသည်။

"ဟုတ်တယ်။ စုန်းအတတ် မှော်အက္ခရာမှာ အခြေခံ မှော်အက္ခရာလိုင်း စုစုပေါင်း (၁၀၈) လိုင်း ပါတယ်။ ငါတို့ ခေတ်မှာတော့ အဆင့်မြင့် မှော်အက္ခရာလိုင်း (၃၆) လိုင်းကို အများက သုံးတယ်။ မှော်အက္ခရာလိုင်း (၉) လိုင်းလည်း ရှိသေးတယ်။ မနေ့က မင်း အလွတ်ကျက်ခဲ့တဲ့

ဆယ်သိန်းရှစ်သောင်းထဲမှာ မှော်အက္ခရာလိုင်း အသစ်တွေ အများကြီးပါတယ်ဆိုတာ သဘောပေါက်သင့်တယ်”

ဝူမိုက ဆက်ပြောလိုက်သည်။

“ဟုတ်တယ်။ အဲ့ဒီထဲက (၇၆) ခုက မှော်အက္ခရာလိုင်း အသစ်တွေပဲ”

“အဲ့ဒါက ငါတို့ခေတ်တုန်းက အတုယောင် နတ်ဘုရား ထောက်ပံ့ခဲ့တဲ့ မှော်အက္ခရာလိုင်း အသစ်တွေပဲ။ ပြီးပြည့်စုံတဲ့ ဒီမှော်အက္ခရာ ဆယ်သိန်းရှစ်သောင်းက အခြေခံအားဖြင့်တော့ ငါတို့ခေတ်မှာ စွယ်စုံကျမ်း တစ်ခုပဲ။ အဲ့ဒါကို တီထွင်ဖို့အတွက် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရတယ်။ ငါ့တို့ ကိုယ်ပိုင် သီးသန့်သုံးတဲ့

မှော်အက္ခရာ လိုင်းတွေနဲ့ မှတ်တမ်းမတင်ထားတဲ့ မှော်အက္ခရာ လိုင်းတွေကလွဲရင် အဲ့ဒီခေတ်ကာလမှာ ရနိုင်တဲ့ မှော်အက္ခရာလိုင်းတွေ အကုန်လုံး အကျုံးဝင်တယ်”

“ဒါပေမယ့် အခြားသူတွေ ပိုင်ဆိုင်တဲ့ မှော်အက္ခရာ လိုင်းတွေလည်း ရှိသေးတယ်။ အရည်အချင်း ပြည့်မီတဲ့ မှော်ဆရာ တစ်ယောက်ဖြစ်ဖို့ဆိုရင် မင်းက ကိုယ်ပိုင် မှော်အက္ခရာလိုင်း ဖန်တီးနိုင်ရမယ်။ ဒါကြောင့် ငါ့ရဲ့နောက်ဆုံး စမ်းသပ်မှုက မင်းကို တကယ့်မှော်ဆရာ တစ်ယောက် ဖြစ်လာစေရမယ်”

"နောက်ဆုံး စမ်းသပ်မှုကို ကျော်ဖြတ်နိုင်ဖို့အတွက် အနည်းဆုံး မှော်အက္ခရာလိုင်း (၃) ခု ဖန်တီးပြီးတော့ ပြီးပြည့်စုံတဲ့ မှော်အက္ခရာ (၃,၀၀၀) ဖန်တီးရမယ်"

ဝူမိုက နောက်ဆုံး စမ်းသပ်မှုနှင့် ပတ်သက်သော အကြောင်းအရာ အတိအကျကို မှျဝေလိုက်သည်။

"မှော်အက္ခရာလိုင်း အသစ် (၃) ခု ဖန်တီးပြီးတော့ မှော်အက္ခရာ အပြည့်အစုံ (၃,၀၀၀) ဖန်တီးရမယ် ဟုတ်လား"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

"လုံလောက်တဲ့ အချိန် ပေးရင်တော့ ငါ အောင်မြင်အောင် လုပ်နိုင်တယ်။ ဒါပေမဲ့ မှော်နတ်သမီး

နတ်ကွန်းက ဖွင့်တဲ့အချိန် အများကြီး မကျန်တော့ဘူး ထင်တယ်”

“မင်းမှာ (၄) ရက်ခွဲ ကျန်သေးတယ်။ ဒါက စမ်းသပ်မှုရဲ့ စိန်ခေါ်မှုလေး တစ်ခုပါ။ ဒါပေမယ့် စုန်းအတတ် မှော်အက္ခရာကို မကြာခဏ ထိတွေ့နေတဲ့ လူတွေနဲ့ယှဉ်ရင် မင်းရဲ့ အတွေးအမြင်အသစ်တွေ ဖြစ်နေတဲ့ လက်သင်အဆင့်တွေဆိုတော့ ကိုယ်ပိုင် မှော်အက္ခရာလိုင်းတွေ ဖန်တီးဖို့ ပိုလွယ်တယ်။ စုန်းအတတ် မှော်အက္ခရာကို အသုံးပြုပြီး ယှဉ်ပါးနေတဲ့ ငါတို့တွေက အသစ်တွေ ဖန်တီးဖို့၊ တွေးဖို့ ခက်တယ်။ မှော်အက္ခရာလိုင်း အသစ်တွေ ဖန်တီးဖို့ အချိန်ကြာတယ်။

ဒါကြောင့် လက်သင်အဆင့်တွေက မှော်အက္ခရာလိုင်း အသစ်တွေ ဖန်တီးရတာ ပိုလွယ်တယ်”

“ပထမဦးဆုံး အကြိမ်မှာပဲ မှော်အက္ခရာ လိုင်းအသစ် အနည်းငယ်ကို ဖန်တီးနိုင်တယ်။ လေးရက်ခွဲ အတွင်းမှာ မင်းကို မှော်အက္ခရာ လိုင်းအသစ် (၃) ခု ဒါမှမဟုတ် ဒီထက်ပိုပြီး ဖန်တီးခိုင်းတာက မင်းရဲ့ မှော်တာအိုနဲ့ ပက်သက်တဲ့ အရည်အချင်းကို စမ်းသပ်ဖို့ပဲ။ တကယ်လို့ မင်းမှာ အရည်အချင်းမရှိရင် သေချာပေါက် လုပ်နိုင်မှာ မဟုတ်ဘူး။ နောက်ပြီးတော့ ဒီစမ်းသပ်မှုက စုန်းအတတ် မှော်အက္ခရာကို ကောင်းကောင်း နားလည်လားဆိုတဲ့ ရည်ရွယ်ချက်လည်း ပါတယ်။ မင်းက စုန်းအတတ်

မှော်အက္ခရာကို ကောင်းကောင်း နားမလည်ရင် ကိုယ်ပိုင် မှော်အက္ခရာလိုင်းအသစ် ဖန်တီးဖို့ မဖြစ်နိုင်ဘူး..”

မှော်အက္ခရာလိုင်း အသစ် ဖန်တီးခြင်းဆိုသည်မှာ ယခင်ရှိပြီးသား အက္ခရာ (၂၆) လုံးအပြင် အက္ခရာအသစ်များ ဖန်တီးခြင်းနှင့် ဆင်တူကြောင်း လင်းဟွမ် သိသည်။ ယခင်က ရှိပြီးသား အက္ခရာများကို အသုံးပြု၍ အက္ခရာ (၂၇) နှင့် အက္ခရာ (၂၈) ကို တီထွင်ရန် လိုအပ်သည်။ အဓိပ္ပာယ်ရှိသော စကားလုံး အသစ်ကို ဖန်တီးရမည်။

ထို့အပြင် ထိုတီထွင် ဖန်တီးမှုသည် ဘာသာစကား စနစ်မှ သွေဖည်သွားခြင်း မရှိရပေ။ အသစ်

ဖန်တီးထားသော စကားလုံးက မူရင်း ဘာသာစကား စနစ်ကို ခိုင်မာစွာ ဆုပ်ကိုင်ထားနိုင်ရမည်။ ရှိရင်းစွဲ ဘာသာစကား၏ နယ်ပယ်တိုးချဲ့မှု တစ်ခုသာ ဖြစ်ရမည်။ မျက်လုံးစုံမှိတ်၍ တွေ့ကရာ ဖန်တီး၍ ရသောအရာ မဟုတ်ပေ။

မှော်အက္ခရာ လိုင်းများ၏ ပေါင်းစပ်မှုသည် အင်မတန် တိကျသည်။ အကယ်၍ ပေါင်းစပ်မှုက သဟဇာတ မဖြစ်ခဲ့လျှင် မှော်အက္ခရာက အလုပ်မလုပ်ပေ။

မှော်အက္ခရာ လိုင်းအသစ် ဖန်တီးခြင်းနှင့် မှော်အက္ခရာ အသစ်များ ဖန်တီးခြင်းသည် စုန်းအတတ် မှော်အက္ခရာ အပေါ်တွင် အတိုင်းအတာတစ်ခုထိ နားလည်ရန်

လိုအပ်သည်။ စုန်းအတတ် မှော်အက္ခရာ အကြောင်းကို အင်မတန် စိတ်အားထက်သန်ပြီး စိတ်ပါဝင်စားသော လူများသာ လုပ်နိုင်ကြသည်။ ဤအကဲဖြတ်မှုနှင့် နှိုင်းယှဉ်ပါက ကျန်သည့်စမ်းသပ်မှုများသည် လင်းဟွမ် အတွက် မည်သည့်အခိပ္ပာယ်မှ မရှိတော့ချေ။

"အချိန် သိပ်မကျန်တော့ဘူး။ အခုပဲ စလိုက်ရအောင်"

လင်းဟွမ်သည် ဝူမို၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် အချိန် မဆိုင်းချင်တော့ပေ။ နောက်ထပ် (၄) ရက်ခွဲ အတွင်း၌ စက္ကန့်တိုင်း၊ မိနစ်တိုင်းသည် သူ့အတွက် အဖိုးတန်နေသည်။

ဝူမိုက ခေါင်းညိတ်ပြီး သူမလက်ကို လှုပ်ယမ်းကာ ငွေရောင် တံခါးတစ်ခုကို ဆင့်ခေါ်လိုက်သည်။

“ဝင်ခဲ့..”

လင်းဟွမ်လည်း တွေဝေခြင်းမရှိဘဲ ဝင်သွားလိုက်သည်။ ငွေတံခါးထဲ ဝင်သွားပြီးနောက် အံ့သြမှင်တက်သွားခဲ့သည်။

သူ့ရှေ့တွင် အဆမတန် ကြီးမားကျယ်ပြန့်သော ကြယ်ပွင့်များနှင့် ကောင်းကင်ကြီး ရှိနေသည်။ သူက ဖုန်အမှုန်အမွှားလေး ကဲ့သို့ လေထဲ ပျံဝဲနေသည်။ နောက်သို့ လှည့်ကြည့်လိုက်ရာ ငွေရောင် တံခါးကြီး ပျောက်ကွယ်သွားကြောင်း သိလိုက်ရသည်။ မည်ကဲ့သို့

ပြန်ရမလဲဆိုသည်ကို တွေးတောနေစဉ် ဝူမို၏အသံကို ထပ်ကြားလိုက်ရသည်။

"စိတ်မပူနဲ့....။ (၄) ရက်ခွဲကြာရင် ရလဒ်က ဘယ်လိုပဲဖြစ်ဖြစ် မင်းကို ဒီနေရာကနေ အချိန်မှီ ပြန်ထုတ်ပေးမယ်။ အခုလက်ရှိတော့ မင်း လုပ်စရာရှိတာကိုပဲ အာရုံစိုက်"

လင်းဟွမ်သည် ဝူမို၏စကားကို နားထောင်ပြီးနောက် စိတ်သက်သာရာ ရသွားသည်။

လင်းဟွမ်သည် ကြယ်များနှင့် ကောင်းကင်ကြီးကို ငေးကြည့်ပြီး အတွေးထဲ နစ်မျောသွားသည်။ ထို့နောက် သူ့လက်ထဲက ဒုတိယမြောက် ဉာဏ်အလင်းပွင့်ကတ်ကို

ချေမွပြီးနောက် မျက်လုံးကို ဖြည်းဖြည်းချင်း ပိတ်လိုက်သည်။

မကြာခင် ဉာဏ်အလင်းပွင့်ကတ်သည် မှော်ဆန်သော လုပ်ဆောင်ချက်ကို လုပ်ဆောင်လာပြီး လင်းဟွမ်က အတွေးထဲ နောက်တစ်ကြိမ် နစ်မျောသွားပြန်သည်။ ဦးနှောက်၏ စွမ်းဆောင်ရည်နှင့် အကန့်အသတ်ရှိသော အတွေးများသည် အကန့်အသတ် မရှိတော့ဘဲ ချက်ချင်းဆိုသလို ဦးနှောက်က စကြဝဠာကြီး တစ်ခုကဲ့သို့ ကျယ်ပြန့်လာသည်။

ပြီးပြည့်စုံသော မှော်အက္ခရာများက စိတ်ထဲ ပေါ်လာသည်။ မှော်တာအိုများကို မျဉ်းကြောင်းများ၊

လိုင်းများအဖြစ် ပြိုကွဲစေပြီး သူစိတ်တိုင်း မကျမချင်း ခွဲခြမ်းစိတ်ဖြာ နေခဲ့သည်။

အမျိုးအစား မှန်ကန်သော အုပ်စုများကို အလိုအလျောက် စီထားပြီး မှော်အက္ခရာများက အသက်ဝင်နေပုံပင် ။

လင်းဟွမ်က မှော်အက္ခရာများ ဖန်တီးလာပြီး အလိုလို ပြိုကွဲသွားသည်ကို သတိထား စောင့်ကြည့်နေသော မျက်မြင်သက်သေ တစ်ယောက်နှင့် တူနေသည်။

မှော်အက္ခရာလိုင်းများက စစ်မြေပြင်တွင် ရှိနေသော စစ်သားများကဲ့သို့ ဖြစ်နေပြီး မှော်အက္ခရာများက

မတူညီသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် ၎င်းတို့၏ ဖွဲ့စည်းပုံကို ဆက်တိုက် ပြောင်းလဲနေသည်။

မကြာခင် (၄) ရက် ကုန်ဆုံးသွားသည်။

နောက်ဆုံးနေ့၏ နေ့လည်ခင်း....

လင်းဟွမ်သည် မှော်အက္ခရာ လိုင်းအသစ် သို့မဟုတ် ပြီးပြည့်စုံသော မှော်အက္ခရာ အသစ်များကို စတင် မဖန်တီးရသေးပေ။

ဝူမိုက ကောင်းကင်ပေါ်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကို စောင့်ကြည့်နေခဲ့သည်။ လင်းဟွမ်က နောက်တစ်ကြိမ် ဉာဏ်အလင်းပွင့် သွားသဖြင့် အံ့သြမှင်တက် နေပြန်သည်။ ဤတစ်ကြိမ်၌ လင်းဟွမ်က

နောက်တစ်ကြိမ် ကံကောင်းသည်ဟု မတွေးမိတော့ပေ။ လင်းဟွမ်က ဉာဏ်အလင်းပွင့်သော နယ်ပယ် အခြေအနေထဲကို ဝင်ရောက်ခဲ့သော်လည်း နေ့တစ်ဝက်သာ ကျန်တော့သဖြင့် နောက်ဆုံး စမ်းသပ်မှုကို အောင်မြင်နိုင်တော့မည် မဟုတ်ဟု သူမ ထင်နေသည်။

မှော်နတ်သမီး နတ်ကွန်းကို ပိတ်သိမ်းရန် အချိန် နီးကပ်လာသည်နှင့်အမျှ လင်းဟွမ်သည် နောက်ဆုံး စမ်းသပ်မှုကို ဖြတ်ကျော်နိုင်ချေ နည်းပါးလာသည်။

ဝူမိုက လင်းဟွမ် ကျရှုံးတော့မည်ဟု တွေးနေစဉ် လေထုက ရုတ်တရက် တုန်ခါလာသည်။ ထို့နောက်

တုန်ခါမှုရှိသော နေရာကို လှမ်းကြည့်လိုက်ရာ ကြေးတံခါး ပွင့်လာသည်။

ပိန်ပါးသော လူငယ်တစ်ယောက်က တံခါးထဲမှ ထွက်လာပြီး သူမထံ ချဉ်းကပ်လာသည်။ ဝူမိုကို မြင်သောအခါ ထိုလူက လက်ဝှေ့ယမ်း ပြပြီး ပြောလိုက်သည်။

"မင်္ဂလာပါ မှော်နတ်သမီး"

ဝူမိုက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"မင်း ဘယ်သူလဲ"

"အဲ့ဒါက အရေးကြီးလို့လား"

“ငါက စမ်းသပ်မှု အားလုံး အောင်မြင်ခဲ့တယ်။ နောက်ဆုံး စိန်ခေါ်မှုကို ဒုတိယမြောက် လူအနေနဲ့ ရောက်လာခဲ့ပြီ”

ကျားရှင်းက စိုက်ကြည့်ပြီး မာနကြီးစွာ ပြောလိုက်သော်လည်း လင်းဟွမ်ကို မတွေ့ခဲ့ရပေ။

“ဒီကောင်က နောက်ဆုံး စိန်ခေါ်မှုကိုတောင် ရောက်သွားပြီလား”

“ဟုတ်တယ် ၊ သူ ဒီနေရာမှာ (၄) ရက် ရှိနေပြီ။ အမွေရခါနီးနေပြီ”

ဝူမိုက ရွှံ့တဲ့တဲ့ ပြောလိုက်သည်။

“ပြောချင်တာက အခုထိ မရသေးဘူးပေါ့”

ထို့နောက် ကျားရှင်းက ယုံကြည်ချက်ရှိရှိ ပြောလိုက်သည်။

“ကြည့်ရတာတော့ မှော်နတ်သမီးရဲ့ အမွေကို ငါပဲ ရတော့မှာ ထင်တယ်”

## အခန်း(၇၁၉) - နောက်ဆုံးမိနစ်မှ ကပ်၍ အနိုင်ရသွားခြင်း။

ဝူမိုသည် ပိန်ပါးသော ကျားရှင်းကို ကြည့်ပြီး မျက်မှောင် ကြုတ်သွားသည်။

'ဒီကောင်က အကျင့် မကောင်းဘူး'

ဟု ခံစားမိသော်လည်း ဘာမှားနေလဲဆိုသည်ကို သူမနားမလည်ပေ။ မှော်နတ်သမီးတွင် ခန္ဓာကိုယ် အစစ်အမှန် မရှိသောကြောင့် သူမ၏ အမြင်က အကန့်အသတ် ရှိနေ၏။

ကျားရှင်းက သန်းပေါင်းများစွာသော မှော်အက္ခရာများ ထွင်းထုထားသည့် ချောက်ကမ်းပါးကို အေးအေးဆေးဆေး ဖြတ်ကျော် နိုင်ခဲ့သည်။ သူက မတ်တပ်ရပ်ပြီး မှော်အက္ခရာများကိုပင် ကြည့်ခဲ့သေးသည်။ မှော်အက္ခရာကို တစ်ချက်ကြည့်ရုံနှင့် နားလည်နိုင်သော သူ၏ အမြန်နှုန်းမှာ ဉာဏ်အလင်းပွင့်သော အခြေအနေထဲ ရောက်ရှိနေသည် လင်းဟွမ်ထက်ပင် ကျော်လွန် သွားခဲ့ပြီ။

ထို့ကြောင့် ဝူမို တုန်လှုပ်သွားသည်။ ခဏအကြာ တစ်ခုခုကို သဘောပေါက်သွားသလို မျက်မှောင် ကြုတ်သွားသည်။

ကျားရှင်းသည် မှော်အက္ခရာ ချောက်ကမ်းပါးထဲရှိ မှော်အက္ခရာအားလုံးကို ကြည့်ရှုရန် (၈) နာရီပင် မကြာမြင့်ခဲ့ချေ။ ထို့နောက် မျက်လုံးမှိတ်ပြီး အိပ်မောကျသလို အတွေးနက်နေသည်။ ခဏအကြာ ခေါင်းလှည့်လာပြီး ဝူမိုကို

"ဒါတွေ အားလုံးကို အလွတ်ကျက်ပြီးသွားပြီ နောက်တစ်ဆင့် တက်လို့ရမလား"

"မင်း အရင်က မှော်အက္ခရာ ချောက်ကမ်းပါးကို မြင်ဖူးတယ်။ မင်း ဘယ်သူလဲ"

ဝူမိုက အသံနက်ကြီးနှင့် မေးလိုက်သည်။

"မှော်နတ်သမီး အဲ့ဒါက အရေးမကြီးဘူး မဟုတ်လား"

ကျားရှင်းက ခေါင်းအနည်းငယ် မော့ပြီး မေးလိုက်သည်။

"မော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံဖို့ အရည်အချင်း ပြည့်မီသရွေ့ ငါ ဘယ်သူပဲဖြစ်ဖြစ် မင်းမှာ နှောက်ယှက်ပိုင်ခွင့် မရှိဘူးလို့ ထင်တယ်။ ငါ ပြောတာ မှန်တယ် မဟုတ်လား"

ဝူမို တိတ်ဆိတ်နေသည်။ ဝူမိုသည် သူမက လက်ကျန်အသိစိတ်လေး တစ်ခုမျှသာ ဖြစ်ကြောင်း သိနေသည်။ မော်နတ်သမီး မှတ်ဉာဏ်ကို အမွေဆက်ခံမည့်သူနှင့် ပတ်သက်၍ သူမတွင် ဆုံးဖြတ်ချက် ချပိုင်ခွင့်အာဏာ မရှိချေ။

"ငါ့ကို အချိန်မဖြုန်းဘဲနဲ့ နောက်ဆုံးအကျော့ကို သွားရအောင်"

ကျားရှင်းက လက်ခါပြလိုက်သည်။

"မင်းက ငါ့ထက်စာရင်ဟိုကောင့်ကို မှော်နတ်သမီး မှတ်ဉာဏ်အမွေ ရစေချင်တာ ငါသိတယ်။ ဒါပေမယ့် (၄)နာရီပဲ ကျန်တော့တယ်။ ဟိုကောင်က မှော်နတ်သမီးရဲ့မှတ်ဉာဏ်ကို အမွေဆက်ခံဖို့ အခွင့်အရေး မရှိဘူးဆိုတာ မင်း ကောင်းကောင်း သိပါတယ်"

ဝူမို ပြန် မချေပနိုင်ချေ။

လင်းဟွမ် ဝင်ရောက်သွားခဲ့သည်မှာ (၄) ရက် ကြာမြင်ခဲ့ပြီ ဖြစ်သော်လည်း မှော်အကွခရာလိုင်းအသစ်

တစ်ခုမျှ မဖန်တီးနိုင်သေးချေ။ ယခုအခါ (၄) နာရီသာ ကျန်ရှိတော့သည်။ ထို့ကြောင့် နောက်ဆုံး စမ်းသပ်မှုကို အောင်မြင်နိုင်ချေက သုည ပင်။

ဝူမိုသည် မည့်သည့်စကားမှ ထပ် မပြောတော့ချေ။ မကြာခင် သူမလက်ကို ဖော့ယမ်းလိုက်လျှင် ငွေရောင် တံခါးတစ်ခု ပေါ်လာသည်။

“ဝင်သွား”

ကျားရှင်းသည် ဆက်လက် ရန်စခြင်း မလုပ်တော့ပေ။ ထိုအစား အထဲမဝင်ခင် ဝူမိုကို တစ်ချက်သာ ကြည့်သွားခဲ့သည်။

ငွေရောင်တံခါး ပိတ်သွားသောအခါ ဝူမိုက ပြန်စဉ်စားနေသည်။ စောင့်ကြည့်ရေး မျက်နှာပြင်တစ်ခုက နောက်ဆုံးစမ်းသပ်မှု ပြုလုပ်နေသော ကျားရှင်းကို ပြသထားသည်။ သူမ စောင့်ကြည့်နေချိန်တွင်....

စောင့်ကြည့်ရေး မျက်နှာပြင်ထဲ၌ ကျားရှင်းသည် ကျယ်ပြောသော စကြာဝဠာကြီးနှင့် တူသည့် ဒိုင်မေးရှင်းတစ်ခုထဲ စေလွှတ်ခြင်း ခံခဲ့ရသော်လည်း ထိတ်လန့်ခြင်း လုံးဝ မရှိပေ။ မျက်လုံးမှိတ်လိုက်ပြီး

မိနစ်ဝက် မပြည့်ခင် မျက်လုံး ပြန်ဖွင့်လိုက်သည်။ ထို့နောက် လက်ကိုဆန့်ထုတ်ပြီး ကံကြမ္မာစွမ်းအားကို အသုံးပြုကာ လေထဲတွင် မှော်အက္ခရာ လိုင်းများကို စတင်ရေးဆွဲလိုက်၏။

ဒါသည် မှော်အက္ခရာလိုင်း အသစ်ပင်။ အများသူငှာ အသုံးပြုနေသော မှော်အက္ခရာလိုင်းများ မဟုတ်ပေ။ မှော်အက္ခရာ ချောက်ကမ်းပါး ပေါ်တွင် ထွင်းထုထားသော ပြီးပြည့်စုံသည့် မှော်အက္ခရာ (၁၀) သိန်း (၈) သောင်းထဲမှ ခွဲထုတ်ထားသော မှော်အက္ခရာ လိုင်းများနှင့်လည်း မဟုတ်ပေ။

ဝူမိုသည် ထိုအဖြစ်အပျက်ကို မြင်လိုက်လျှင် မျက်မှောင် ကြုတ်သွားသည်။ ကျားရှင်းက ထိုနေရာတွင် ရှိနေသော မှော်အကွခရာများ၏ အနှစ်သာရကို မကျွမ်းကျင်သေးကြောင်း သူမ အတည်ပြုနိုင်သည်။

သူက သည်အတွက် ပြင်ဆင်ထားခြင်းပင်....။

ဝူမိုသည် ကျားရှင်း နောက်ထပ်လုပ်ဆောင်မည့် အရာများကို စောင့်ကြည့်ပြီး သူမ၏အတွေးကို အတည်ပြုချင်နေသည်။

ကျားရှင်းသည် ပထမဦးဆုံး မှော်အကွခရာလိုင်း အသစ်ကို ရေးဆွဲပြီးနောက် ဒုတိယမြောက် မှော်အကွခရာလိုင်း အသစ်ကို ချက်ချင်း ရေးဆွဲနေသည်။

ထို့နောက် တတိယမြောက် မော်အက္ခရာလိုင်းကိုပါ ရေးဆွဲလိုက်သည်။

ထိုအရာသည် ဝူမို သိပြီးသားဖြစ်သော ပထမ မော်အက္ခရာ နှစ်ခုနှင့် မဆိုင်ပေ။

မော်အက္ခရာလိုင်း သုံးခု ဆွဲပြီးသောအခါ ကျားရှင်းက တောက်ပစွာ ပြုံးလိုက်သည်။

ထို့နောက် လက်ကောက်ဝတ်ကိုမြောက်ပြီး ခတ္တမျှ ရပ်နားခြင်းမရှိဘဲ မော်အက္ခရာအသစ်ကို စတင် ရေးဆွဲလိုက်သည်။ စက္ကန့် အနည်းငယ်အတွင်းမှာပင် ပြီးပြည့်စုံသော မော်အက္ခရာ တစ်ခုကို ရေးဆွဲ

လိုက်သည်။ ထို့နောက် ဒုတိယမြောက် တစ်ခု၊ တတိယမြောက် တစ်ခု.....

စမ်းသပ်မှု၏ နောက်ဆုံးနာရီကို ရောက်သောအခါ ကျားရှင်းသည် ပြီးပြည့်စုံသော မော်အက္ခရာ (၃,၀၀၀) ရေးဆွဲခဲ့သည်။ နောက်ဆုံး မော်အက္ခရာကို ရေးဆွဲပြီးနောက် ကျားရှင်းက

“ငါက နောက်ဆုံး စမ်းသပ်မှု လိုအပ်ချက်နဲ့ ကိုက်ညီသွားပြီ။ အခု မော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံဖို့ အရည်အချင်း ပြည့်မီပြီလား”

ကျားရှင်းက သူ့ကိုယ်သူ ပြောနေသလို ပြောလိုက်သည်။ ကြည့်ရသည်မှာ ဝူမိုသည် သူ့ကို စောင့်ကြည့်နေသည့် အချက်အား သိနေပုံပင်။

"အနိုင်ရနိုင်တဲ့ အလားအလာ ပိုမြင့်အောင် မှော်အကၡရာလိုင်းအသစ် ဒါမှမဟုတ် မှော်အကၡရာ ထပ်မဆွဲတော့ဘူးဆိုတာ သေချာလား"

ဝူမို၏အသံက ပဲ့တင်သံ ထပ်လာ၏။

"မလုပ်တော့ဘူး။ အဲ့ဒီလို လုပ်စရာမလိုဘူး။ မှော်နတ်သမီး နတ်ကွန်းပိတ်ဖို့ တစ်နာရီတောင် မလိုတော့ဘူး။ မှော်နတ်သမီး နတ်ကွန်း သေ့ကို ရထားတဲ့ကောင်ကလဲ ဒါကို အောင်မြင်မှာ မဟုတ်ဘူး။

ငါ့လိုမျိုး အရင်ကတည်းက ပြင်ဆင်ထားရင်တောင် အချိန်မီ ပြီးအောင်ရေးဆွဲနိုင်မှာ မဟုတ်ဘူး”

ကျားရှင်းက ယုံကြည်မှု အလွန်ရှိနေသည်။ ကျားရှင်း ပြောသည့်စကားက အမှန်တရား ဖြစ်နေသောကြောင့် ဝူမို ငြိမ်ကျသွားသည်။

လင်းဟွမ်သည် မှော်အကွခရာလိုင်းအသစ် တစ်ခုကိုမှ မဖန်တီးရသေးသောကြောင့် ဒါကို ဖြတ်ကျော်နိုင်လိမ့်မည် မဟုတ်ချေ။ ဒုတိယမြောက် လူက နောက်ဆုံး စမ်းသပ်မှုကို ဖြတ်ကျော်နိုင်ခဲ့ပြီ။

ထို့အပြင် နောက်ဆုံး စမ်းသပ်မှုကို ဖြတ်ကျော်ရန် အချိန် မလုံလောက်တော့ပေ။ နောက်ကျနေပြီ။

ကျားရှင်းက မျော်နတ်သမီး မှတ်ဉာဏ်ကို အမွေဆက်ခံရန် သေချာနေပြီ။

ဝူမိုအတွေးထဲ နှစ်မျှောနေစဉ် ကောင်းကင်ပေါ်တွင် မျက်လုံးမှိတ်နေသော လင်းဟွမ်သည် နောက်ဆုံး၌ မျက်လုံးပွင့်လာသည်။

လင်းဟွမ် မျက်လုံး ဖွင့်လိုက်သောအခါ တောက်ပသော ကြယ်များက သူ့မျက်လုံးထဲတွင် လည်ပတ်နေသည်။

ဝူမိုသည် လင်းဟွမ် မျက်လုံးဖွင့်လိုက်သည်ကို မြင်လိုက်ပြီး ဇဝေဇဝါ ဖြစ်သွားသော်လည်း သူမ သေသေချာချာ ဂရုတစိုက် စိုက်ကြည့်လိုက်သောအခါ

လင်းဟွမ်၏ မျက်လုံးက ခါတိုင်းနှင့်မတူဘဲ ထူးခြားနေသည်။

လင်းဟွမ်သည် မျက်လုံး ဖွင့်ပြီးနောက် ဉာဏ်အလင်းပွင့်ခြင်း အခြေအနေက ဆက်လက်တည်ရှိနေဆဲပင်။

လင်းဟွမ်က လေထုထဲ လက်ညှိုးထိုးပြီး ကံကြမ္မာစွမ်းအား အသုံးပြုကာ မှော်အက္ခရာအသစ်ကို ရေးဆွဲလိုက်သည်။ မကြာခင် ဒုတိယ၊ တတိယ၊ စတုတ္ထမြောက် မှော်အက္ခရာများကို ရေးဆွဲလိုက်သည်။ (၁၁) ခုမြောက် မှော်အက္ခရာလိုင်းကို ရေးဆွဲပြီးသည်နှင့် ရပ်တန့်သွား၏။

ဝူမိုသည် ထိုအချင်းအရာကိုမြင်လျှင် အံ့ဩသင့်သွားသည်။ လင်းဟွမ်၏ စွမ်းဆောင်ချက်က သူမ၏မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။ ခဏအကြာ သူမစိတ်ထဲ အတွေးတစ်ခု ဝင်လာသည်။

"သောက်ကျိုးနဲ့ မင်းအတွက် အချိန်မလောက်တော့ဘူး"

လေထဲတွင် ရှိနေသော လင်းဟွမ်က အချိန်ကန့်သတ်ချက်ကို လုံးဝ မေ့နေသည်။ မှော်အက္ခရာလိုင်း (၁၁) ခုကို ရေးဆွဲပြီးသည်နှင့် ပြီးပြည့်စုံသော မှော်အက္ခရာကို စတင်ရေးဆွဲနေသည်။ ဝူမိုက လင်းဟွမ်

အချိန်မီ မပြီးစီးနိုင်ဘူးဟု ခံစားမိသဖြင့် လင်းဟွမ်ကို သတိပေးသည်။

"မင်း ပြီးအောင်ဆွဲဖို့ အချိန် မလောက်တော့ဘူး။ တစ်နာရီပဲ ကျန်တော့တယ်။ မြန်မြန်ဆွဲမှ ရမယ်"

လင်းဟွမ်သည် ဝူမို၏အသံကိုကြားလျှင် ခေတ္တ ရပ်တန့်သွားသည်။ ထို့နောက် လက်ကို ပြန်ရုတ်သိမ်းပြီး စိတ်စွမ်းအားနှင့် ထိန်းချုပ်ထားသော စိတ်ဝိညာဉ်လှိုင်းများက လေထဲတွင် ပေါ်လာသည်။ စိတ်ဝိညာဉ်လှိုင်း (၉,၀၀၀) ကျော် ဖန်တီးခဲ့ပြီး ထိုအရာအားလုံးက စုန်းအတတ် မှော်အက္ခရာကို တစ်ပြိုင်နက်နီးပါး စတင် ရေးဆွဲနေကြသည်။

ယခုလက်ရှိ လင်းဟွမ် လုပ်ဆောင်နေသော လုပ်ဆောင်ချက်က ဝူမို၏ မျှော်လင့်ချက်အတွင်း မရှိတော့ချေ။

အစပိုင်းတွင် ဝူမိုသည် လင်းဟွမ်အပေါ်၌ ယုံကြည်ချက် မရှိတော့ဘဲ မှော်အကွခရာ သုံးထောင်ကို တစ်နာရီအတွင်း ပြီးစီးအောင် ရေးဆွဲရန် လင်းဟွမ်အတွက် မဖြစ်နိုင်ပေ။ ဒါသည် စက္ကန့်ပိုင်းလေး အတွင်း၌ ပြီးပြည့်စုံသော မှော်အကွခရာကို ရေးဆွဲရန် လိုအပ်ကြောင်း ဖော်ပြနေသည်။

ယခုမူ လင်းဟွမ်က သမာရိုးကျ မဟုတ်သော နည်းလမ်းကို အသုံးပြု၍ မှော်အကွခရာ

ထောင်ပေါင်းများစွာကို တပြိုင်နက်တည်း ရေးဆွဲကာ ပြီးပြည့်စုံသော မော်အကွခရာ (၉,၀၀၀) ကို အမြန်ဆုံး နည်းလမ်းနှင့် ရေးဆွဲနေသည်။

လင်းဟွမ်သည် ပြီးပြည့်စုံသော မော်အကွခရာ (၉,၀၀၀) ကို ရေးဆွဲပြီးနောက် စိတ်စွမ်းအားနှင့် ထိန်းချုပ်ထားသော စိတ်ဝိညာဉ်လှိုင်း အားလုံးကို ပြန်မသိမ်းခဲ့ချေ။ ထို့နောက် စိတ်ဝိညာဉ်လှိုင်း (၆,၀၀၀) ကို ထိန်းချုပ်ပြီး ဒုတိယအကျော့ ရေးဆွဲမှုကို စတင်လိုက်သည်။ (၁၀) စက္ကန့်ကြာပြီးနောက် ပြီးပြည့်စုံသော မော်အကွခရာ (၆,၀၀၀) ခန့် ရေးဆွဲခဲ့သည်။

ပြီးနောက် စိတ်ဝိညာဉ်လှိုင်းများကို ဖြည်းဖြည်းချင်း ပြန်သိမ်းလိုက်သည်။

လင်းဟွမ်သည် မှော်အကွခရာ အားလုံးကို ရေးဆွဲပြီးနောက် ဉာဏ်အလင်းပွင့်သော အခြေအနေမှ ပြန်ထွက်လာသဖြင့် မိုက်ခနဲဖြစ်ပြီး လဲကျသွားသည်။ အင်မတန် ပြင်းထန်သော တုတ်ကွေးရောဂါ ခံစားရသလို နုံးချိနေသည်။

## အခန်း(၇၂၀) - ကျားရှင်း၏ ရည်ရွယ်ချက်။

ကျားရှင်းသည် လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ကပ်ထဲ ထည့်ကာ ကျယ်ပြောလှသော ကောင်းကင်ကြီးကို မော့ကြည့်ရင်း အထာကျကျ စောင့်ဆိုင်းနေသည်။

"မော်နတ်သမီး။ ငါ ဒီနေရာမှာ နောက်ဆုံး မိနစ်(၄၀)ရောက်တဲ့အထိ စောင့်နေရမှာလား"

"စမ်းသပ်မှု မပြီးခင် မင်း အဆုံးသတ်ချင်တာ သေချာလား"

ဝူမိုက ထပ် မေးလိုက်သည်။

"ငါ့ရဲ့ လုပ်ဆောင်ချက်က ပြည့်စုံတယ် မော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံရမယ့်လူက ငါပဲ။ ဒီနေရာမှာ ဆက်စောင့်နေလည်း အဓိပ္ပါယ်မရှိတော့ဘူး"

ကျားရှင်းက ကျန်သည့် စိန်ခေါ်သူများကို လှောင်ပြောင်သလိုလို လေသံနှင့် အထင်သေးစွာ ပြောဆိုလိုက်သည်။

"စမ်းသပ်မှု မပြီးခင်မှာ မော်နတ်သမီးရဲ့ အမွေကို ဘယ်သူက ဆက်ခံရမလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူး"

လင်းဟွမ်၏ အစွမ်းပြမှုကို ကြည့်ပြီးနောက် ကျားရှင်းက အရည်အချင်း မပြည့်မီတော့ကြောင်း ဝူမို သိနေသည်။ သို့သော်လည်း သူမက ထုတ်ပြောမည် မဟုတ်ချေ။

သို့သော်လည်း ကျားရှင်းသည် ဝူမို၏လေသံကို နားထောင်ပြီးနောက် တစ်ခုခု မှားနေပြီဟု ယောင်ဝါးဝါး ခံစားလာရသည်။

"မော်နတ်သမီး မင်းငါ့ကို စိတ်ပူနေတာလား တစ်ခြားတစ်ယောက်ယောက်က စမ်းသပ်မှုကို အောင်မြင်အောင် လုပ်နိုင်ခဲ့တာလား ဆိုတာ အကဲဖြတ်မှု ပြီးရင် မင်းသိလိမ့်မယ်"

ဝူမိုက ခပ်တိုတို ခပ်ရှင်းရှင်းသာ ပြန်တုံ့ပြန်သည်။

"မင်းက ငါ့မေးခွန်းကိုဖြေဖို့ ငြင်းတယ်ဆိုတော့ ငါ့ ခန့်မှန်းချက်က (၈၀) ရာခိုင်နှုန်းလောက် မှန်နေပြီ"

ကျားရှင်းက မေးစေ့ကိုပွတ်ရင်း စဉ်းစား သုံးသပ်နေသည်။

"မင်း ငါ့ကို မှော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံစေချင်တာ မဟုတ်ပေမယ့် မင်းဆီမှာ ကြောက်နေတဲ့ပုံ မတွေ့ရဘူး"

"ပြောချင်တာက အဲ့ဒီလူက မှော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေ ဆက်ခံရတော့မယ်။ ငါ့ဘက်က ဘာမှမတတ်နိုင်တော့ဘူး။ ကျန်တဲ့ မိနစ် (၄၀) မှာ

အဲ့ဒီလူက ငါ့ကို ကျော်တက်သွားတော့မယ် ဆိုတဲ့ အခိုပ္ပါယ်ပေါ့”

ဝူမိုက နှုတ်ဆိတ်နေရန် ရွေးချယ်ခဲ့သည်။

ခဏအကြာ ကျားရှင်းသည် ဝူမိုက မတုံ့ပြန်သည်ကို မြင်လျှင် နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

“ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပဲ။ မင်းရဲ့ တိတ်ဆိတ်မှုက ငါ့အထင်ကို မှန်စေတယ်။ အဲ့ဒီလူက ငါ့ထက် (၉၀) ရာခိုင်နှုန်းလောက် အခွင့်အရေး ပိုများတယ်လို့ ငါ အတည်ပြုနိုင်တယ်။ အဲ့ဒီလိုလုပ်တာ ဘယ်သူလဲ”

ကျားရှင်းက မျက်လုံးမှေးပြီး မေးလိုက်သည်။

“ငါ့နောက်မှ ရောက်လာတဲ့လူတွေက ဒီအဆင့်ကို အောင်မြင်နိုင်ချေ နည်းတယ်။ ဖြစ်နိုင်ချေ အများဆုံးက မှော်နတ်သမီး နတ်ကွန်းသော့ကို ကိုင်ထားတဲ့ကောင်ပဲ ဖြစ်ရမယ်။ ဟုတ်တယ် ဒီကောင်က သော့တောင် ရထားတယ်ဆိုတော့ အရည်အချင်း ရှိမှာအမှန်ပဲ။ ငါ ဒီကောင့်ကို လျော့တွက်လိုက်မိပြီ”

ကျားရှင်းသည် သူ့တွင် ရှိနေသော သဲလွန်စလေးများမှတဆင့် အမှန်တရားကို သိရှိခဲ့ပြီး သူ့ကို ကျော်လွန်သွားသည့်လူမှာ လင်းဟွမ်ဖြစ်ကြောင်း သေချာသွားသည်။

"သူသာ မှော်နတ်သမီး မှတ်ဉာဏ်ရဲ့ အမွေကို ဆက်ခံနိုင်မယ်ဆိုရင် ရိုးရှင်းပါတယ်ကွာ။ ဒီကောင့်ကို အသက်ရှင်လျက် ဖမ်းပြီး အမွေဆက်ခံထားတဲ့ မှတ်ဉာဏ်ကို ငါ့ဆီအတင်းအကြပ် လွှဲပြောင်းခိုင်းရမှာပဲ"

ကျားရှင်းသည် ထိုကဲ့သို့ ပြောပြီးနောက် ခေါင်းငြိမ့်လိုက်ကာ စိတ်ထဲမှ တိုးတိုးလေး ရေရွတ်နေသည်။ ဝူမို သူ့အား စောင့်ကြည့်နေလည်း ဂရုမစိုက်ပေ။ ဝူမို ကြားအောင် တမင်သက်သက် ပြောနေသလိုပင်။

"မင်း ဘယ်သူလဲဆိုတာ ငါသိပြီ"

ဝူမိုက ပြောလိုက်သည်။

"မင်း အသက်ရှင်နေလိမ့်မယ်လို့ ငါ မထင်ထားမိဘူး"

"မင်း လူမှားနေပြီ ထင်တယ်။ မှော်နတ်သမီး"

ကျားရှင်းက ငြင်းဆိုလိုက်ပြီး ဝန်ခံခြင်းမရှိပေ။

"ငါ မမှားနိုင်ဘူး။ မင်းက ဝူကျန်းပဲ"

ဝူမိုက ယုံကြည်ချက်အပြည့်နှင့် ပြောလိုက်သည်။

"ငါ ထင်တာမမှားရင် မင်းသားရဲ့ ခန္ဓာကိုယ်ထဲမှာ နတ်ဘုရားဝိညာဉ် စိုက်ပျိုးထားလို့ မှော်နတ်သမီး နတ်ကွန်းကို ငါဖွင့်လိုက်တာနဲ့ မင်းရဲ့ဝိညာဉ်က နိုးထလာလိမ့်မယ်၊ ဒီအခွင့်အရေးကို ဆုပ်ကိုင်ပြီး

မင်းရဲ့ဝိညာဉ်ကို လွှဲပြောင်းဖို့အတွက် မင်းသားရဲ့ ခန္ဓာကိုယ်ကို သိမ်းပိုက်ခဲ့တာ မဟုတ်လား.....”

“မင်း ဘာပြောနေတာလဲ ငါ နားမလည်ဘူး”

ကျားရှင်းက အကြောက်ကန် ငြင်းဆိုလိုက်သည်။

“မင်း နားမလည်ဘူး ဟုတ်လား။ ဒါဆို ငါ ရှင်းပြမယ်”

ဝူမိုသည် ထိုလူက ဝူကျန်းဖြစ်ကြောင်း လွဲမှားစရာ မရှိပေ။

“ဝူကျန်းဆိုတာ ငါတို့ ခေတ်တုန်းက အတုအယောင် နတ်ဘုရားတစ်ပါးပဲ။ သူက ငါ့နောက်လိုက်တွေထဲမှာ

ဉာဏ်အကောင်းဆုံးပေါ့။ ဒါပေမယ့် အသူရာချောက်ကမ်းပါးကြီးကြောင့် ဖြစ်ပျက်ခဲ့တဲ့ ဘေးကပ်ဆိုးကြီးထဲမှာ သူ အမှားလုပ်ခဲ့တယ်။ အသူရာချောက်ကမ်းပါးထဲက ထွက်လာတဲ့ မွန်းစတားတွေကို ခုခံဖို့ မကြိုးစားဘူး။ ဒီအခွင့်အရေးကို ယူပြီး အတုအယောင် နတ်ဘုရားတွေရဲ့ အလောင်းကို စုဆောင်းခဲ့တယ်။ သူက မကောင်းဆိုးဝါး ယဇ်ပူဇော်ခြင်းနဲ့ အစစ်အမှန် နတ်ဘုရား တစ်ပါး ဖြစ်လာဖို့ ကြံစည်တယ်။ စစ်တိုက်တဲ့ နေရာမှာလည်း မပါဝင်ဘူး။ ငါ့ကိုတွေ့တာနဲ့ ထွက်ပြေးသွားပြီး အသူရာချောက်ကမ်းပါးထဲက မွန်းစတား တစ်ကောင်ရဲ့ သတ်ဖြတ်မှုကို ခံရပြီး အဆုံးသတ်သွားတယ်”

"မကောင်းဆိုးဝါး ယဇ်ပူဇော်ခြင်းတဲ့လား...."

ကျားရှင်းသည် ဝူမို၏စကားကို ကြားလျှင် စိတ်မထိန်းနိုင်ဘဲ အလိုလို ပြောလိုက်မိသည်။

"အလောင်းတွေကို ပြန်သုံးတာ ရက်စက်တယ် ဟုတ်လား။ မွန်းစတား အလောင်းတွေကို ပိုက်ဆံနဲ့ ရောင်းပြီး ချက်စားကြတာကရော။ သူတို့ အားလုံးလည်း အလောင်းတွေပဲ။ လူတွေက ဘာဖြစ်လို့ ပိုကောင်းမွန်တဲ့ ဆက်ဆံမှုကို ခံရမှာလဲ"

"ဝူမို....။ ငါတို့ကြားက ခင်မင်ရင်းနှီးမှုတံတားကို ငါ မဖျက်ချင်ဘူး၊ အရင်တုန်းက တိုက်ပွဲကို ရှောင်ခဲ့တယ် ဆိုတာက ငါသာ အစစ်အမှန် နတ်ဘုရားတစ်ပါး

ဖြစ်လာရင် ဒီမျိုးနွယ်စုတွေက ဒီမှာ အကြာကြီး ဆက်နေစရာ မလိုတော့အောင်။ အစစ်အမှန် နတ်ဘုရားက ငါတို့ကို ကာကွယ်ပေးခဲ့မယ်ဆိုရင် ခေတ်ဟောင်းက မျိုးနွယ်စုတွေက ခေတ်သစ်ကို အုပ်ချုပ်ကြလိမ့်မယ်”

“အခြေခံ အရဆို မင်းရဲ့ သောက်ရေးမပါတဲ့မှုက ငါ့ကို အစစ်အမှန် နတ်ဘုရား ဖြစ်မလာအောင် တားဆီးခဲ့တယ်။ အခုတော့ မျိုးနွယ်ဝင်တွေကို ကြည့်စမ်း။ သူတို့အားလုံးက ရုပ်သေးရုပ်လေးတွေလို အသက်ရှင်နေရတယ်။ အသက်ရှင်ဖို့ ရုန်းကန်နေရတယ်။ ဘာဖြစ်လို့ မျိုးနွယ်စု တစ်ခုလုံးကို မသတ်လိုက်တာလဲ”

နောက်ဆုံးတွင် ကျားရှင်းက သူ့အထောက်အထားကို ဝန်ခံခဲ့သည်။

ဝူမိုသည် သူ့စကားကို နားထောင်ပြီးနောက် အကြာကြီး ငြိမ်သက်နေသည်။

“ဒါပေမယ့် မင်းလုပ်ရပ်က မှားနေတယ်”

ဝူမိုက သက်ပြင်းရှည်ကြီးချရင်း ပြောလိုက်သည်။

“ခေတ်ဟောင်းနဲ့ ခေတ်သစ်ကလူတွေက ကမ္ဘာကြီးကို အုပ်စိုးလို့ မရဘူးလား။ ဘာဖြစ်လို့ မျိုးနွယ်ဝင်တွေက ကမ္ဘာကြီးကို အုပ်ချုပ်မရတာလဲ”

ကျားရှင်းက အစပျိုးလိုက်သည်။

"ငါတို့ခေတ်က ပျက်သွားပြီ။ ဒါ သေချာတယ်။ အဆုံးသတ်သွားပြီ။ မင်းက ဘာဖြစ်လို့ ဒီအတိုင်း မထားနိုင်ရတာလဲ"

"ငါ လက်မလွှတ်ချင်တာ မဟုတ်ဘူး။ အဲ့ဒီအစား ဒီအခွင့်အရေးက ငါတို့မျိုးနွယ်စုတွေ တိုးတက်ဖို့အတွက် အခွင့်အရေးပဲ။ (၅) နှစ်မပြည့်ခင် အသူရာ ချောက်ကမ်းပါးက မွန်းစတားတွေ နောက်တစ်ကြိမ် ပြန်ထွက်လာပြီး ကုန်းမြေတစ်ခုလုံးကို သုတ်သင် တော့မှာ။ အဲ့ဒါပြီးရင် မွန်းစတားတွေက အသူရာချောက်ကမ်းပါးထဲ ပြန်ဝင်သွားလိမ့်မယ် အဲ့ဒါဆို ဒီကုန်းမြေကြီး တစ်ခုလုံးက ငါတို့ မျိုးနွယ်ဝင်တွေနဲ့

သက်ဆိုင်လာလိမ့်မယ်။ ဒါက ငါတို့ မျိုးနွယ်စုတွေ ထွန်းကားလာဖို့ ဘုရားပေးတဲ့ အခွင့်အရေးပဲ”

“ဝူမို...။ ငါက မှော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံတဲ့ လူတစ်ယောက် ဖြစ်လာခဲ့ရင် ငါရဲ့ မျိုးနွယ်စုတွေကို ဦးဆောင်ပြီး ငါတို့မျိုးနွယ်စုတွေနဲ့ပဲ သက်ဆိုင်တဲ့ ခေတ်သစ်တစ်ခုကို ဖန်တီးမယ်။ ထူထောင်မယ်”

ဝူမို တိတ်ဆိတ်သွားပြန်သည်။ အချိန် အတော်ကြာပြီးနောက် သူမက

“ခေတ်က ငါတို့နဲ့ မဆိုင်ဘူး။ စစ်ပွဲက ဒုက္ခဆင်းရဲတွေကို ဖြစ်ပေါ်စေလိမ့်မယ်”

“မော်နတ်သမီး တစ်ယောက်အနေနဲ့ မျိုးနွယ်စုကို စောင့်ရှောက် ပေးရမယ့်အစား ဘာဖြစ်လို့ တခြားလူတွေအတွက် တွေးပေးနေတာလဲ”

ကျားရှင်းက မေးခွန်း ထုတ်လိုက်သည်။

“မင်းက ငါ့အစား မော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အပြင်လူတစ်ယောက်ဆီ အမွေ ဆက်ခံစေချင်တာလား။ ဒါဆိုလဲ ကောင်းပြီလေ။ မော်နတ်သမီး နတ်ကွန်းကို ပိုင်ထားတဲ့ကောင်က မော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အောင်အောင်မြင်မြင်နဲ့ အမွေ ဆက်ခံနိုင်ရင်တောင် အဲ့ဒီကောင်ကို ဖမ်းနိုင်မယ့် နည်းလမ်းတွေ ငါ့ဆီမှာ

ရှိတယ်။ အဲ့ဒီကောင်ကို လုံးဝ ဖိနှိပ်ထိန်းချုပ်ပြီး ငါ့ရဲ့ကျွန် ရုပ်သေးရုပ်တစ်ရုပ် ဖြစ်လာအောင် ငါလုပ်နိုင်တယ်”

…

အခြားတစ်ဖက်တွင်မူ လင်းဟွမ်သည် စမ်းသပ်မှုကို အောင်မြင်ခဲ့သော်လည်း တစ်ကိုယ်လုံးက နုံးချိ၍ ကိုက်ခဲနေသည်။ နာရီဝက်ခန့် ကြာသောအခါ ဖြည်းဖြည်းချင်း သက်သာလာသည်။

“မှော်နတ်သမီး နတ်ကွန်းကို ပိတ်ဖို့ (၁၀) မိနစ်တောင်မလိုတော့ဘူး။ စမ်းသပ်မှုလည်း ပြီးသွားပြီ ငါထင်တာမမှားရင် မှော်နတ်သမီးရဲ့မှတ်ဉာဏ်ကို ငါပဲ အမွေရလိမ့်မယ်”

လင်းဟွမ်သည် သူ၏ စွမ်းဆောင်ရည် အပေါ် စိတ်ကျေနပ်နေသည်။ ထိုစဉ် ဝူမို၏အသံကို ရုတ်တရက် ကြားလိုက်သည်။

"ဟော့.... မှော်နတ်သမီးရဲ့မှတ်ဉာဏ်ကို အမွေမရခင် မင်းအတွက် သတင်းဆိုးတစ်ခု ရှိတယ်"

"သတင်းဆိုး ဟုတ်လား"

လင်းဟွမ် ကြောင်သွားသည်။

"မှော်နတ်သမီး နတ်ကွန်း ပိတ်သွားရင် မင်း ဒီလွင့်မြောကုန်းမြေပေါ်ကနေ တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွား။ မင်း အမွေရသွားတယ် ဆိုတာ တစ်ယောက်ယောက်က သိနေပြီ။ မင်းကို

တိုက်ခိုက်ပြီးတော့ အမွေတွေ သိမ်းလိမ့်မယ်။ မင်းကို ကျွန်ပြုလိမ့်မယ်”

“အမ်……။ သူက သန်မာလား”

လင်းဟွမ်က မေးလိုက်သည်။

“တိုက်ခိုက်ရေး အဆင့်ကို ပုံမှန်အတိုင်း ခွဲခြားမယ်ဆိုရင် သူက အင်မော်တယ်အဆင့် (၉) ဒါပေမယ့် သူရဲ့ တကယ့်စွမ်းရည်က အဲ့ဒီထက် တော်တော်လေး ကျော်လွန်နေတယ်။ အတုအယောင် နတ်ဘုရားက အဲ့ဒီ ခန္ဓာကိုယ်ထဲမှာ အသက်ရှင်နေတယ်”

ထိုစကားကိုကြားလျှင် လင်းဟွမ် မျက်နှာ ပျက်သွားသည်။ အတုအယောင် နတ်ဘုရား တစ်ပါးနှင့်

ရင်ဆိုင်ရလိမ့်မည်ဟု မည်သည့်အချိန်ကမှ မမျှော်လင့်ထားပေ။

"သူက ဘယ်လိုပုံစံလဲ"

ဝူမိုက ကျားရှင်း၏ အသွင်အပြင်ကို ထုတ်ဖော်ပြသလိုက်သည်။

"အခုလက်ရှိတော့ ဒီလူရဲ့ ခန္ဓာကိုယ်ထဲမှာ တွယ်ကပ်နေတယ်။ ဒါပေမယ့် ရုပ်ဖျက်ဖို့ လွယ်တယ်"

လင်းဟွမ်သည် ကျားရှင်း၏ပုံစံကို မြင်ပြီးနောက် စိတ်ထဲ၌ အတွေးတစ်ခု ရုတ်တရက် ပေါ်လာသည်။

"ငါ သိပြီ။ ဒီကောင့်ကို ကိုင်တွယ်လိုက်မယ်"

# အခန်း(၇၂၁) - မှင်စာကောင်အတွက် ပြဿနာဖန်တီးပေးခြင်း

"အတုယောင်နတ်ဘုရားက ငါ့ဆီက အမွေကို ခိုးချင်နေတယ်လို့ မင်းပြောခဲ့တယ်နော်။ ကျေးဇူးပြုပြီး နောက်ထပ် အချက်အလက်တွေ ပေးလို့ရမလား"

လင်းဟွမ်က မေးလိုက်သည်။

"သူ့နာမည်က ဝူကျန်း။ ခေတ်ဟောင်းမှာတုန်းက ငါ့ရဲ့နောက်လိုက် တစ်ယောက်ပဲ။ အသန်မာဆုံး မဟုတ်ပေမယ့် ဉာဏ်အမြော်အမြင် အရှိဆုံးထဲပါတယ်။

ငါတို့ ခေတ်မှာတုန်းကတော့ အသူရာချောက်ကမ်းပါးထဲကနေ ကျူးကျော်လာတဲ့ မွန်းစတားတွေနဲ့ တိုက်ပွဲမှာ ဝင်မတိုက်ခဲ့ဘူး။ အဲဒီအစားရှောင်တိမ်း နေခဲ့တယ်။ စစ်ပွဲ ဖြစ်နေတာကို အခွင့်ကောင်းယူပြီး အတုယောင်နတ်ဘုရားတွေရဲ့ အလောင်းတွေကို စုဆောင်းခဲ့ပြီးတော့ အစစ်အမှန်နတ်ဘုရားတစ်ပါး ဖြစ်လာအောင် လုပ်ခဲ့ချင်ပေမယ့် သူ့အကြံအစည် မအောင်မြင်ခင် သေဆုံးသွားခဲ့တယ်။ နတ်ဘုရားဝိညာဉ်က သူ့သားရဲ့ ခန္ဓာကိုယ်ထဲမှာ ကျန်ခဲ့တယ်။ အခုတော့ လွင့်မျောကုန်းမြေထဲကို လူသားတွေ ဝင်လာတဲ့အခါ သူ့သားက လှည့်ကွက်

တချို့သုံးပြီးတော့ အဲဒီလူရဲ့ ခန္ဓာကိုယ်ကို သိမ်းပိုက်လိုက်တာပဲ”

“မှော်နတ်သမီး နတ်ကွန်းကို အသက်သွင်းလိုက်တဲ့အချိန်မှာ အဲဒီနတ်ဘုရားဝိညာဉ်က ဒါကို အာရုံခံစားမိပြီး နိုးလာခဲ့တယ်။ ဒါကြောင့် အခုအချိန်မှာတော့ လက်ရှိခန္ဓာကိုယ်ကို သိမ်းပိုက်ထားတယ်။ ဝူကျန်းက မျိုးနွယ်စုတွေ အင်းအားကြီးမားလာဖို့ စိတ်အား ထက်သန်တယ်။ ရည်မှန်းချက် ကြီးတယ်”

“သူ သိမ်းပိုက်ထားတဲ့ ကိုယ်ခန္ဓာရဲ့ အရည်အချင်းတွေက မင်းနဲ့ယှဉ်နိုင်တယ်။ သူသာ

မှော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံနိုင်ရင် သေချာပေါက် အစစ်အမှန် နတ်ဘုရားတစ်ပါး ဖြစ်လာမှာပဲ"

“အသူရာ ချောက်ကမ်းပါးထဲက မွန်းစတားတွေ ကျူးကျော်လာတာပဲ ဖြစ်ဖြစ်၊ မလာတာပဲ ဖြစ်ဖြစ် ခေတ်သစ်က ကျင့်ကြံသူ အားလုံးအတွက်တော့ အိပ်မက်ဆိုးတစ်ခု ဖြစ်လာလိမ့်မယ်"

လင်းဟွမ်သည် ထိုသတင်းဆိုးကို ကြားလိုက်ရသဖြင့် မျက်မှောင်ကြုတ်သွားသည်။

"အတုယောင်နတ်ဘုရား အဖြစ် ပြောင်းလဲဖို့ ဘယ်လောက်ကြာမလဲ"

"ဒါတော့ သေသေချာချာ မသိဘူး။ အတုယောင် နတ်ဘုရားတစ်ပါး ဖြစ်နေတဲ့အပြင်၊ သူ့ခန္ဓာကိုယ်မှာ ကြောက်စရာကောင်းတဲ့ စွမ်းရည်တွေ ရှိနေတော့ သူ့ရဲ့ မူလတိုက်ခိုက်ရေး အစွမ်းကို ပြန်ရရှိဖို့က မခက်ဘူး။ နတ်ဘုရား ဝိညာဉ်ထဲမှာ မှတ်ဉာဏ်အားလုံး သိမ်းဆည်းထားနိုင်မယ် ဆိုရင်တော့ အနည်းဆုံး တစ်နှစ်ခွဲ ဒါမှမဟုတ် တစ်နှစ်အတွင်း သူ့ရဲ့ တိုက်ခိုက်ရေးအစွမ်းကို ပြန်ရလိမ့်မယ်။ "

"တကယ်လို့ နတ်ဘုရားစိတ်ဝိညာဉ်ရဲ့ မှတ်ဉာဏ်က မပြည့်စုံဘူး ဆိုရင်တော့ သူ့ရဲ့စွမ်းရည်ကို ပြန်ရဖို့အတွက် ဘယ်လောက်ကြာကြာ အချိန်ယူရမယ် ဆိုတာ

မခန့်မှန်းနိုင်ဘူး။ သူ့အတွက် နှစ်ပေါင်းများစွာ ကြာသွားတာ ဖြစ်နိုင်သလို နှစ်ပေါင်းရာနဲ့ချီပြီး ကြာတာတောင် မလုပ်နိုင်တာလည်း ဖြစ်နိုင်တယ်"

"သူ တွယ်ကပ်ထားတဲ့ လူအတွက်ကော အသုံးဝင်တဲ့ အချက်အလက်တွေ ရှိသေးလား"

လင်းဟွမ်က မေးလိုက်သည်။

"သူ့ကို ကျားရှင်းလို့ ခေါ်တယ်။ သူကလည်း အထွတ်အထိပ် ပါရမီရှင် တစ်ယောက်ပဲ။ သူ့ရဲ့ တိုက်ခိုက်ရေး အဆင့်က အင်မော်တယ်အဆင့် (၉) မှာရှိပေမယ့် သူ့အကြောင်းတော့ သိပ်မသိဘူး။"

ဝူမိုက စကားကို ခေတ္တရပ်တန့်လိုက်ပြီး

"နောက်ဆုံးအဆင့်ကို အောင်မြင်ခဲ့တာ မင်း တစ်ယောက်တည်းတော့ မဟုတ်ဘူး။ သူက မှော်အက္ခရာလိုင်း အသစ် (၃) ခု ရေးဆွဲပြီးတော့ မှော်အက္ခရာ ပေါင်း (၃,၀၀၀) တီထွင်ပြီးသွားပြီ။ ဒါပေမယ့် အဲဒါကို အရင် ကတည်းက ကြိုတင် ပြင်ဆင်ထားတာ။"

"စမ်းသပ်မယ့် အကြောင်းအရာကို ကြိုသိတာက လှည့်စားတယ်လို့ ယူဆလို့ မရဘူးလား"

လင်းဟွမ်သည် တက္ကသိုလ်တက်စဉ်က စာမေးပွဲ မေးခွန်းများ ပေါက်ကြားခဲ့သည့် အကြောင်းကို ပြန်ပြောင်းသတိရသွားသည်။

"တကယ်တော့ လှည့်စားတယ်လို့ ယူဆလို့ရတယ်။ ဒါပေမယ့် မော်နတ်သမီးက လှည့်စားတာကို တားမြစ်တယ်လို့ မပြောခဲ့ဘူး။ ဒါကြောင့် စည်းမျဉ်း ဖောက်ဖျက်တယ်လို့လည်း မယူဆနိုင်ဘူး။"

ဝူမိုက ကူကယ်ရာမဲ့စွာ ရှင်းပြလိုက်သည်။

"ဒါဆို မော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို အမွေဆက်ခံဖို့ အရည်အချင်း ပြည့်မီတယ်လို့ ဆိုလိုတာလား။"

လင်းဟွမ် မျက်မှောင်ကြုတ်လိုက်သည်။

"သီအိုရီအရတော့ ဟုတ်တယ်။ ဒါပေမယ့် နောက်ဆုံး စမ်းသပ်မှုကို အောင်မြင်သွားတဲ့ ဖြေဆိုသူက တစ်ယောက်ထက် ပိုများနေရင် စွမ်းဆောင်ရည်

အကောင်းဆုံး လူကိုပဲ ရွေးချယ်သွားမယ်။ မှော်နတ်သမီးက ဒီကိစ္စနဲ့ ပက်သက်ပြီး အစောကြီး ကတည်းက စဉ်းစားထားပြီးသား။"

"ဒါဆို ငါက အမွေရနေသေးတယ်ပေါ့"

လင်းဟွမ်သည် ထိုစကားကိုကြားမှ စိတ်သက်သာရာ ရသွားသည်။

"ဟုတ်တယ်၊ မင်းက နံပါတ်တစ်ပဲ"

ဝူမိုက သူ့ကို အာမခံလိုက်ပြီး

"မင်းမှာ အချိန် ဆယ်မိနစ်တောင် မရှိတော့ဘူး၊ မင်းခန္ဓာကိုယ်ထဲကို မှော်နတ်သမီးရဲ့ မှတ်ဉာဏ် ငါ

ထည့်ပေးလိုက်မယ်။ ခပ်စောစော ထွက်သွားတာ အကောင်းဆုံးပဲ။ မော်နတ်သမီး နတ်ကွန်းက အလိုလို ပိတ်သွားမှာဖြစ်လို့ မင်း မှတ်ဉာဏ် ရသွားတဲ့အကြောင်း ဘယ်သူမှ မသိနိုင်ဘူး”

“ဝူကျန်းကလည်း မော်နတ်သမီး မှတ်ဉာဏ်ကို သူတစ်ယောက်တည်း မောင်ပိုင်စီးချင်တယ်။ ဒါကြောင့် အခြားသူကို ထုတ်ပြောမှာ မဟုတ်ဘူး။ ဝူကျန်းနဲ့ မတွေ့အောင် ရှောင်နိုင်ရင် မင်း ဘေးကင်းပြီ"

"သူ့ကို ရှောင်နေစရာ မလိုပါဘူး။ ငါ့ကို ဒုက္ခပေးချင်မှတော့ ငါကလည်း သူနဲ့ လိုက်ကစား ပေးရမှာပေါ့"

လင်းဟွမ်၏ မျက်နှာပေါ်တွင် ရက်စက်သောအကြည့် ပေါ်လာသည်။

"သူ့ကို ကိုင်တွယ်နိုင်တာ သေချာလား"

လင်းဟွမ်သည် ဤစိန်ခေါ်မှု တစ်လျှောက်တွင် အံ့ဖွယ် အမြောက်အမြား ပြုလုပ်ခဲ့သော်လည်း ဝူကျားအား တိုက်ခိုက်နိုင်စွမ်းရှိသည်ဟု ဝူမို မထင်ပေ။

"သူ့ကို ခုခံ တိုက်ခိုက်နိုင်တယ်"

လင်းဟွမ်က ယုံကြည်စိတ်ချစွာ အာမခံလိုက်သည်။

"ကိုယ့်ကိုကိုယ် ဒုက္ခရောက်အောင် မလုပ်နဲ့။ သူက မင်းထင်တာထက် ပိုပြီး ကိုင်တွယ်ရခက်တယ်"

"စိတ်မပူပါနဲ့ ငါက သူ့ကို မျက်နှာချင်းဆိုင် တိုက်ခိုက်မှာ မဟုတ်ဘူး။ သူ့ကို ဒုက္ခရောက်အောင် လုပ်ရုံပဲ။"

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

ဝူမိုသည် လင်းဟွမ် ဘာတွေးနေမှန်း မသိပေ။ ဤကဲ့သို့ သန်မာသည့်ရန်သူနှင့် ကြုံတွေ့ရသောအခါ မည်သူမဆို ရှောင်တိမ်းရန် ရွေးချယ်လေ့ ရှိကြသည်။

သို့သော်လည်း လင်းဟွမ်ကမူ ပရမ်းပတာဖြစ်အောင် ပြုလုပ်ရန် ဆုံးဖြတ်ထားပုံပင်။

"တကယ်လို့ မင်းကို ဖမ်းမိသွားရင် သေချာပေါက် သေလိမ့်မယ်နော်"

ဝူမိုက သတိပေးလိုက်သည်။ သို့သော်လည်း သူမသည် ဤအကြောင်းနှင့် ပက်သက်၍ ဆက် မပြောချင်တော့ပေ။

"အခု မှော်နတ်သမီးရဲ့ မှတ်ဉာဏ်ကို မင်း ခန္ဓာကိုယ်ထဲ ထည့်လိုက်မယ်။"

ဝူမို၏ စကားသံ ထွက်ပေါ်လာပြီးနောက် ကြီးမားသော ဥက္ကာခဲတစ်ခုသည် ကောင်းကင်တွင် လွင့်ပျံလာကာ လင်းဟွမ်ထံ ဦးတည် ပျံသန်းလာသည်။

ဥက္ကာခဲ၏ လျှင်မြန်လှသော အရှိန်ကြောင့် လင်းဟွမ်သည် ရှောင်တိမ်းနိုင်ခြင်း မရှိလိုက်ပေ။ သူနှင့် ဆယ်မီတာပင် မဝေးသော ဥက္ကာခဲကို လှမ်းကြည့်ပြီး

အုံ့အားသင့်နေသည်။ သူအား ဝင်တိုက်တော့မည့်အချိန်၌ ဥက္ကာခဲ၏ ရွေ့လျားမှုက ရုတ်တရက် ရပ်တန့်သွားသည်။ ကောင်းကင်ကို ဖြတ်သန်းလာသော တောင်ကြီး တစ်ခုကဲ့သို့ပင်။

"ဘာဖြစ်တာလဲ"

လင်းဟွမ် အံ့သြသင့်နေစဉ် သူ့ရှေ့က ဥက္ကာခဲထံမှ အက်ကွဲသံတစ်ခုကို ကြားလိုက်ရသည်။ မကြာခင် ဒုတိယမြောက် အက်ကွဲသံ၊ တတိယမြောက် အက်ကွဲသံ......။

စက္ကန့်ပိုင်းလေး အတွင်းမှာပင် ဥက္ကာခဲပေါ်၌ ပင့်ကူအိမ်ကဲ့သို့ အက်ကွဲကြောင်းများစွာ ပေါ်လာသည်။

ခဏအကြာ ဥက္ကာခဲသည် ဖုန်မှုန့်အဖြစ် လုံးဝ ကြေမွသွားသည်။

လင်းဟွမ်သည် ဖြစ်ပျက်နေသမျှကို စိုက်ကြည့်ရင်း လုံးဝ အံ့အောသင့်နေသည်။

ဥက္ကာခဲ ပြိုကျသွားသည်နှင့် လေထုထဲ၌ ဖုန့်မှုန်များ ပျံ့နှံ့လာသည်။ ထို့နောက် လင်းဟွမ်သည် ဖုန်မှုန့်များ ကြားထဲတွင် ရွှေရောင်တောက်ပနေသော ပစ္စည်းတစ်ခုကို မြင်လိုက်ရသည်။

လင်းဟွမ်သည် ရွှေရောင်ပစ္စည်းဘေးတွင် ပေါ်လာပြီး ဖမ်းဆုပ်လိုက်သည်။

လက်သီး အရွယ်အစားဖြစ်ပြီး ထူးဆန်းသော ပုံသဏ္ဍာန်ရှိသည်။ ၎င်းကို ဖမ်းလိုက်သောအခါ ရင်းနှီးသော စွမ်းအင်လှိုင်းကို ခံစားလိုက်ရသည်။

"ဒါက မှော်နတ်သမီး အမွေလား။"

လင်းဟွမ်သည် အံ့အားသင့်သွားကာ မေးလိုက်သည်။

"ဟုတ်တယ် မင်း မှန်တယ်။"

ဝူမို၏အသံကို နောက်တစ်ကြိမ် ကြားလိုက်ရသည်။

"ဒါကို ဘယ်လို သုံးရမှာလဲ"

"မင်းရဲ့ မျက်ခုံးကြားမှာ ဖိထားလိုက်။ မင်းရဲ့ ခန္ဓာကိုယ်ထဲကို သူ့အလိုလို ဝင်သွားလိမ့်မယ်"

ဝူမိုက ဆက်ပြောလိုက်သည်။

"ဒါပေမယ့် မင်းရဲ့တိုက်ခိုက်ရေး အဆင့် အားနည်းနေလို့ အကြောင်းအရာ အများစုကို ဖတ်လို့မရသေးဘူး။ အတုယောင် နတ်ဘုရား အဆင့်ရောက်မှ အမွေကို အသုံးပြုလို့ရလိမ့်မယ်။ မှော်နတ်သမီး နတ်ကွန်းက မကြာခင် ပိတ်တော့မှာ။ အမွေဆက်ခံထားတဲ့ မှတ်ဉာဏ်ကိုဖတ်ဖို့ မင်းမှာ အချိန် မရှိသေးဘူး။ ဒီနေရာက ထွက်သွားပြီးမှ ဆက်ပြော ရအောင်။ အခုတော့ မင်းကို မှော်နတ်သမီးနတ်ကွန်းရဲ့ လုပ်ပိုင်ခွင့် အာဏာအချို့ ငါ ပေးလိုက်မယ်။"

လင်းဟွမ် မော်နတ်သမီး၏ အမွေကို မစစ်ဆေးရသေးခင် သူ့စိတ်ထဲ၌ သတင်းစကားများစွာ ပေါ်လာသည်။ ထိုအရာများကို ကြည့်လိုက်ရာ မော်နတ်သမီး နတ်ကွန်းကို ထိန်းချုပ်နိုင်သော အခွင့်အာဏာ အချို့ဖြစ်ကြောင်း သဘော ပေါက်လိုက်သည်။

"ဒါကို တစ်နှစ်မှာတစ်ကြိမ်ပဲ အသက်သွင်းနိုင်တယ်။ မင်းဝင်ချင်ရင် နောက်နှစ်ကျမှ ပြန်လာခဲ့"

လင်းဟွမ်သည် အချိန်ကို သတိ ပြုမိပြီး ပြုံးလိုက်သည်။

"မိနစ် နည်းနည်းလောက် ကျန်းသေးတာ ကံကောင်းတယ်”

လင်းဟွမ်သည် သူ့အသံကြိုးကို အနည်းငယ် ချိန်ညှိလိုက်ရာ မကြာခင် မိန်းမတစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။ ဒါသည် အဆင့်မြင့် လှည့်စားခြင်း၏ အကျိုးသက်ရောက်မှုပင်.....

"မှော်နတ်သမီး၊ ငါ့အသံက မင်းနဲ့တူသွားပြီလား"

"မင်း ဘာလုပ်ဖို့ ကြိုးစားနေတာလဲ"

ဝူမိုသည် ရယ်စရာကောင်းသည်ဟု တွေးလိုက်မိသည်။

"ငါမင်းကို စောစောက ပြောခဲ့ပြီးသားပဲ။ အဲဒီ မှင်စာအတွက် ပြဿနာ ဖန်တီးပေးလိုက်အုံးမယ်"

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

ခဏအကြာတွင် ဝူမို၏အသံနှင့် ဆင်တူသော အသံတစ်ခုကို မှော်နတ်သမီး နတ်ကွန်းထဲတွင် ရှိနေသော လူတိုင်း ကြားလိုက်ရသည်။

"ကျားရှင်း၊ မင်းက မှော်နတ်သမီးရဲ့အမွေကို အောင်မြင်စွာ အမွေဆက်ခံနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြု ပါတယ်"

# အခန်း(၇၂) - မှော်နတ်သမီး နတ်ကွန်း ပိတ်သိမ်းခြင်း။

"ကျားရှင်း မှော်နတ်သမီးရဲ့အမွေကို အောင်မြင်စွာ အမွေဆက်ခံနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

မှော်နတ်သမီး နတ်ဘုရားကျောင်းထဲရှိ လူတိုင်းသည် အမျိုးသမီးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ နတ်ကွန်းအတွင်း၌ ဖြစ်စေ၊ အပြင်၌ဖြစ်စေ ရှိနေသော လူအားလုံးအပြင် လင်းဟွမ်နှင့် ကျားရှင်းတို့ပင် ကြည်လင်ပြတ်သားစွာ ကြားလိုက်ရ၏။

ကြေငြာချက် ထွက်ပေါ်လာသည်နှင့် လူတိုင်း ကြောင်သွားသည်။ အများစုက ကျားရှင်းက ဘယ်သူလဲဟု မေးလာကြသည်။

လေထဲတွင် ပျံဝဲနေသော ကျားရှင်းသည် ထိုကြေငြာချက်ကို ကြားလျှင် အံ့ဩမှင်သက်နေပြီး

"ဒါက ဘာပြောတာလဲ၊ ဝူမို.....။ မင်းက ငါ့ကို ခြောက်ချဖို့ ကြိုးစားနေတာလား။ တကယ်ဆို ဘယ်သူမှ အကဲဖြတ်မှု မအောင်သေးဘူး မဟုတ်လား၊ အမွေရတဲ့သူက ငါလား"

သို့သော်လည်း ထိုအတွေးသည် ဆယ်စက္ကန့်ပင် မကြာလိုက်ချေ။ မှော်နတ်သမီး နတ်ကွန်း ပိတ်သိမ်းရန်

မိနစ်အနည်းငယ် ကျန်တော့ကြောင်း သိနေပြီး တစ်ခုခု မှားနေကြောင်း သိလိုက်သည်။ ကြေငြာချက် ထုတ်ပြန်သည်မှလွဲ၍ အမွေဆက်ခံခြင်းနှင့် ပတ်သက်သော ဆုလာဘ်များ မရသည့်အပြင် သူ့စိတ်ထဲတွင်လည်း မည်သည့် သတင်းအချက်အလက်မျှ မပေါ်လာပေ။

"ဝူမို၊ မင်းငါ့ကို အရူး လုပ်တာလား"

ကျားရှင်းသည် ထိုကြေငြာချက်က အမှန်တိုင်း မဟုတ်ကြောင်း သတိထား မိလိုက်လျှင် ဒေါသပေါက်ကွဲပြီး အော်ဟစ်လိုက်သည်။ ဝူမိုနှင့်

နှစ်ပေါင်း အတော်ကြာအောင် သိခဲ့သောကြောင့် သူမက သူ့ကို အမွေဆက် မခံစေချင်ကြောင်း သူသိနေသည်။

"မဟုတ်ဘူး....။ အဲဒါ မင်းမဟုတ်ဘူး။ အမွေရခဲ့တဲ့ ကောင်ပဲ ဖြစ်ရမယ်။ ဒီကောင် အမွေရပြီဆိုတော့ မှော်နတ်သမီး နတ်ကွန်းရဲ့ လုပ်ပိုင်ခွင့် အာဏာ တစ်စိတ်တစ်ပိုင်းတော့ ရလိမ့်မယ်။ ကောလဟာလ ဖြန့်တာ ဒီခွေးသားပဲ ဖြစ်လိမ့်မယ်"

ဝူကျန်းက အနည်းငယ် တွေးလိုက်ရုံနှင့် တရားခံက လင်းဟွမ်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ဝူမိုက တိတ်ဆိတ်နေသည်။ ဤအခိုက်အတန့်တွင် သူမ စကားမှားသွားပါက ဝူကျန်းက သူမကိုအသုံးချပြီး

တိုက်ခိုက် လာလိမ့်မယ်။ ထို့ကြောင့် သူမက သူနှင့် စကားပြောရန် ငြင်းဆိုပြီး အသုံးဝင်သော အခြား အချက်အလက်များကိုသာ ထောက်ပံ့ခဲ့သည်။

အခြားတစ်ဖက်တွင်မူ ဝူမိုက လင်းဟွမ်နှင့် နောက်တစ်ကြိမ် ဆက်သွယ်လိုက်သည်။

"ဝူကျန်းက မင်း ဒီလို လုပ်ခဲ့တယ်ဆိုတာ သိနေပြီ။ ငါက ငါ့ရဲ့စိတ်ဆန္ဒတွေကို ဖြည့်ဆည်းဖို့အတွက် သူ့ကို မလှည့်စားဘူးဆိုတာ သူ ကောင်းကောင်း သိတယ်။ မင်းက အမွေရပြီး မှော်နတ်သမီးနတ်ကွန်းရဲ့ ထိန်းချုပ်မှု လုပ်ပိုင်ခွင့် တစ်စိတ်တစ်ပိုင်း ရခဲ့တာကိုလည်း သူ သိတယ်"

"အိုး...ဒီကောင်က ထင်ထားတာ ထက်တောင် ပိုပါးတာပဲ။ ဒါပေမဲ့ ရပါတယ်။ လွှတ်ထားလိုက်ပါ"

လင်းဟွမ်က စိုးရိမ်ပူပန်ခြင်း လုံးဝ မရှိပေ။

"မင်းက တကယ် ဥာဏ်များတာပဲ။ အမွေရထားတဲ့ လူက မင်းပါလို့ လူသိရှင်ကြား ထုတ်ပြောမှာ မကြောက်ဘူးလား"

ဝူမိုက မေးလိုက်သည်။

"သူက အစစ်အမှန် နတ်ဘုရားဖြစ်ဖို့ နှစ်ပေါင်းထောင်နဲ့ချီပြီး ကြံစည်နေခဲ့တဲ့ လူပဲ။ ဒီသတင်းကို တခြားသူတွေဆီ မျှဝေပေးမယ်လို့ မင်း ထင်လား။"

လင်းဟွမ်က ရယ်မောလိုက်သည်။

"မထင်ဘူး၊ သူလုပ်မှာ မဟုတ်ဘူး။"

ဝူမိုသည် လင်းဟွမ်၏ ဟန်ပန် အမူအရာနှင့် အသုံးနှုန်းကို ကြားသောအခါ ဝူကျန်း၏ စိတ်နေသဘောထားကို အခွင့်အရေးအဖြစ် အသုံးချလိုက်ကြောင်း ချက်ချင်း သိလိုက်သည်။

"ဟုတ်တယ် မင်းမှန်တယ်။ သာမန်လူတွေက စွပ်စွဲခံရရင် ဖြေရှင်းနိုင်မဲ့ နည်းလမ်းကို စဉ်းစား ကြလိမ့်မယ်။ အရိုးရှင်းဆုံး နည်းလမ်းက အမှန်အတိုင်း ထုတ်ပြောဖို့ပဲ။ ဒါပေမယ့် ဝူကျားက သာမန်လူ တစ်ယောက် မဟုတ်ဘူး။ သူဖြစ်ချင်တဲ့ ပန်းတိုင်ကို

ပြည့်မီအောင် ခေတ်အဆက်ဆက် လုပ်လာခဲ့တဲ့ လူဖြစ်နေလို့ သည်းခံနိုင်စွမ်း အရမ်း မြင့်မားတယ်ဆိုတာ သက်သေပြနေပြီ။ ငါက သူ့ကို ချောက်ချလိုက်လို့ ဆင်ခြင်တွေးခေါ်မှု ဆုံးရှုံးသွားမှာ မဟုတ်ဘူး။ ပြိုင်ဖက်အရေအတွက် မတိုးစေချင်လို့ အမှန်အတိုင်းသိတဲ့ လူက သူတစ်ယောက်တည်း ဖြစ်နေပါစေလို့ ဆုတောင်းနေအုံးမှာ။ အမှန်အတိုင်း ပြောမဲ့အစား လျှို့ဝှက်ထားလိမ့်မယ်။ အမှန်တရားကို သိတဲ့လူနည်းလေ သူ့အတွက် လုယူနိုင်ဖို့ အခွင့်ပိုများလေပဲ”

ဝူမိုသည် လင်းဟွမ်၏ ခွဲခြမ်းစိတ်ဖြာမှုကို နားထောင်ပြီးနောက် လင်းဟွမ်၏တွေးခေါ်မှု ဖြစ်စဉ်က ထိုမျှ မရိုးရှင်းကြောင်း ချက်ချင်း တွေ့ရှိခဲ့သည်။

"ဟုတ်တယ် မင်း မှန်တယ်။ ဝူမိုက ချောက်ချ ခံရတယ်လို့ တွေးရင်တောင် ဖုံးကွယ်ထားဖို့ပဲ ကြိုးစားလိမ့်မယ်။ သူက အရမ်း မာနကြီးတယ်။ တခြား သူတွေနဲ့ တိုက်ခိုက်ရမှာ လုံးဝ မကြောက်ဘူး။ မင်းလုပ်တာ တကယ် ကောင်းတယ်။ ဒီကောင့်ကို တကယ် ချောက်ချလိုက်တာပဲ။ ဒါပေမယ့် အခွင့်အရေးရတာနဲ့ ဝူကျန်းက မင်းကို သေချာပေါက် လက်စားချေလိမ့်မယ်။ ဒါကိုတော့ မင်း သတိထားသင့်တယ်။ မင်းရဲ့

အကြံအစည်ကို ဖော်ထုတ်ဖို့က သူ့အတွက် မခက်ဘူး။ သူက ဒီကိစ္စကို ကိုင်တွယ်ပြီးရင် မင်းကို ဒုက္ခ ပေးလာလိမ့်မယ်"

"တကယ်လို့ သူက အတုယောင်နတ်ဘုရားအဆင့် ရောက်တဲ့အထိ ပုန်းနေရင်တော့ ငါ့ကို ဒုက္ခ ပေးနိုင်လိမ့်မယ်။ ငါလည်း သူ့ကို ကိုင်တွယ်နိုင်မှာ မဟုတ်တော့ဘူး။ ဒါပေမယ့် ငါသူ့ကို အခက်အခဲတွေ ဖန်တီးလိုက်တော့ သူ့ရဲ့ တိုက်ခိုက်ရေးအစွမ်း ပြန်ရဖို့ ပိုခက်သွားမှာပဲ။ ငါကလည်း အမြဲတမ်း ကြိုဆို နေပါတယ်"

လင်းဟွမ်က အတုယောင် နတ်ဘုရားကို ကြောက်ရွံ့ခြင်း လုံးဝ မရှိပေ။

ဝူမိုသည် အလွန် ယုံကြည်မှုရှိနေသော လင်းဟွမ်ကို မြင်လိုက်လျှင် ဤလူငယ်က သူမ ထင်ထားသည့်ထက် ပိုမိုရင့်ကျက်ကြောင်း သိလိုက်သည်။ ပြိုင်ဘက်မှာ တစ်ချိန်က အတုယောင် နတ်ဘုရား ဖြစ်ခဲ့သော်လည်း သူ့ကိုယ်သူ ဒုက္ခအရောက်ခံမည့် လူ မဟုတ်ကြောင်း သူမသိနေသည်။ ထို့အပြင် လင်းဟွမ်၏ မျက်လုံးထဲ၌ ကြောက်ရွံ့မှု မရှိကြောင်း သူမ မြင်နိုင်သည်။ ဖုံးကွယ်ထားသော ဟန်ဆောင် သတ္တိရှိနေခြင်း

မဟုတ်ပေ။ ဝူကျန်းကို အမှန်တကယ် လုံးဝ မကြောက်ခြင်းပင်။

ကျယ်ပြောလှသော ကောင်းကင်ကြီး အောက်တွင် ဝူကျန်းသည် အချိန်အတော်ကြာအောင် အော်ဟစ်နေသော်လည်း ဝူမိုက တုံ့ပြန်ခြင်း မရှိခဲ့ပေ။ ထို့နောက် သူ့ကို ချောက်ချသည့်လူမှာ လင်းဟွမ် ဖြစ်ကြောင်း အတည်ပြုလိုက်သည်။

"ဝူမို၊ မှော်နတ်သမီး မှတ်ဉာဏ်ကို အမွေဆက်ခံသွားတဲ့ ကောင်က တကယ် ပါးနပ်တဲ့ ကောင်လို့ ဝန်ခံတယ်။ သူက အချိန်ဆွဲဖို့အတွက် ငါ့ကို ချောက်ချသွားတာ အရမ်း တော်တယ်။ ငါ ပြဿနာရှာမှာ

ဒီကောင် မကြောက်ဘူး။ ဒီကိစ္စကလည်း ခဏလောက် ဖြေရှင်းလိုက်ရင် ပြီးသွားမှာပါ”

“ဒါပေမယ့် ဒီကောင့်ကို ပြောပေးစမ်းပါ အရမ်း ပျော်မနေနဲ့လို့။ ဒီကိစ္စ ဖြေရှင်းပြီးသွားရင် ဒုက္ခကို ဘယ်လိုစာလုံးပေါင်းလဲ ဆိုတာ ဒီကောင် သိစေရမယ်။ ဒီကောင့်ကို သေချာပေါက် လက်စားချေမယ်။ ဒါကို မင်းလည်း သိပါတယ်။ သူ့ကိုဖမ်းပြီး သေရတာ ပိုကောင်းတယ်ဆိုတဲ့ ခံစားချက်က ဘာလဲဆိုတာ သိရအောင် ငါပြပေးမယ်လို့"

"တော်ပြီ ပေါက်ကရတွေ ပြောမနေနဲ့တော့။ မှော်နတ်သမီး နတ်ကွန်းက မကြာခင် ပိတ်တော့မယ်။

လွတ်မြောက်နိုင်အောင် ထွက်ပြေးမယ့် နည်းလမ်းကို အရင် တွေးထားလိုက်အုံး။ လူတော်တော် များများက မင်းကို သတ်ဖို့ ကြိုးစားကြလိမ့်မယ်"

ဝူမိုက ဝမ်းသာစွာ ပြောလိုက်သည်။

“ဒါက အသေးအမွှားလေးပါ။ ဖြေရှင်းဖို့ အချိန်တစ်ခုပဲ လိုတယ်။ မင်းငါ့ကို လျောင်ပြောင်ချင်တယ်ဆိုရင် မင်းပဲ စိတ်ပျက် သွားလိမ့်မယ်။"

ဝူကျန်းက ကျန်သည့်လူများကို အထင်သေးနေသည်။

"အေး နောက်ပိုင်း ဘာဆက်ဖြစ်မလဲဆိုတာကို ငါ စောင့်ကြည့်မယ်။ မင်း ကောင်းကောင်းမွန်မွန် လုပ်နိုင်မယ်လို့ ငါ ယုံကြည်တယ်"

ဝူမို ပြောပြီးသည်နှင့် သူမ၏အသံကို ထပ်မကြားရတော့ပေ။

ဝူမိုက စိတ်တည်ငြိမ်လာပြီးလေလေ၊ ဝူကျန်းက ပို၍ဒေါသ ပေါက်ကွဲလေလေပင်။ ဝူမိုနှင့် ဆက်သွယ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ သို့သော်လည်း မည့်သည့် တုံ့ပြန်ချက်မှ မရခဲ့ပေ။ ထို့ကြောင့် မော်နတ်သမီး နတ်ကွန်း ပိတ်မည့်အချိန်ကိုသာ စောင့်ဆိုင်းနေခဲ့ရသည်။

အခြားတစ်ဖက်တွင်မူ လင်းဟွမ်က ဝူမိုနှင့် စကားထပ်ပြောနေသည်။

"အမမိုမို ၊ ငါ့ရဲ့ အဆိုပြုချက်ကို မင်း ဘယ်လိုထင်လဲ။"

"ဘာ အဆိုပြုချက်လဲ။"

ဝူမိုသည် လင်းဟွမ်က ဘာပြောချင်လဲဆိုသည်ကို သိသော်လည်း တမင် မေးလိုက်ခြင်းသာ...

"လွင့်မြောကုန်းမြေပေါ်ကနေ အတူတူ ထွက်သွားရအောင်။ အမွေရရင် အတူတူ ထွက်သွားမယ်လို့ ကတိ ပေးထားတယ်လေ။ အခု ငါ အမွေရသွားပြီ မင်း စကားကိုတော့ တည်သင့်တယ်"

လင်းဟွမ်က ထိုအကြောင်းအရာကို နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

ဝူမိုသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက်

"ဘာဖြစ်လို့ ငါနဲ့ အတူတူ ထွက်သွားဖို့ တောင်းဆိုရတာလဲ"

"ငါ့မှာ ကိုယ်ပိုင်ရည်ရွယ်ချက် ရှိတယ်။ အသူရာ ချောက်ကမ်းပါးထဲက မွန်းစတားတွေက ငါးနှစ် မပြည့်ခင် ကျူးကျော်လာတော့မှာ။ ဒီ ငါးနှစ်အတွင်းမှာ မင်းရဲ့ ခန္ဓာကိုယ် အစစ်အမှန်ကို ပြန်ရအောင် လုပ်ပေးနိုင်မယ်လို့ မျှော်လင့်တယ်။ ခေတ်သစ်မှာ လူသားတွေက အားနည်းလွန်းတယ်။ အသန်မာဆုံးလူက ဒဏ်ရာ အပြင်းအထန် ရထားတဲ့ အတုယောင် နတ်ဘုရားတစ်ပါးဘဲ ရှိတာ။ ကျန်တာတွေက နတ်ဘုရား တစ်ပိုင်းတွေ။ အသူရာ ချောက်ကမ်းပါးထဲက မွန်းစတားတွေ ကျူးကျော်လာရင် ငါတို့တွေ ကျိန်းသေ ပေါက်သေပြီ။ ဒီတိုက်ပွဲမှာ အနိုင်ရဖို့ အခွင့်အရေး လုံးဝ မရှိဘူး။"

"ငါ့ကို ကယ်တင်ရှင် လုပ်စေချင်တာလား"

ဝူမိုက သံသယစိတ်နှင့် မေးလိုက်သည်။

"မဟုတ်ဘူး၊ ငါ မလုပ်ခိုင်းပါဘူး။ ဒါပေမယ့် ငါ့မိသားစုနဲ့ ငါ့သူငယ်ချင်းတွေကို မသေစေချင်ဘူး။ ငါ့ညီမလေးက အသက် (၁၆) နှစ်ပဲ ရှိသေးတာ၊ ငါ့သူငယ်ချင်း တော်တော်များများကလည်း အသက် (၂၀) ပဲ ရှိသေးတယ်။ ငါလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ မသေချင်သေးဘူး။ "

ဝူမိုသည် ခဏမျှ တိတ်ဆိတ်သွား၏။

လင်းဟွမ်သည် သူမက သူမ၏ကတိကို မလိုက်နာတော့ဘူးဟု တွေးနေသဖြင့် နောက်ဆုံးတွင် သူမက

"ကောင်းပြီလေ အတူတူ ထွက်သွားကြတာပေါ့"

အသံကြားသည်နှင့် အကြောင်းကြားချက် တစ်ခု ပေါ်လာသည်။

"မှော်နတ်သမီး နတ်ကွန်း မကြာခင် ပိတ်တော့မယ်။ စိန်ခေါ်သူအားလုံး ကျေးဇူးပြုပြီး ထွက်ပေးပါ။ ရေတွက်မှု စတင်ပြီ"

"၁၀၊ ၉၊ ၈၊ ... ၊၃၊ ၂၊ ၁"

# အခန်း(၇၂၃) - သူက ကျားရှင်းလား

ရေတွက်သံ ထွက်ပေါ်လာသည့်အချိန်တွင် ဝူမိုက ပြောလိုက်သည်။

“မော်နတ်သမီး နတ်ကွန်းထဲက ထွက်သွားရင် ငါက နတ်ဘုရားသွေးထဲမှာ အိပ်မောကျသွားလိမ့်မယ်။ ငါ့ကို ပြန်လည် ထူထောင်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေနဲ့ နည်းလမ်းတွေ အားလုံးကို ငါ ရိုက်နှိပ်ထားတယ်။ ဒါပေမဲ့ ဒါက သီအိုရီအရပဲ။ တကယ် အောင်မြင်အောင် လုပ်နိုင်မလား၊ မလုပ်နိုင်ဘူးလား ဆိုတာ ငါလည်း

မသေချာဘူး။ ဒါပေမဲ့ အဲ့ဒီ အရင်းအမြစ်အားလုံးကို စုဆောင်းနိုင်ဖို့ အကောင်းဆုံး ကြိုးစားပါ”

ဝူမိုက သူမ၏ ခန္ဓာကိုယ်ကို အစစ်အမှန် ပြန်ပြောင်းနိုင်ရန် ယုံကြည်ချက် မရှိသည်မှာ ထင်ရှားသည်။ သူမက ပေါ့ပေါ့ပါးပါးပုံစံ ဖြစ်အောင် ကြိုးစား၍ လင်းဟွမ်ကို ပြောလိုက်သည်။

“မင်း အစွမ်းကုန် ကြိုးစားပါ။ ဖြစ်လာတာ၊ မဖြစ်လာတာက ကံတရား ကိစ္စပဲ”

“စိတ်မပူနဲ့။ ငါက ကတိပေးပြီးရင် ကတိတည်အောင် အကောင်းဆုံး ကြိုးစားတတ်တယ်”

လင်းဟွမ်သည် ဝူမိုက သူ့အပေါ်တွင် ယုံကြည်ချက်မရှိကြောင်း သိနေသော်လည်း ဘာမှ မသိသလို နုံအ,ချင်ယောင် ဟန်ဆောင်ထားလိုက်သည်။

“ကျေးဇူးတင်ပါတယ်..”

သူမက အခြား မည်သည့်စကားမျှ ထပ်မပြောတော့ချေ။ ထိုအချိန်တွင် လေထဲ၌ တရွေ့ရွေ့ ကုန်ဆုံးနေသော ရေတွက်မှုလည်း ပြီးဆုံးသွားခဲ့ပြီ။ ထိုအခိုက်အတန့်တွင် ရွှေရောင်အလင်းများ ဖြာထွက်လာသည်။ ချက်ချင်းဆိုသလို သွေးရောင်တောက်ပနေသော မှော်နတ်သမီးသွေးသည် လင်းဟွမ်ရင်ဘတ်ထဲ စီးဆင်းသွားသည်။

လင်းဟွမ် ကြောင်သွားသည်။ ချက်ချင်း တုံ့ပြန်လိုက်လျှင် စီးဆင်းသွားသော ထိုရွှေရောင် သွေးများက ဝူမို၏ အစစ်အမှန် ခန္ဓာကိုယ်တွင် ကျန်နေသေးသော လက်ကျန်အသိစိတ် ဖြစ်ကြောင်း သဘောပေါက်သွားသည်။

ထိုအချိန်၌ ကောင်းကင်ပေါ်က ရေတွက်မှုလည်း ပြီးဆုံးသွားခဲ့ပြီ။

လင်းဟွမ် စိတ်ထဲ ဘဝင်ကျသွားသည်။ သူ မတုံ့ပြန်နိုင်ခင် ကောင်းကင်ကြီး ပျောက်ကွယ်သွားပြီး နှင်းထူထပ်နေသော ကုန်းမြေပေါ်တွင် ပြန်ပေါ်လာသည်။ ကျဆင်းနေသော နှင်းများ ရပ်တန့်သွားသော်လည်း

လွင့်မျောကုန်း မြေပေါ်တွင် ဖြစ်ကြောင်း လင်းဟွမ် အလွယ်တကူ သိလိုက်သည်။ သူသည် ရေခဲသလင်းကျောက်များနှင့် ပြုလုပ်ထားသော မှော်နတ်သမီး နတ်ကွန်းရှေ့တွင် မီတာ (၂၀) ပင် မဝေးသော နေရာ၌ ပေါ်လာခြင်းသာ.....

ပိတ်ထားသော တံခါးက ထွင်းဖောက်မြင်သာလာ၏။ လင်းဟွမ်သည် လူများကို အဆက်မပြတ် ပြန်ပို့နေပြီး လူအရေအတွက် များသထက် ပိုများလာကြောင်း သတိထားမိလိုက်သည်။

မျက်စိတစ်မှိတ် အတွင်းမှာပင် မော်နတ်သမီး နတ်ကွန်းထဲတွင် ရှိနေကြသော လူသားများနှင့် ဒေသခံမျိုးနွယ်ဝင်များကို အပြင် ပြန်ပို့ခံလိုက်ရသည်။

ရေခဲသလင်း ကျောက်များနှင့် ပြုလုပ်ထားသော နတ်ကွန်းသည် သုံးစက္ကန့် မပြည့်ခင် အချိန်မှာပင် ထွင်းဖောက်မြင်လာရပြီး နောက်ဆုံး၌ ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် ပတ်ဝန်းကျင်ကို တစ်စေ့တစ်စောင်း အကဲခတ်ကြည့်လိုက်ရာ သူတို့က မော်နတ်သမီး မျှော်စင်ထဲမှ နှင်ထုတ်ခြင်း မခံရကြောင်း သိလိုက်ရသည်။ ခန့်မှန်းခြေ လူနှစ်ရာခန့် ရှိသည်။ သို့သော်လည်း

မှော်နတ်သမီးနတ်ကွန်း မပိတ်ခင် အချိန်အထိ အထဲတွင် ရှိနေကြသော သူတို့သည် အားမနည်းကြချေ။

လင်းဟွမ်သည် လူအုပ်ကြားထဲတွင် အရပ်မြင့်ပြီး ပိန်ပါးသော ကျားရှင်းကို တွေ့လိုက်ပြီးနောက် စိုက်ကြည့်လိုက်သည်။

ကျားရှင်းကလည်း မှော်နတ်သမီး နတ်ကွန်းထဲတွင် ရှိစဉ်က လင်းဟွမ်ကို မြင်ဖူးသည်။ ထို့ကြောင့် တစ်ချက်ကြည့်လိုက်ရုံဖြင့် မှတ်မိသွားသည်။ ဝူမိုက သူ့အကြောင်းအား လင်းဟွမ်ကို ပြောထားသည်ကိုလည်း သိနေသည်။

သို့သော်လည်း ကျားရှင်းသည် ဤနေရာတွင် လူများနေသောကြောင့် လင်းဟွမ်ကို မတိုက်ခိုက်ခဲ့ပေ။ ထိုအစား လင်းဟွမ်ကို ခပ်လှမ်းလှမ်းမှ ပြုံးပြလိုက်သည်။

ထိုအပြုံးက လင်းဟွမ်အား ရန်စနိုင်ခြင်း မရှိပေ။ လင်းဟွမ်ကလည်း စပ်ဖြဲဖြဲ ပြုံးလိုက်ပြီး သူ့ထံ ဖြည်းဖြည်းချင်း လျှောက်သွားလိုက်သည်။

ကျားရှင်းသည် လင်းဟွမ်က သူ့ထံ လမ်းလျှောက်လာရန် သတ္တိရှိလိမ့်မည်ဟု မမျှော်လင့်ထားပေ။ ဒါကို မြင်လိုက်လျှင် မျက်မှောင်ကြုတ်သွားသည်။

လင်းဟွမ်သည် ကျားရှင်းနှင့် (၃) မီတာအကွာသို့ ရောက်သောအခါ ရပ်တန့်လိုက်ပြီး လှမ်း နှုတ်ဆက် လိုက်သည်။

"ဒါက ငါတို့နှစ်ယောက် ပထမဦးဆုံး အကြိမ် တွေ့တာပဲ"

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် မှော်နတ်သမီး နတ်ကွန်းထဲတွင် ပထမဦးဆုံး အကြိမ် တွေ့ဖူးခဲ့သော်လည်း တစ်ယောက်နှင့်တစ်ယောက် တရားဝင် တွေ့ဆုံခြင်း မဟုတ်ခဲ့ပေ။

"အဲ့ဒီလိုပဲ ဆိုပါတော့.."

ကျားရှင်းက ပြန်ပြောသည်။ သို့သော်လည်း လင်းဟွမ်၏ ရည်ရွယ်ချက်က ဘာလဲဆိုသည်ကို တွေးတောနေ၏။ လင်းဟွမ်က သူ့ထံ လမ်းလျှောက်လာသည့် အချိန်၌ တိုက်ခိုက်ချင်၍ ယားနေသောလက်ကို ထိန်းထားရသည်။ အကယ်၍ သူသာ တိုက်ခိုက်ခဲ့လိုက်လျှင် လင်းဟွမ် အမွေရ ထားသည့်အကြောင်းကို ကျန်သည့်လူများ သိသွား ပေလိမ့်မည်။

"ငါ ဘယ်သူလဲဆိုတာ မင်းသိတယ်။ ဒါတောင် ငါ့ အနားကပ်ပြီး မတ်တပ် ရပ်ရဲတယ်ဆိုတော့ မင်းကို

သတ္တိရှိတယ်လို့ ပြောရမလား၊ ဒါမှမဟုတ် နုံအလွန်းတယ်ပဲ ပြောရမလား မသိဘူး”

“ငါ မနုံဘူး။ မင်းအနားမှာ မတ်တပ်ရပ်ဖို့လည်း သတ္တိရှိတယ်၊ မင်းငါ့ကို တိုက်ခိုက်မှာ မဟုတ်ဘူး ဆိုတာလည်း ငါသိတယ်”

လင်းဟွမ်က ယုံကြည်နေသည်။

ကျားရှင်း မျက်မှောင်ကြုတ်သွားပြီး အံတင်းတင်း ကျိတ်ထားသည်။ မကြာခင် လင်းဟွမ်ကို စိုက်ကြည့်နေသော သူ့အမူအရာက ပုံမှန် ပြန်ဖြစ်သွားသည်။

"မင်း ဉာဏ်ကောင်းတယ်ဆိုတာ ငါ ဝန်ခံတယ်။ မင်းငါ့ကို ဒီလိုနည်းလမ်းနဲ့ ရန်စတာ အံ့သြစရာတော့ မရှိဘူး.."

"ငါလည်း ဖိအားပေး ခံရလို့ပါကွာ။ ဒီလိုမှ မဟုတ်ရင် ငါထွက်လာတာနဲ့ မင်းငါ့ကို ပြဿနာရှာမှာ မဟုတ်ဘူးလား"

လင်းဟွမ်က လှည့်စားရသည့် အကြောင်းအရင်းကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်သည်။

"ငါ့ဒေါသကို လာမဆွနဲ့။ ဝူမိုက ငါ့အကြောင်း ပြောပြထားမယ်ဆိုတာ သိတယ်"

ကျားရှင်းက လင်းဟွမ်ကို မျက်လုံးမှေးပြီး ကြည့်လိုက်သည်။

“ဟုတ်တယ်။ ပြောပြခဲ့တယ်”

လင်းဟွမ်က ခပ်ပြုံးပြုံးလေး ခေါင်းညိတ်လိုက်သည်။

“ငါ့ကို အရှုးလုပ်သွားတဲ့ ကောင်ကို ဘယ်လို ဆက်ဆံတတ်လည်းဆိုတာ မင်း မသိသေးဘူး ထင်တယ်”

ကျားရှင်းသည် ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။

“ပြောစမ်းပါဦး”

“ငါ့ကို အရှုးလုပ်ရဲတဲ့ ကောင်ကို ခြေတွေ လက်တွေချိုး၊ အရည်ဖျော်ပြီး သောက်ပစ်မယ်။ ကျန်တဲ့

အရာကိုလည်း မလွှင့်ပစ်ဘူး။ အသက်ဆက်ရှင်နေအောင် တစ်မူထူးခြားတဲ့ နည်းလမ်းတွေသုံးပြီး အသက်ဆက်ရှင်အောင် ထိန်းထားပြီးရင် ရင်ကိုခွဲ နှလုံး၊ အဆုတ်၊ ကျောက်ကပ် ကိုယ်တွင်းအင်္ဂါတွေကို ထုတ်ပြီး ဝက်သားတုတ်ထိုး စားသလို တစ်ခုပြီးတစ်ခု ထိုးစားမယ်။ မင်းက သုံးမိနစ်ထက် မနည်း အသက်ရှင်နေစေရမယ်”

“မင်းက အစစ်အမှန် နတ်ဘုရားရဲ့ အမွေကို စွန့်လွှတ်ချင်စိတ် ရှိမယ်ဆိုရင် မင်းကို ငါမသတ်ဘူး။ မင်းမှာ ထူးချွန်တဲ့ အရည်အချင်းတွေ ပါရမီတွေ ရှိတယ်။ မင်းက ငါ့ကျွန်ဖြစ်လာနိုင်တယ်။ ဒီလိုဆိုရင် မင်းရဲ့အသိစိတ် တစ်စိတ်တစ်ပိုင်းက ကျန်နေခဲ့အုံးမယ်”

"ငါ့ကိုတိုက်ခိုက်ရင် မင်းမှာ အနိုင်ရမယ့် အခွင့်အရေး မရှိဘူးဆိုတာ သိထားရမယ်။ အစစ်အမှန် နတ်ဘုရားရဲ့ အမွေကို စွန့်လွှတ်ချင်တဲ့ စိတ်ဆန္ဒရှိရင် မင်း တကယ်လုပ်ခဲ့တဲ့ အမှားတွေ အပါအဝင် အတိတ်က အမှားတွေကိုလည်း ငါ ခွင့်လွှတ်ပေးလိုက်မယ်"

"နားထောင်ရတာတော့ စွဲဆောင်မှုရှိသားပဲ.."

လင်းဟွမ်က စိတ်ပါသလိုလို ပြောလိုက်သည်။

"ငါ့ ကမ်းလှမ်းချက်ကို လက်ခံမလား၊ လက်မခံဘူးဆိုတာ မင်းစဉ်းစားဖို့ တစ်နာရီ အချိန် ပေးမယ်။ မင်းကို ဒီက စောင့်နေမယ်"

ကျားရှင်းက တိုက်တွန်းလိုက်သည်။

လင်းဟွမ်သည် မေးစေ့ကိုပွတ်ရင်း (၁၀) စက္ကန့်ခန့် ငြိမ်သွားသည်။

“အင်း.. .. စဉ်းစားစရာ မလိုဘူး။ ငါ့ စိတ်ထဲမှာ အဖြေရှိပြီးသားပဲ”

“ဒါဆို မင်း ဆုံးဖြတ်ချက်က…..”

“ငါ့ ဆုံးဖြတ်ချက်က.. ..”

လင်းဟွမ်သည် ထိုစကားကို ပြောပြီးနောက် ကျားရှင်းကို ရုတ်တရက် လက်ညှိုးထိုးပြီး ထအော်သည်။

"ဟော့ကောင်တွေ ဒီကိုလာ ဒီကိုလာ။ ဒီကောင်က ကျားရှင်းပဲ..။ အစစ်အမှန် နတ်ဘုရားအမွေကို ဒီကောင် ရထားတယ်"

လင်းဟွမ်၏အသံက လူတိုင်းကို စွဲဆောင်သွားခဲ့ပြီ...

ကျားရှင်းက မှော်နတ်သမီး နတ်ကွန်းထဲမှ နတ်ဘုရား အမွေကို အမွေဆက်ခံထားသူ ဖြစ်ကြောင်း ကြေငြာထားသည်ကို လူတိုင်း ကြားဖူးသဖြင့် မျက်လုံးများ အရောင် တောက်လာကြသည်။ နတ်ဘုရားကျောင်းထဲ ဝင်နိုင်သော လူအနည်းငယ်သည် တစ်မူ ထူးခြားအောင် အားကောင်းကြသည်။ ထို့အပြင် ကျားရှင်းက အမွေရထားသည်ဟု သူတို့က ထင်နေကြသည်။

စိန်ခေါ်မှု တစ်လျှောက်တွင် ကျားရှင်း၏ တိုက်ခိုက်မှုကို တစ်ကြိမ်ထက်မက တွေ့ခဲ့ဖူးသောကြောင့် ထိုလူက ကြောက်စရာကောင်းကြောင်း သူတို့ သိနေကြ၏။

ကျားရှင်းသည် လင်းဟွမ်က ဤကဲ့သို့ ထလုပ်လိမ့်မည်ဟု မမျှော်လင့်ထားပေ။ နတ်ကွန်းထဲတွင် လင်းဟွမ် ကြေငြာစဉ်က သူ့နာမည်ကို လူတိုင်း သိသွားသော်လည်း သူ့ပုံပန်းသဏ္ဍာန်ကို မည်သူမျှ မသိကြပေ။ ထို့ကြောင့် သူက လူအနည်းစုကိုသာ ကိုင်တွယ်ရလိမ့်မည်။

ယခုမူ လင်းဟွမ်က ဖင်ကုန်းပြီး အော်လိုက်သဖြင့် ချက်ချင်းဆိုသလို လူထုကလည်း အာရုံစိုက်လာသည်။

သို့သော်လည်း ကျားရှင်းသည် အမှန်အတိုင်း မပြောနိုင်ပေ။ လူအုပ်ကြီးက သူ့နောက် ပြေးလိုက်လာသည်ကို မြင်လျှင် လင်းဟွမ်ကို လူသတ်ချင်သော မျက်လုံးနှင့် စိုက်ကြည့်ပြီးနောက် ချက်ချင်း ထွက်ပြေးသွားသည်။

ကျားရှင်းက ထွက်ပြေးရန် ကြိုးစားသည်နှင့် လူအုပ်ကြီးသည် ပျားအုံကြီးနောက်မှ လိုက်သွားသကဲ့သို့ လိုက်ပါသွားသည်။

လင်းဟွမ်သည် မူလနေရာတွင် မတ်တပ်ရပ်နေပြီး လူအုပ်ကြီး နောက်မှ လိုက်ဖမ်း၍ အဝေးသို့

ထွက်ပြေးသွားသော ကျားရှင်းကို ကြည့်နေသည်။ ထို့နောက် အောင်ပွဲခံပြီး စပ်ဖြဲဖြဲပြုံးလိုက်ကာ

"ကဲ.. ပြဿနာတစ်ခုတော့ ယာယီ ဖြေရှင်းပြီးပြီ"

# အခန်း(၇၂၄) - မော်နတ်သမီး မျှော်စင်သို့ ပြန်လာခြင်း။

လင်းဟွမ်သည် လူအုပ်ကြီးနောက်မှ လိုက်၍ ထွက်ပြေးနေသော ကျားရှင်းကို ရပ်ကြည့်ပြီးနောက် မူလနေရာမှာပင် မိုးကြိုးကို ဆင့်ခေါ်လိုက်သည်။ မိုးကြိုးနောက်ကျောပေါ် တက်ပြီးနောက် အခြားဦးတည်ရာ တစ်ခုကို လက်ညှိုးညွှန်ပြလိုက်သည်။

"မော်နတ်သမီး မျှော်စင်ကို ပြန်သွားရအောင်"

မိုးကြိုးက တောင်ပံများ တဖျပ်ဖျပ်ခတ်ပြီး ကောင်းကင်ပေါ် ပျံတက်သွားသည်။ သူတို့သည် ယခင်က ပိုင်ဂူနှင့် သူ့မျိုးနွယ်စုများကို တွေ့ခဲ့သော ဝပ်ကျင်းသို့ ဦးတည်၍ ပျံသန်းသွားကြသည်။

သူတို့ ပျံသန်းသွားပြီး ခဏ္တမျှကြာသောအခါ နှင်းများ ထူထပ်နေသော မြေပြင်ထဲမှ အနက်ရောင် အရိပ်တစ်ခု ထွက်ပေါ်လာသည်။ မထင်မှတ်စွာပင် ကျားရှင်း ပြန်ရောက်လာသည်။ မကြာခင် အနက်ရောင်အရိပ်သည် လူသားပုံစံ ပြောင်းလဲသွားသည်။ သူ၏ အသွင်အပြင်ကို ရှင်းရှင်းလင်းလင်း မမြင်ရသေးသော်လည်း ကျားရှင်း ဖြစ်ကြောင်း ထင်ရှားနေသည်။

"ဟာ ဒီကောင်ပြေးတာ မြန်လှချည်လား.."

အနက်ရောင်အရိပ်က ရေရွတ်လိုက်သည်။ အကယ်၍ ဝူမိုသာ အိပ်မပျော်ခဲ့လျှင် ဒါက ကျားရှင်း၏ အသံဖြစ်ကြောင်း သူမ သိနိုင်ပေလိမ့်မည်။

"မင်းကို နောက်တစ်ကြိမ် ခွင့်မပြုတော့ဘူး"

အနက်ရောင် အရိပ်သည် မိုးကြိုးက စက္ကန့်ပိုင်းလေးအတွင်း ပျောက်ကွယ်သွားသည်ကို မြင်လျှင် အနောက်မှ မလိုက်တော့ချေ။ ထိုအစား တိုးတိုးလေး ရေရွတ်လိုက်သည်။ ခဏအကြာ သူ့ခန္ဓာကိုယ်သည် တောက်နေပသော နေရောင်အောက်မှ

နှင်းများကဲ့သို့ အရည်ပျော်သွားပြီး ခန္ဓာကိုယ်က မှေးမှိန်ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် နှင်းထူထပ်နေသော မြေပြင်က အဖြစ်အပျက်ကို သတိမထားခဲ့မိပေ။ မြင်လျှင်ပင် စိတ်ထဲထားမည်မဟုတ်ချေ။ မိုးကြိုး၏ ပျံသန်းမှုအမြန်နှုန်းနှင့်ဆိုလျှင် အင်မော်တယ်အဆင့်လူတစ်ယောက်ပင် မှီအောင် လိုက်နိုင်လိမ့်မည်မဟုတ်ချေ….။

လင်းဟွမ်သည် မိုးကြိုးကိုစီးနှင်း၍ နာရီဝက်ကျော်ကြာအောင် ပျံသန်းလာခဲ့ပြီး နောက်ဆုံးတွင် ပိုင်ဂူနှင့်

သူ့မျိုးနွယ်စုများ ရှိနေသော ဝပ်ကျင်းသို့ ရောက်လာပြီး မိုးကြိုးကို ပြန်သိမ်းလိုက်သည်။

ဝပ်ကျင်းထဲ ဝင်လိုက်သည်နှင့် အမျိုးသမီး တစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

“လင်းရှီ.. မင်း ပြန်ရောက်လာပြီလား”

ထိုအသံကို ကြားပြီးသည်နှင့် လင်းဟွမ်ရှေ့တွင် ပန်းရောင်အရိပ်တစ်ခု ပေါ်လာသည်။ ဒေါင်းအာပင်။

“လင်းရှီ၊ မင်း... မှော်နတ်သမီး နတ်ကွန်းထဲက ပြန်ထွက်လာတာလား”

အရုပ်နှင့်တူနေသော ဒေါင်းအာသည် လေထဲ ပျံ့ဝဲနေပြီး သူမသိချင်သော မေးခွန်းများကို တရစပ် မေးနေခဲ့သည်။

“ငါ မှော်နတ်သမီး နတ်ကွန်းထဲ ဝင်သွားတာ မင်း ဘယ်လို သိတာလဲ”

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

“မျိုးနွယ်စုခေါင်းဆောင်က ငါ့ကိုပြောတာ”

ဒေါင်းအာက သူမကိုယ်သူမ ဂုဏ်ယူနေသည်။

“လွန်ခဲ့တဲ့ ရက်ပိုင်းက မှော်နတ်သမီး နတ်ကွန်းကနေ ဝပ်ကျင်းစခန်းထဲ ပြန်ပို့ပေးတာ ခံလိုက်ရတယ်။

အဲ့ဒီကတည်းက မင်းကို မတွေ့တော့လို့ မင်း မှော်နတ်သမီး မျှော်စင်ထဲမှာ လှေကျင့် နေမယ်လို့ ထင်ခဲ့တာ။ မျိုးနွယ်စု ခေါင်းဆောင်က မင်း မှော်နတ်သမီး နတ်ကွန်းထဲကနေ ထွက်သွားတာ သုံးရက်ရှိပြီလို့ ပြောတယ်။ နောက်ပြီးတော့ မင်းတစ်ယောက်တည်း မှော်နတ်သမီး နတ်ကွန်းထဲ ဝင်သွားတယ်လို့လည်း ပြောသေးတယ်”

“ဟုတ်တယ် မင်းပြောတာ အမှန်ပဲ။ ငါ လေ့ကျင့်ပြီးတာနဲ့ မှော်နတ်သမီး နတ်ကွန်း ဖွင့်တယ်ကြားလို့ ချက်ချင်း ပြေးသွားတာ”

လင်းဟွမ်သည် ဒေါင်းအာ၏စကားကို ကြားလိုက်လျှင် ပိုင်ဂူက သူ မှော်နတ်သမီးနတ်ကွန်းသော့ ရထားသည့် အကြောင်းအား မပြောပြထားသည်ကို သိလိုက်ရသည်။ ထို့ကြောင့် ပိုင်ဂူ၏ ဇာတ်လမ်းအတိုင်း လိုက်၍ လိမ်ညာလိုက်သည်။

"ဒီနေ့က မှော်နတ်သမီး နတ်ကွန်း ဖွင့်တာ နောက်ဆုံးနေ့ပဲ။ စိန်ခေါ်မှု တော်တော်များများကို မင်း ဖြတ်ကျော်နိုင်ခဲ့တယ် ထင်တယ်။ ဟုတ်လား.."

ဒေါင်းအာက မေးလိုက်သည်။

"မဖြတ်ကျော် နိုင်ခဲ့ဘူး။ ငါက (၇) ခုမြောက် ဘုရားကျောင်းထဲမှာ ပိတ်မိနေခဲ့တာ။ မှော်နတ်သမီး

နတ်ကွန်းက ပိတ်သွားလို့ အဲ့ဒီအဆင့်ကိုတောင် မဖြတ်ကျော်လိုက်ရဘူး”

လင်းဟွမ်က လိမ်ညာလိုက်သည်။ မှော်နတ်သမီး နတ်ကွန်း၏ လုပ်ပိုင်ခွင့် တစ်စိတ်တစ်ပိုင်းကို ပိုင်ဆိုင်ထားသောကြောင့် မှော်နတ်သမီး နတ်ကွန်း၏ တည်ဆောက်ပုံနှင့် စမ်းသပ်မှု အကြောင်းအရာကို ကောင်းကောင်း သိနေသည်။

“မင်း ကောင်းကောင်း လုပ်ခဲ့တာပဲ။ ငါကတော့ တတိယမြောက် ဘုရားကျောင်းတောင်မှ မအောင်ခဲ့ဘူး”

ဒေါင်းအာက ဝမ်းနည်းနေသည်။

သူတို့နှစ်ယောက် စကားပြောနေစဉ် ရင်းနှီးသော အသံတစ်ခုကို ထပ်ကြားလိုက်ရသည်။

“ဒေါင်းအာ.... သူ့ကို လမ်းမပိတ်ထားနဲ့.. ဝင်ခိုင်းလိုက်..”

မျိုးနွယ်စု ခေါင်းဆောင် ပိုင်ဂူပင်။

ဒေါင်းအာသည် လျှာလေး တစ်လစ်ထုတ်ပြီး ဘေးဖယ် ပေးလိုက်သည်။

လင်းဟွမ်သည် ခေါင်းမော့ပြီး ပိုင်ဂူကို လှမ်းကြည့်လိုက်ပြီးနောက်

“မင်္ဂလာပါ ခေါင်းဆောင်”

"မင်း ပြောချင်တာ ရှိရင် လွတ်လွတ်လပ်လပ် ပြောလို့ရတယ်"

ပိုင်ဂူက တုတ်ကောက်လေးကို မြေပေါ်ထောက်ပြီး ပြောလိုက်သည်။ လင်းဟွမ်ထံ လှမ်းကြည့်သော သူ့မျက်လုံးများက ချောင်ကျနေသည်။

"ဟုတ်"

လင်းဟွမ်က ဖြေလိုက်သည်။

ဒေါင်းအာ၏ခေါင်းကို ချစ်ကြည်ရင်းနှီးစွာ ထိပြီးနောက် ပိုင်ဂူထံ လျှောက်သွားလိုက်သည်။

ဒေါင်အာသည် နောက်မှ မလိုက်ခဲ့ပေ။ သူတို့နှစ်ယောက် ပျောက်ကွယ်သွားသည်ကို ကြည့်ပြီးနောက် ဒေါင်းအာက အခြားတစ်ဖက်ကို ဦးတည်ပြီး ထွက်သွားခဲ့သည်။

ပိုင်ဂူက လင်းဟွမ်ကို မော့်နတ်သမီး မျှော်စင်ထဲ ပြန်ခေါ်သွားသည်။

ကျောက်တုံး မျက်နှာကြီးသည် လင်းဟွမ်ကို နောက်တစ်ကြိမ် ပြန်မြင်သောအခါ မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားသည်။

"ကောင်လေး..... မင်း ပြန်လာတာလား"

"ဘာလဲ ငါ့ကို မကြိုဆိုဘူးလား"

လင်းဟွမ်က ပြုံးလိုက်သည်။

"အမြဲတမ်း ကြိုဆိုပါတယ်ကွာ"

ကျောက်တုံးမျက်နှာကြီးက အပြုံးနှင့် ပြန်ဖြေသည်။ အတန်ကြာ စကားပြောပြီးနောက် လင်းဟွမ်နှင့် ပိုင်ဂူတို့သည် မှော်နတ်သမီး နတ်ကွန်း ပထမအထပ်သို့ ဝင်ခဲ့ကြသည်။ ဤအခန်းထဲကို ပထမဆုံးဦးအကြိမ် ခေါ်လာခြင်းပင်။

"ထိုင်ပါဦး.."

ထို့နောက် ပိုင်ဂူသည် လင်းဟွမ်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။

"မှော်နတ်သမီးနဲ့ ဆုံပြီးပြီလား။ သူမ အဆင်ပြေရဲ့လား"

ပိုင်ဂူသည် စမ်းသပ်မှုရလဒ်နှင့် သက်ဆိုင်ခြင်း လုံးဝ မရှိသော မေးခွန်းကို ကောက်မေးလိုက်သည်။

လင်းဟွမ်သည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် မေးခွန်းကို အဖြေပေးလိုက်သည်။

"အင်း အဆင်ပြေတယ်.. သူမ အသိစိတ် ကျန်နေသေးတယ်"

"ဒါဆို ကောင်းတယ်"

ပိုင်ဂူ ခေါင်းညိတ်လိုက်သည်။ ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် သူက

“မင်း အမွေရခဲ့လား။ ရိုးရိုးသားသားဖြေပေးပါ။ ငါလည်း မမေးချင်ဘူး ။ ဒါပေမယ့် သိဖို့လိုနေတယ်”

“အမှန်အတိုင်း ပြောစေချင်တာလား၊ လိမ်စေချင်တာလား”

လင်းဟွမ်က ပြုံးပြီးမေးလိုက်သည်။

“လိမ်ပါ..”

“ကျားရှင်းလို့ ခေါ်တဲ့လူတစ်ယောက်က အမွေရသွားတယ်.. အတုယောင် နတ်ဘုရား ဝူကျန်းလို့ ခေါ်တဲ့လူက သူ့ခန္ဓာကိုယ်ကို သိမ်းပိုက်ထားတယ်”

လင်းဟွမ် ပြန်ဖြေလိုက်သည်။

“ငါ နားလည်ပြီ”

ပိုင်ဂူ ခေါင်းညိတ်လိုက်ကာ ဖြည်းဖြည်းချင်း ထပြီး တုတ်ကောက်ကို ကောက်ကိုင်လိုက်သည်။

“မင်း လွင့်မျောကုန်းမြေပေါ်မှာ ဆက်နေရဖို့ အချိန်သိပ်မကျန်တော့ဘူး။ ကျန်တဲ့ အချိန်တွေကို ကောင်းကောင်း အသုံးချ.. ငါထပ်ပြီး မနှောင့်ယှက်တော့ဘူး”

"အမုန်တရားကို မသိချင်တော့ ဘူးလား.."

လင်းဟွမ်က မေးလိုက်သည်။

"မလိုဘူး။ အဖြေ သိပြီးသားပါ"

ပိုင်ဂူသည် မတ်တပ်ထရပ်ပြီးနောက် တံခါးကို တွန်းဖွင့်လိုက်သည်။ ထို့နောက် နောက်ပြန် လှည့်ကြည့်ခြင်း မရှိဘဲ မှော်နတ်သမီး မျှော်စင်ထဲမှ ထွက်ခွာသွားသည်။

လင်းဟွမ်သည် ပိုင်ဂူ ထွက်ခွာသွားသည်ကို ကြည့်ပြီးနောက် မှော်နတ်သမီး မျှော်စင်၏ ကိုးထပ်မြောက်တွင် ပေါ်လာသည်။

မော်နတ်သမီး မျှော်စင်ကို ဒုတိယအကြိမ် ဖြတ်သန်းသောအခါ စမ်းသပ်မှုများကို ဖြတ်ကျော်ရခြင်း မရှိတော့ပေ။ ထိုအစား သွားချင်သည့်နေရာကို ချက်ချင်း သွားနိုင်သည်။

ကိုးထပ်မြောက်တွင်....

လင်းဟွမ်သည် ထိုင်ချလိုက်ပြီး စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို စတင် လေ့ကျင့်လိုက်သည်။

လင်းဟွမ်သည် မော်နတ်သမီး မျှော်စင်၏ ကိုးထပ်မြောက်တွင် ရှိသောအခါ သူ့လေ့ကျင့်မှု အမြန်နှုန်းက အဆ (၂၀) ပိုမြန်ကြောင်း သိနေသည်။

တစ်နာရီ အတွင်းမှာပင် စွမ်းရည်ကတ် အပိုင်းအစ ရှစ်သောင်းကျော် စုဆောင်းနိုင်ခဲ့သည်။

ဒါသည် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ် လေ့ကျင့်ရန်အတွက် ကောင်းကင်ဘုံ တစ်ခုကဲ့သို့ပင်။ ဝိညာဉ်စွမ်းအားက အဆ (၅၀၀) ကျော် ပိုသိပ်သည်း နေသောကြောင့် စစ်တပ် တိုက်ခိုက်ရေးနည်းစနစ်ကို အဆင့် (၁၀) ထိ ရောက်ရှိအောင် လေ့ကျင့်ချင်နေသည်။

လင်းဟွမ်သည် ထိုင်ချလိုက်ပြီး ခန္ဓာကိုယ်ထဲတွင် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို စတင် လည်ပတ်ရာ မျှော်လင့်ထားသည့်အတိုင်း စွမ်းရည်ကတ်

အပိုင်းအစများကို စုဆောင်းနိုင်ခဲ့သည်။ မကြာခင် လင်းဟွမ်သည် လေ့ကျင့်မှုအတွင်း နစ်မြုပ်သွားသည်။

ဤကဲ့သို့ဖြင့် (၃) ရက် ကြာမြင့်သွားခဲ့သည်။

.....

မျိုးနွယ်ဝင်များ၏ ဝပ်ကျင်းစခန်းနှင့် ကီလိုမီတာ ထောင်နှင့်ချီ ဝေးကွာသော နှင်းများထူထပ်နေသည့် မြေပြင်တွင် လူအယောက် (၂၀) က ပိန်ပိန်ပါးပါး လူတစ်ယောက်ကို ဝန်းရံထားသည်။ ပို၍ တိတိကျကျ ပြောရမည်ဆိုလျှင် လူသား (၆) ယောက်ဖြစ်ပြီး ကျန်သည့်လူများက ရုပ်သေးပုံစံ အမျိုးမျိုး ဖြစ်နေသော ဒေသခံ မျိုးနွယ်ဝင်များပင် ။

"ကျားရှင်း၊ မှော်နတ်သမီးရဲ့အမွေကို စွန့်လွှတ်လိုက်။ အဲ့ဒါကို မင်းကိုယ်တိုင် မယူသွားနိုင်ဘူး"

မျိုးနွယ်ဝင်တစ်ယောက်က ပြောလိုက်သည်။

"ကျားရှင်း။ မင်း သန်မာတယ်ဆိုတာ ငါတို့ လက်ခံတယ်။ ဒါပေမယ့် ငါတို့ထဲမှာလည်း ဘယ်သူမှ အားမနည်းဘူး"

"အေး.. တစ်ယောက်ချင်း တိုက်ရင်တော့ မင်းကို အနိုင်ရဖို့ ခဲယဉ်းတယ်။ ဒါပေမယ့် ငါတို့ဘက်မှာ လူအယောက် (၂၀) ရှိတယ်။ အားကုန်မဲ့အတူတူ မကြိုးစားပါနဲ့တော့ ။ ဒီဟင်းလင်းပြင် ကိုလည်း

ပိတ်လှောင် ပြီးသွားပြီ။ ဒီတစ်ကြိမ် မင်း...ထွက်ပြေးနိုင်မှာ မဟုတ်တော့ဘူး..”

“ငါ့မှာ အမွေမရှိပါဘူးလို့ မင်းတို့ကို ပြောခဲ့တာ ရေတောင် မရေတွက် နိုင်တော့ဘူး။ အမွေရသွားတဲ့ ကောင်က ငါ့ကို ချောက်ချသွားတာ”

ကျားရှင်းက ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။

“မင်း အရူး လုပ်ချင်တာလား။ အဲ့ဒီလူက ဘယ်သူလဲ ပြောပြ။ အဲ့ဒီလူနဲ့ မျက်နှာချင်းဆိုင် စကားပြောမယ်..”

လူတစ်ယောက်က အဆိုပြုသည်။

“ဘယ်သူလဲဆိုတာ ငါလည်း မသိဘူး..”

ကျားရှင်းက လင်းဟွမ်အကြောင်း ထုတ်ပြောရန် တွန့်ဆုတ်နေ၏။

"ဒါဆိုလည်း မင်းကိုသတ်ပြီး မင်း အလောင်းထဲကနေ အမွေကို ဆွဲထုတ်မယ်.."

# အခန်း(၇၂၅) - ရရှိနိုင်သော ဒဏ္ဍာရီအဆင့်ကတ်

နှင်းမြေပြင်ပေါ်တွင် လူသေအလောင်းများ ပြန့်ကျဲနေသည်။

လူ (၂၃) ဦးမှာ ချက်ချင်း သေဆုံးသွားပြီး အချို့က သူတို့၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာအများအပြား ရရှိထားသည်။ သူတို့ထဲမှ အနည်းစုက ခေါင်းဖြတ်ခံထားရသည်။ ထိုအလယ်တွင် ပိန်ပိန်ပါးပါး လူတစ်ယောက် မတ်တပ်ရပ်နေပြီး သူ့ခါးတွင် သွေးများစိုရွှဲနေ၏။

"ဒီတစ်ခါတော့ ငါ ကံကောင်းတယ်။ ဒီလက်ခံကောင် ခန္ဓာကိုယ်ရဲ့ ဓါးတာအိုက ဒီလောက် ထက်မြက်နေမယ်လို့ မထင်ထားမိဘူး။ အနီးကပ် တိုက်ခိုက်မှုမှာ အားနည်းတဲ့ ငါတို့ မျိုးနွယ်စုတွေအတွက် အားသာချက်ပဲ"

ကျားရှင်းသည် ဓါးကို သိမ်းပြီးနောက် အလောင်းများကို စတင် ရှာဖွေလိုက်သည်။ အလောင်းများထဲမှ ရတနာရှာဖွေရန် စိတ်မဝင်စားပေ။ သို့သော်လည်း ကျားရှင်းကို ခန္ဓာကိုယ်ကို သိမ်းပိုက်ပြီးနောက် အစောပိုင်းက မှော်နတ်သမီး နတ်ကွန်းထဲမှ ရရှိခဲ့သည့် လက်ချောင်းအရိုးမှလွဲ၍ အဖိုးတန်ပစ္စည်း ဘာမှမရှိချေ။ ထို့အပြင် သူ၏

တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်ရန် အရင်းအမြစ်များစွာ လိုအပ်သောကြောင့် သူ၏မာနကို နှိမ့်ချပြီး အင်ပါယာအဆင့်တွင် မရှိသေးသော လူများထံမှ ပစ္စည်းများ ရှာဖွေနေရခြင်းပင်....။

ကျားရှင်းသည် အလောင်း (၂၃) လောင်းကို ရှာဖွေပြီးနောက် စိတ်ပျက်စွာ ခေါင်းခါလိုက်သည်။

"နတ်ဘုရား တစ်ပိုင်း ခတ်ကြွင်းတောင် မရှိဘူး။ သူတို့ရဲ့ အင်ပါယာနှလုံးသား လက်စွပ်ထဲမှာ ဘာရှိမှန်းလည်း မသိဘူး။ နောက်မှ လူတစ်ယောက်ယောက်ကို ရှာပြီး ဖွင့်ခိုင်းရမယ်"

"တောက်စ်... တော်တော်လေး စောက်လုပ်ရှုပ်တယ်"

"မော်နတ်သမီး နတ်ကွန်းသော့ ရထားတဲ့ကောင်ကို ငါမရှာနိုင်ဘူးဆိုတော့ မော်နတ်သမီး မျှော်စင်ထဲမှာ ပုန်းနေတာပဲ ဖြစ်ရမယ်။ မနက်ဖြန်ကျရင် တစ်လပြည့်ဖို့ နောက်ဆုံးနေ့ပဲ။ မော်နတ်သမီး မျှော်စင် (၁၂) ခုပဲ ရှိတာဆိုတော့ ငါ့ မျိုးနွယ်ပိုင်တဲ့တစ်ခုကို နှုတ်လိုက်ရင် (၁၁) ခု ကျန်သေးတယ်။ အဲ့ဒီ မော်နတ်သမီး မျှော်စင် (၁၁)ခုထဲမှာ လူသားတွေကို မတိုက်ခိုက်တာက (၇) ခုပဲ ရှိတယ်။ အဲ့ဒီမျိုးနွယ်စု (၇) ခုကပဲ လူသားတွေကို ဝင်ခွင့်ပေးနိုင်တာ။ (၂) ရက်အတွင်းမှာ ကျန်တဲ့ဝပ်ကျင်း စခန်း (၇) ခုကို သွားလည်ဖို့ လုံလောက်ပါတယ်"

“လွင့်မျောကုန်းမြေ ပေါ်မှာပဲ ဒီကောင်လေးကို သတ်နိုင်မယ်ဆိုရင်တော့ ပိုလွယ်လိမ့်မယ်။ ဒီကောင်က ပါရမီရှင် တစ်ယောက်ပဲ။ အပြင်မှာဆို သူ့ကို ကာကွယ်ပေးမယ့်လူတွေ ရှိမှာပဲ။ ငါ့ရဲ့ အခုလက်ရှိ အခြေအနေကလည်း နတ်ဘုရားတစ်ပိုင်း မပြောနဲ့ နည်းနည်းလောက် အစွမ်းထက်တဲ့ အင်ပါယာ အဆင့်တွေတောင် မကိုင်တွယ်နိုင်သေးဘူး။ လူ တော်တော်များများကလည်း အမွေကို မျက်စိ ကျနေတော့ ပြိုင်ဆိုင်မှုက ပိုပြင်းထန်လာနိုင်တယ်။ ဒီတော့ မနက်ဖြန်မနက် မတိုင်ခင် ဒီကောင့်ဆီက အမွေရအောင် ယူရမယ်။ ပြီးမှပဲ မျက်နှာပြောင်းပြီး ထွက်သွားတော့မယ်…”

ကျားရှင်းသည် အစီအစဉ် ရေးဆွဲပြီးနောက် လေထဲ ပျံတက်ကာ အဝေးသို့ လှမ်းကြည့်လိုက်သည်။

"ဒါပေမယ့် အကူတစ်ယောက်တော့ ရှာရမယ်"

ထို့နောက် သူကြည့်နေသော နေရာသို့ မြားတစ်စင်းအလား ပြေးထွက်သွားသည်။

...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။

လင်းဟွမ်သည် မှော်နတ်သမီး မျှော်စင်၏ ကိုးထပ်မြောက်တွင် နေခဲ့သည်မှာ လေးရက်ရှိနေပြီ။ ဤလေးရက်တာ ကာလအတွင်း၌ အိပ်စက် အနားယူရန်

စိတ်မကူးဘဲ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အာရုံစိုက်ကာ လေ့ကျင့်နေခဲ့သည်။

တစ်နေ့လျှင် စွမ်းရည်ကတ် အပိုင်းအစ နှစ်သန်းကျော် စုဆောင်း နိုင်ခဲ့သည်။ အစပိုင်းတွင် သူစုဆောင်းခဲ့သော ကတ်အပိုင်းအစ နှစ်သန်းနှင့် ထည့်ပေါင်းလိုက်ပါက စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် အဆင့် (၁၀) ရောက်ရှိရန် လိုအပ်သောပန်းတိုင်နှင့် နီးကပ်နေပြီ ဖြစ်သည်။

လေးရက်မြောက်နေ့ ညသန်းခေါင်ယံ....

လင်းဟွမ်သည် ကတ်အပိုင်းအစ ရှစ်သန်းကို စုဆောင်းပြီးသော်လည်း အားကြိုးမာန်တက် ဆက်လုပ်နေဆဲပင်.....

ရှစ်သန်းခွဲ...

ကိုးသန်း....

ကိုးသန်းခွဲ...

နောက်ဆုံး၌ လင်းဟွမ်သည် စစ်တပ်တိုက်ခိုက်ရေးနည်းစနစ် ကတ်အပိုင်းအစ ဆယ်သန်းကို စုဆောင်းနိုင်ခဲ့ပြီး ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် ကတ်အပိုင်းအစ ဆယ်သန်း စုဆောင်းနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် အဆင့် (၁၀) တက်လှမ်းဖို့ ကတ်အပိုင်းအစ ဆယ်သန်း အသုံးပြုချင်သလား..."

"အသုံးပြုမယ်"

လင်းဟွမ်သည် နှစ်ခါပြန်မတွေးဘဲ ဆုံးဖြတ် လိုက်၏။

"စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် ကတ်အပိုင်းအစ ဆယ်သန်းကို သုံးစွဲနေပါတယ်။ စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်... အဆင့်တက်လှမ်းမှု အောင်မြင်သွားပါပြီ"

"ဒဏ္ဍာရီအဆင့် ကျင့်စဉ်ကတ် - ကံကြမ္မာ လမ်းလွှဲကျမ်းစာကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ဒဏ္ဍာရီအဆင့်ကတ်လား… ငါ အသက်မသွင်းနိုင်ဘူးမဟုတ်လား"

လင်းဟွမ်က မေးလိုက်သည်။

"ကံကြမ္မာ လမ်းလွှဲကျမ်းစာကတ်က စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်က ဆင့်ကဲပြောင်းလဲလာလို့ အခြေအနေက တစ်မူထူးခြားတယ်။ ဒါက ဒဏ္ဍာရီကတ်ဆိုပေမယ့် အသက်သွင်းဖို့အတွက် ကန့်သတ်ထားခြင်းမရှိဘူးဘဲ "

"ဒါဆို ငါက တိုက်ရိုက် ကျင့်ကြံလို့ရတာပေါ့"

လင်းဟွမ်သည် ဒဏ္ဍာရီအဆင့်ကတ်ကို စတင်အသုံးပြုနိုင်ကြောင်း အတည်ပြုပြီးနောက် လေးရက်တာ ပင်ပန်းနွမ်းနယ်မှု မှန်သမျှ အားလုံးကို မေ့လျော့သွားခဲ့သည်။

"ဟုတ်တယ်"

"ကတ်ရဲ့ ဖော်ပြချက်ကို မင်းဘာသာမင်း ဖတ်ကြည့်လိုက်"

လင်းဟွမ်သည် အမြွာကံကြမ္မာ ကျမ်းစာကတ်ကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။

"အထူး ကံကြမ္မာကျင့်စဉ်ကတ်"

"ကံကြမ္မာကျင့်စဉ် နာမည် - ကံကြမ္မာလမ်းလွဲ ကျမ်းစာ"

"ရှားပါးမှုအဆင့် - ဒဏ္ဍာရီ"

"ဆန်းကြယ် အဆင့် - ကံကြမ္မာ လမ်းလွဲ လည်ပတ်ခြင်း တစ်ပတ် (၀/၁ သန်း)"

"ကံကြမ္မာလမ်းလွဲ ကိုးကြိမ်လည်ပတ်ခြင်း - ဒါက မင်းရဲ့ခန္ဓာကိုယ် ဖွဲ့စည်းပုံ၊ စိတ်ဝိညာဉ် ခွန်အား၊ အမြန်နှုန်း၊ လိုက်လျောညီထွေဖြစ်မှု စတဲ့ အားလုံးကို နှစ်ဆ တိုးမြင့်လာလိမ့်မယ်။ လည်ပတ်ခြင်း ကိုးကြိမ် ပြည့်သွားရင် မင်းခန္ဓာကိုယ်က အတုယောင်နတ်ဘုရား အဖြစ် တိုက်ရိုက် ပြောင်းလဲသွားလိမ့်မယ်"

"ကံကြမ္မာ ကိုးကြိမ်လည်ပတ်ခြင်း - မင်းရဲ့ လုပ်ပိုင်ခွင့်ကို ကန့်သတ်ထားလို့ အကျိုးသက်ရောက်မှုကို မသိရသေးဘူး"

"ကတ်မှတ်ချက် - စောက်ရမ်း မိုက်တယ်"

ဒါသည် ရှောင်ဖိန်ထံမှ အင်မတန် ကောင်းမွန်သော မှတ်ချက်ကို ပထမဦးဆုံးအကြိမ် မြင်ရခြင်းပင်။ သို့သော်လည်း သာလွန်အဆင့်ကို ရောက်သည်နှင့် ကျင့်ကြံခြင်း နည်းစနစ်၊ မွန်းစတား စွမ်းရည်များက ရုပ်ပိုင်းဆိုင်ရာ ခွန်အားနှင့် အခြားအရာများကို မြှင့်တင်ပေးနိုင်မည် မဟုတ်ကြောင်း မစ္စတာဖူး ပြောခဲ့သည်ကို ပြန်ပြောင်း သတိရသွားသည်။

ယခုမူ သူရရှိထားသော ကျင့်ကြံခြင်း နည်းစနစ်က အင်မတန် ရှားပါးလွန်းသောကြောင့် ရှောင်ဖိန်၏ ချီးကျူးမှုကိုပင် ရရှိသွားသည်။

“(ဝ/၁)သန်း မှားနေတာလား။ ကျင့်စဉ်ရဲ့ ပထမအဆင့် လည်ပတ်မှု ပြီးမြောက်ဖို့အတွက် ကတ်အပိုင်းအစ တစ်သန်း လိုအပ်တယ်လို့ ဆိုလိုတာလား”

လင်းဟွမ်က ရှောင်ဖိန်ကို မေးလိုက်သည်။

“ဟုတ်တယ်...”

“ဒါဆိုရင် ဒုတိယနဲ့ တတိယမြောက် အလှည့်ကျတော့ ဘယ်လောင်တောင် လိုမှာလဲ။ အလှည့်တိုင်းမှာ

ကတ်အပိုင်းအစ အတူတူပဲ လိုမယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒါဆိုရင် လည်ပတ်ခြင်းကိုးခုက ကျွမ်းကျင်ဖို့ အရမ်း လွယ်သွားလိမ့်မယ်”

“လည်ပတ်မှု တစ်ခုစီတိုင်းမှာ ကတ်အပိုင်းအစ လိုအပ်ချက်က နှစ်ဆ တိုးလာမယ်…”

“ဟာ… မဖြစ်နိုင်ဘူး။ ပထမအဆင့် လည်ပတ်ဖို့အတွက် ကတ်အပိုင်းအစ တစ်သန်း လိုတယ်။ ကိုးကြိမ်မြောက် လည်ဖို့အတွက်ဆိုရင် ကတ်နှစ်ဘီလီယံကျော် လိုမယ်လို့ ပြောချင်တာ မဟုတ်ဘူးလား”

လင်းဟွမ်က ကြောက်လန့်တကြား မေးလိုက်သည်။

"သဘောတရားတော့ အမှန်ပဲ။ ဒီကျင့်ကြံခြင်း နည်းစနစ်က ကျွမ်းကျင်ဖို့ ခက်ခဲတယ်"

ကတ်အပိုင်းအစ လိုအပ်ချက်က ကြောက်စရာ ကောင်းသော်လည်း လင်းဟွမ်သည် သူ့ကိုယ်သူ လျင်မြန်စွာ တည်ငြိမ်အောင် ထိန်းချုပ်နိုင်လိုက်သည်။

နောက်ဆုံး၌ ဤကျင့်စဉ်သည် ဒဏ္ဍာရီအဆင့်တွင် ရှိနေသည်။ ထို့အပြင် သူသာ လည်ပတ်ခြင်းကိုးခုကို ပြီးမြောက် အောင်မြင်ပါက ချက်ချင်းဆိုသလို အတုယောင် နတ်ဘုရားတစ်ပါး ဖြစ်လာလိမ့်မည်။

ခက်ခဲလှ၏။ ထိုကဲ့သို့ မဟုတ်ပါက ထိုခေတ်ကာလတွင် တူညီသော ကျင့်စဉ်ကို

ကျင့်ကြံခဲ့သည့် လူတိုင်းသည် လက်ဖျောက်တစ်ချက် တီးရုံနှင့် အတုယောင် နတ်ဘုရားများ ဖြစ်လာပေလိမ့်မည်။

"မှော်နတ်သမီး မျှော်စင်ရဲ့ ကိုးထပ်မြောက်က ကျင့်ကြံဖို့အတွက် ပြီးပြည့်စုံတဲ့ နေရာတစ်ခုပဲ။ အရမ်း ကောင်းတယ်။ ကံကြမ္မာလမ်းလွဲ ကျမ်းစာကို ဒီနေရာမှာ လေ့ကျင့်နိုင်ရင် တော်တော်လေး ကောင်းလိမ့်မယ်"

နတ်သမီး မျှော်စင် ကိုးထပ်မြောက်တွင် ကျင့်ကြံခြင်းက အပြင်ဘက်တွင် လေ့ကျင့်ရသည်ထက် အဆနှစ်ဆယ် ပိုမြန်သည်။ ကံကြမ္မာ လမ်းလွဲကျမ်းစာအတွက် ကတ်အပိုင်းအစ

အမြောက်အများ လိုအပ်သောကြောင့် လင်းဟွမ်သည် မျှော်စင်ထဲတွင် လေ့ကျင့်ချင်နေသည်။

"မနက်ဖြန်က နောက်ဆုံးနေ့ပဲ။ တကယ်လို့ မင်း မထွက်သွားရင် ပြည်ထောင်စုအစိုးရ လူတွေက မင်းကို သတ်လိမ့်မယ်"

ရှောင်ဖိန်က သတိပေးလာသည်။

"ငါ သိတယ်။ အဲ့ဒါက တော်တော်လေး ဆိုးတာပဲ"

လင်းဟွမ်သည် ကူကယ်ရာမဲ့စွာ ခေါင်းခါလိုက်သည်။

"ဒါပေမယ့် တစ်ရက်ခွဲ ကျန်သေးတယ်။ ကံကြမ္မာလမ်းလွဲ ကျမ်းစာ ကတ်အပိုင်းအစ ဘယ်လောက်ရမလဲဆိုတာ ကြည့်လိုက်ဦးမယ်"

"အို… နောက်ဆုံးတော့ မင်း နိုးလာပြီပေါ့။ ပိုင်ဂူက မင်းကိုရှာနေတယ်"

လင်းဟွမ် နောက်တစ်ကြိမ် ပြန် မလေ့ကျင့်ရသေးခင် မျက်နှာကြက်ပေါ်မှ ကျောက်တုံး မျက်နှာကြီး ပေါ်လာသည်။

# အခန်း(၇၂၆) - ရာသီဥတုက သာယာတာပဲ.. ခွေးလေးနဲ့ လမ်းလျှောက်ထွက်ကြတာပေါ့။

လင်းဟွမ်သည် (၉) ထပ်မြောက်မှ ပထမအထပ်သို့ ပြန်ဆင်းလာကာ ညွှေ့ခန်းထဲတွင် ရှိနေသော ပိုင်ဂူထံ တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။ တံခါး ခေါက်လိုက်စဉ် ပိုင်ဂူ၏အသံကို ကြားလိုက်ရသည်။

"အဲ့ဒီလို မလုပ်ဘဲ တစ်ခါတည်းဝင်လာလိုက် ပြီးရော"

လင်းဟွမ်သည် လမ်းလျှောက် လာပြီးနောက် ထိုင်ခုံပေါ်တွင် တင်ပျဉ်ခွေထိုင်နေပြီး သူ့အား ထိုင်ရန် လက်ဟန် အမူအရာပြနေသော ပိုင်ဂူကို တွေ့လိုက်ရသည်။

လင်းဟွမ်သည် ထိုင်ခုံယူထိုင်ပြီးနောက် ချက်ချင်း

“ငါ့ကို ရှာနေတာလား။ ခေါင်းဆောင်”

“တစ်ယောက်ယောက်က မင်းကို လိုက်ရှာနေတယ်လို့ ကြားထားတယ်။ မှော်နတ်သမီးရဲ့ အမွေကြောင့်ပဲ ဖြစ်နိုင်တယ်”

ပိုင်ဂူက တိုက်ရိုက် ပြောလိုက်သည်။

"ဝူကျန်း ထင်တယ်"

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။ သဘောတရားအရ မှော်နတ်သမီးအမွေအား သူ ရရှိထားအကြောင်းကို သိသောလူမှာ ဝူကျန်း တစ်ယောက်တည်းသာ ရှိသည်။ ဝူကျန်းက ဤလျှို့ဝှက်ချက်အား အခြားသူ တစ်ယောက်ကို ပြောမည့်အချက်မှာ တော်တော်လေး မဖြစ်နိုင်ပေ။

"သူပဲ....။ သူက ဩဇာကြီးမားတဲ့ သားစဉ်မြေးဆက်တွေပါ တကယ် ဆွဲဆောင်နိုင်မယ်လို့ မထင်ထားခဲ့မိဘူး"

ပိုင်ဂူက ခေါင်းငြိမ့်ပြီး ပြန်ပြောလိုက်သည်။

"သူ့အပြင် တစ်ခြားလူတွေ ရှိသေးတာလား"

လင်းဟွမ်သည် ပိုပြီး မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်တယ် မျိုးနွယ်စု တစ်စုစီတိုင်းက အစွမ်းထက်တဲ့လူတွေ အားလုံးနီးပါး ပါလာတယ်။ နတ်ဘုရားတစ်ပိုင်း အဆင့်တောင် ပါလာသေးတယ်။ သူတို့က မှော်နတ်သမီးရဲ့ အမွေအတွက်ပဲ ထွက်လာကြတယ်လို့ ခံစားရတယ်"

ပိုင်ဂူက မျက်လုံးအိမ်မရှိသော မျက်လုံးပေါက်ကြီးနှင့် လင်းဟွမ်ကို လှမ်းကြည့်လိုက်သည်။

"ငါ ဒီရောက်နေတယ်ဆိုတာ သူတို့ ဘယ်လို သိတာလဲ"

လင်းဟွမ် နားမလည်နိုင် ဖြစ်နေသည်။

"မင်း ဘယ်မှာရှိနေလဲဆိုတာ အတိအကျတော့ မသိသေးဘူး။ ဒါပေမယ့် မင်းက မှော်နတ်သမီး မျှော်စင်ရဲ့အပြင်ဘက်မှာ ရှိနေရင် မင်းရဲ့ကိုသြဒိနိတ် တည်နေရာကို ရှာဖွေနိုင်တဲ့နည်းလမ်း ဝူကျန်းဆီမှာ ရှိတယ်။ မင်းသာ မှော်နတ်သမီး မျှော်စင်ထဲမှာ မရှိရင် သူလိုက်ရှာမှာ မဟုတ်ဘူး။ နောက်ပြီးတော့ မှော်နတ်သမီး မျှော်စင် (၁၂) ခုမှာ ခုနှစ်ခုကပဲ လူသားတွေကို လက်ခံနိုင်တာ"

"သူ လုပ်ရမှာက အဲ့ဒီမျိုးနွယ်စု (၇) စုဆီသွားပြီး မင်းဘယ်ရောက်နေလဲဆိုတာ ရှာကြည့်ဖို့ပဲ။ သူက ဒီနေ့

နေ့လည်ကတည်းက ဝပ်ကျင်း (၄) ခုကို သွားခဲ့ပြီးပြီ။ ဒါကြောင့် ဒီနေရာကို ရောက်လာတော့မယ်လို့ ငါ ထင်တယ်။ အဲ့ဒါကြောင့် တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွား။ မင်းရဲ့ကမ္ဘာကို ပြန်ရောက်တာနဲ့ မင်း ဘေးကင်းလိမ့်မယ်”

ပိုင်ဂူက အကြံပြုလိုက်သည်။

“ငါ ထွက်ပြေးရင် မင်းရဲ့ ဝပ်ကျင်းစခန်းထဲမှာ ပုန်းနေခဲ့တယ်ဆိုတာ သူ သိသွားလိမ့်မယ်။ အဲ့ဒါဆို မင်းဆီလာပြီး ပြဿနာရှာမှာပေါ့”

လင်းဟွမ်သည် ဝူကျန်းတွင် မကောင်းဆိုးဝါးဆန်သော စိတ်ဓါတ်ရှိကြောင်း သိနေသည်။ သတင်းပျံ့ပွားမှုကို တားဆီးရန် မျိုးနွယ်စုတစ်ခုလုံးကို သတ်ပစ်လိမ့်မည်။

“မင်း ဆက်နေရင် ငါတို့မျိုးနွယ်စုက ပိုပြီး ဒုက္ခရောက်လိမ့်မယ်”

ပိုင်ဂူက အမှန်အတိုင်း ပြောလိုက်သည်။

“မင်း ထွက်သွားလိုက်ပါ။ ဖြစ်လာသမျှကို ငါ ခေါင်းခံလိုက်မယ်”

လင်းဟွမ် တိတ်ဆိတ်သွားပြီး ဒါကို မည်ကဲ့သို့ ဖြေရှင်းရင် ကောင်းမလဲဟု စဉ်းစားနေသည်။ သူ

ထွက်သွားရုံနှင့် ဝူကျန်းက ပိုင်ကူကို အလွယ်တကူ လွှတ်ပေးလိမ့်မည် မဟုတ်ချေ။

"ဒါဆိုလဲ ကောင်းပြီလေ။ ငါ ထွက်သွားတော့မယ်"

ခဏအကြာ လင်းဟွမ်က ဆုံးဖြတ်ချက် ချလိုက်သည်။

"လင်းဟွမ်…။ ဒီဝူကျန်းက လောဘကြီးတယ်။ မှော်နတ်သမီးအမွေ သူ့လက်ထဲ မရောက်စေနဲ့။ အဲ့ဒီလိုမှ မဟုတ်ရင် ခေတ်သစ်အတွက် ဘေးဒုက္ခကြီး ဖြစ်သွားလိမ့်မယ်"

ပိုင်ဂူက သတိပေးလိုက်သည်။

"ငါ သိတယ်။ မှော်နတ်သမီးကလည်း သူ့အကြောင်း ပြောပြထားတယ်"

"မင်း ပစ္စည်းတွေ သိမ်းလိုက်တော့။ ငါ မင်းကို လိုက်ပို့ပေးမယ်။ ငါ့ရဲ့ စုန်းအတတ်က ဝူကျန်းရဲ့ ထောက်လှမ်းမှုကို ခဏလောက်တော့ ဖုံးထား ပေးနိုင်တယ်"

" အဲ့ဒီလို လုပ်စရာမလိုဘူး။ ငါ အရင်ကတည်းက လွင့်မြောကုန်းမြေရဲ့ ကိုဩဒိနိတ်နဲ့ ချိတ်ဆက်ထားတယ်။ ငါ့အတွက် ပစ္စည်းတွေလဲ သိမ်းစရာ မလိုဘူး"

လင်းဟွမ်သည် ပိုင်ဂူ၏ကြင်နာမှုကို ခေါင်းခါပြီး ငြင်းပယ်လိုက်သည်။

"ဘာမှ လုပ်စရာမရှိရင် အခု ထွက်သွားတော့မယ်"

ပိုင်ဂူက ခေါင်းငြိမ့်ပြသည်။

"နယ်စပ်ကို ရောက်တာနဲ့ ချက်ချင်း ထွက်သွား....။ မင်းရဲ့နေရာကို ပြန်ရောက်သွားရင်လည်း မင်းကိုယ်မင်း သိပ်မဖော်ထုတ်နဲ့။ သူက အတုအယောင် နတ်ဘုရားပဲ။ ဒါကြောင့် သူ ဘာတွေလုပ်နိုင်လဲဆိုတာ ငါတောင် သေသေချာချာ မသိဘူး။ ဘေးကင်းတာက နှိမ့်ချရတာထက် စာရင် ပိုကောင်းပါတယ်"

"ငါ မှတ်ထားပါ့မယ်။ ကျေးဇူးတင်ပါတယ် ခေါင်းဆောင်။ ကျန်တဲ့အချိန်တွေမှာ ဂရုစိုက်ပေးခဲ့တဲ့အတွက် စိတ်ရင်းနဲ့ ကျေးဇူးတင်ပါတယ်"

လင်းဟွမ်က ပြုံးပြီး ခေါင်းငြိမ့်လိုက်သည်။

"ငါ့အတွက် စိတ်မပူနဲ့။ ငါ့မှာရန်သူက ရှိပြီးသားပဲ။ ဒါတောင် အခုအချိန်အထိ ရှင်သန်နိုင်ခဲ့တယ်။ ငါ့ရဲ့ တိုက်ခိုက်ရေး အဆင့်က သာမန်ဆိုပေမယ့် အသက်ရှင်နိုင်စွမ်းနဲ့ ပတ်သက်ရင်တော့ တော်တော်လေး ကောင်းပါတယ်။ နောက်ပြီးတော့ မင်းရဲ့ရန်သူတွေကို လျှော့မတွက်နဲ့"

ပိုင်ဂူက နောက်တစ်ကြိမ် ထပ် သတိပေးလိုက်သည်။

"ဟုတ် မှတ်ထားလိုက်ပါ့မယ်"

လင်းဟွမ်သည် တိုတိုတုတ်တုတ် တုံ့ပြန်ပြီး ထိုင်ခုံပေါ်မှ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။

"အခုပဲ သွားတော့မယ်"

ပိုင်ဂူလည်း ထရပ်လိုက်သည်။

"မင်းကို လိုက်ပို့ပေးမယ်"

သူတို့နှစ်ယောက်သည် မှော်နတ်သမီး မျှော်စင်ထဲမှ ထွက်လာကြသည်။

သန်းခေါင်ယံအချိန် နီးကပ်နေပြီ ဖြစ်သဖြင့် ကောင်းကင်ယံတွင် အနီရောင်နှင့် ခရမ်းရောင်လများက တွဲလောင်း ချိတ်ဆွဲနေသည်။ ပတ်ဝန်းကျင်၌ ကြယ်ရောင်များနှင့် တောက်ပနေပြီး လူအများစုက အိပ်မောကျနေကြသည်။ သူတို့သည် ယခုအခါ၌

အရုပ်များ ဖြစ်နေကြသော်လည်း နေ့စဉ်ဘဝကို ပုံမှန်အတိုင်း ဖြတ်သန်းနေကြသည်။

မျှော်စင်မှ ထွက်လာသောအခါ ကျောက်တုံး မျက်နှာကြီး ပေါ်လာပြီး လင်းဟွမ်ကို တိတ်တဆိတ် စိုက်ကြည့်နေသည်။ လင်းဟွမ်က ပြုံးပြုံးရွှင်ရွှင် ခေါင်းငြိမ့်ပြလိုက်သော်လည်း စကားပြောခြင်း မရှိခဲ့ပေ။

လင်းဟွမ်သည် မော်နတ်သမီးမျှော်စင် တံခါးပေါက်မှ (၁၀) မီတာ အကွာသို့ ရောက်သောအခါ နေရာကူးပြောင်းခြင်း ဓါတ်ကွင်းကို ထုတ်ယူလိုက်သည်။

ဝင်ပေါက်နားတွင် ပိုင်ဂူက သူ့ကို တိတ်တဆိတ် စောင့်ကြည့်နေသည်။

လင်းဟွမ်သည် ကိုဩဒိနိတ် တည်နေရာကို ချိန်ညှိပြီးနောက် နှစ်ခါပြန် မစဉ်းစားဘဲ ဓါတ်ကြွင်းထဲ လျှောက်ဝင်သွားလိုက်သည်။ ဓါတ်ကြွင်း ပြန်မပိတ်ခင် ပိုင်ဂူနှင့် ကျောက်တုံးမျက်နှာကြီးကို လက်ဝှေ့ယမ်း၍ တာ့တာ ပြခဲ့သည်။

ပိုင်ဂူလည်း ပြန်၍ လက်ဝှေ့ယမ်းပြလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသော နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို စောင့်ကြည့်နေကြသည်။

“နှုတ်ဆက်ပါတယ် ခေတ်သစ်က ကောင်လေး”

ပိုင်ဂူက တိုးတိုးလေး ရေရွတ်လိုက်သည်။

"ခေါင်းဆောင်....။ သူ့ကို တကယ် သဘော ကျတာလား"

ကြီးမားသော မျက်နှာကြီးက ပိုင်ဂူကို လှမ်းကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။

"မှော်နတ်သမီးက သူ့ကို ရွေးချယ်သွားပြီဆိုမှတော့ သူမရဲ့ရွေးချယ်မှုကို ငါ ယုံကြည်တယ်"

ပိုင်ကူက တွေဝေခြင်းမရှိဘဲ ခေါင်းငြိမ့်လိုက်သည်။

"သူ့ကြောင့် မျိုးနွယ်စုတွေကြားမှာ စစ်ပွဲတွေ ဖြစ်လာတော့မယ်။ ဒါက ထိုက်တန်လို့လား"

ကျောက်တုံး မျက်နှာကြီးက နောက်တစ်ကြိမ် ထပ်မေးသည်။

“ထိုက်တန်လား မတန်ဘူးလား ဆိုတာတော့ ငါလည်းမပြောတတ်ဘူး။ ငါတို့တွေရဲ့ ပဋိပက္ခက နှစ်ပေါင်းများစွာ စုပြုံလာခဲ့ပြီ စစ်ပွဲကို ဘယ်လိုမှ ရှောင်လို့မရဘူး။ အချိန်တစ်ခုပဲ လိုတယ်။ လင်းဟွမ်က မီးစလေး ပျိုးရုံပါပဲ။ နောက်ဆုံးတော့ မှော်နတ်သမီး အမွေကိုလည်း သူရသွားပြီ။ ငါတို့ရဲ့ တာဝန်လဲ အောင်မြင်သွားပြီ။ စိတ်ပူစရာလည်း မရှိတော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က ခေတ်သစ်နဲ့ မသက်ဆိုင်ဘူး။

ငါတို့နေထိုင်ခဲ့တာ နှစ်ပေါင်း (၃၀,၀၀၀) ကျော်နေပြီ မဟုတ်လား။ လုံလောက်ပါပြီကွာ”

“ဒါက လုံလောက်ပါပြီ”

ကျောက်တုံးမျက်နှာကြီးက ဖျစ်ညစ်၍ အားတင်းကာ ပြုံးလိုက်သည်။

“တိုက်ခိုက်ဖို့အတွက် အသင့်ပြင်ထား။ မျိုးနွယ်စုတွေကိုလဲ ပြင်ဆင်ထားဖို့ အကြောင်း ကြားလိုက်”

ပိုင်ဂူက လမ်းလျှောက်တုတ်ကို ညွှန်ပြရင်း ပြောလိုက်သည်။

"ဝူကျန်း၊ မင်းက အရင်ကတည်းက သစ္စာဖောက် ဖြစ်ခဲ့တယ်။ အခုတော့ မှော်နတ်သမီးရဲ့ အမွေကို ဘယ်လိုတောင် လိုချင်ရဲတာလဲ။ မင်းကို တိုက်ခိုက်ရလို့ ငါတို့ကို အပြစ်မတင်နဲ့"

...

အနက်ရောင် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းသည် ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးကွာသောနေရာတွင် ဖြည်းဖြည်းချင်း ပေါ်လာပြီး လူတစ်ယောက်က လွင့်မြောကုန်းမြေ၏ နယ်နမိတ်ထဲမှ ထွက်သွားခဲ့သည်။

လင်းဟွမ်သည် ခြေထောက် အပြင်ရောက်သည်နှင့် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ပြန်သိမ်းပြီး

သွေးရဲရဲလေးကို ဆင့်ခေါ်ကာ လွင့်မြောကုန်းမြေမှ ချက်ချင်း ထွက်ခွာသွားသည်။

"ကျားရှင်း ဘယ်မှာရှိလဲဆိုတာ ရှာကြည့်စမ်း"

သွေးရဲရဲလေး၏ မျှော့မျိုးစေ့များက ကုန်းမြေတစ်ခုလုံး ဖြန့်ကျက်နေပြီး မကြာခင် သွေးရဲရဲလေးက မျက်လုံးမှိတ်ပြီး ရှာဖွေမှုကို စတင်လိုက်သည်။

"တွေ့ပြီ ဒါပေမယ့် ဒီကောင်က အန္တရာယ်များတယ်။ ငါ့ရဲ့ မျှော့မျိုးစေ့တွေက သူ့အနား သိပ်ကပ်လို့မရဘူး။ ဒီလိုမှမဟုတ်ရင် သေချာပေါက် သိသွားလိမ့်မယ်"

"သူ့ရဲ့နေရာကို အကြမ်းဖျင်းလောက် သိရရင် လုံလောက်ပြီ"

သွေးရဲရဲလေးက စောင့်ကြည့်ရေး မျက်နှာပြင်ကို ထုတ်ဖော် ပြသလိုက်သည်။

ထိုမျက်နှာပြင်ထဲ၌ ကြီးမားသော မီးပုံကြီးဘေးတွင် ကျားရှင်းက မျက်လုံးမှိတ်ပြီး အနားယူနေသည်။ ထိုစဉ် စိတ်လှုပ်ရှားစွာ မျက်လုံးပွင့်လာသည်။

“လင်းဆိုတဲ့ ကောင်..။ နောက်ဆုံးတော့ မင်းကိုယ်မင်း ကိုယ်ထင်ပြပြီပေါ့”

"ငါတို့တွေ တည်နေရာ ဖော်ထုတ်လိုက်မိပြီ ထင်တယ်”

သွေးရဲရဲလေးသည် ကျားရှင်း၏ စကားသံကို မကြားနိုင်သော်လည်း လှုပ်နေသည့် နှုတ်ခမ်းများကို ဖတ်ပြီး မကျေမနပ် ရေရွတ်လိုက်သည်။

"တကယ်လား"

လင်းဟွမ်သည် ကောင်းကင်ပေါ်က အနီရောင်နှင့် ခရမ်းရောင် လခြမ်းများကို မော့ကြည့်ပြီး ပြုံးလိုက်သည်။

"ဒီနေ့ ရာသီဥတု သာယာတယ်။ ခွေးလေးတွေခေါ်ပြီး လမ်းလျှောက်ဖို့ အကောင်းဆုံးပဲ"

## အခန်း(၇၂၇) - တည်နေရာ မှားနေတာလား။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် ကျားရှင်းက လျင်မြန်စွာ ထရပ်လာသည်ကို တွေ့လိုက်ရသည်။ သူ့အတွက် လင်းဟွမ်၏ တည်နေရာကို သိရှိရန် မလွယ်ကူပေ။ ထို့ကြောင့် လင်းဟွမ်အား သတ်ဖြတ်နိုင်မည့် အခွင့်အရေးကို လက်လွှတ် မခံချင်သည်မှာ အထင်အရှားပင်။

"နောက်ဆုံးတော့ ဒီကောင့်ကို ငါတွေ့ရပြီ။ (၇) နာရီထောင့် ကီလိုမီတာ (၆,၀၀၀) လောက်ဝေးတယ်။ ဒင်းက လွင့်မျောကုန်းမြေရဲ့ နယ်စပ်ကို ရောက်နေပြီ"

ကျားရှင်းက နယ်မြေခံ မျိုးနွယ်စုဝင်များကို လှမ်းအော်လိုက်သည်။

“ငါတို့တွေ အဲ့ဒီကို အမြန်ဆုံး ရောက်အောင် သွားရမယ်။ သူ့ကို ကုန်းမြေထဲက ထွက်ခွာခွင့် မပေးနိုင်ဘူး။ လီကောင်း...၊ ငါ့ကို အဲ့ဒီနေရာ ခေါ်သွားပေး။ ကျန်တဲ့လူတွေက ဒီမှာကျန်ခဲ့ပြီး သတင်းအသစ်တွေ စောင့်နေ”

လီကောင်းဟု ခေါ်သောလူမှာ နှင်းဘီးလူးကြီး ဖြစ်သည်။ သို့သော်လည်း တောရိုင်း မွန်းစတား တစ်ကောင် မဟုတ်သလို အိမ်မွေး မွန်းစတား မဟုတ်သည်မှာ ထင်ရှားသည်။ ထိုအစား

ထိုရုပ်ခန္ဓာပိုင်ဆိုင်ရှင်မှာ ဒေသခံ မျိုးနွယ်ဝင် တစ်ယောက်ပင် ။

နှင်းဘီလူးကြီးသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလာပြီး ကျားရှင်းရှေ့တွင် ပေါ်လာပြီးနောက် ခေါင်းငုံ့ပြီး

“မင်း နေရာ အတိအကျ သိလား”

ကျားရှင်းသည် လက်ကို ဆန့်တန်းပြီး မွေ့ရမ်း လိုက်ရာ မကြာခင် တစ်မီတာခန့် ကျယ်သော လေးထောင့်ပုံစံ မြေပုံတစ်ခု ပေါ်လာသည်။ မထင်မှတ်စရာပင်။ ဒါသည် လွင့်မြောကုန်းမြေ၏ မြေပုံ ဖြစ်နေသည်။

“ငါတို့ရဲ့ နေရာကို အဖြူရောင်က ကိုယ်စားပြုတယ်။ အနီရောင်အစက်က အဲ့ဒီကောင် ရှိနေတဲ့နေရာပဲ”

ကျားရှင်းက မြေပုံကို ရိုးရိုးရှင်းရှင်း ထိတွေ့လိုက်သည်နှင့် အဖြူရောင်နှင့် အနီရောင် အစက်နှစ်စက် ပေါ်လာသည်။

နှင်းဘီလူးကြီးသည် မြေပုံကို စိုက်ကြည့်ပြီးနောက် ခေါင်းငြိမ့်လိုက်သည်။

“ရပြီ ငါ သိပြီ။ သွားစို့....”

ကျန်းရှင်းက ဒါကို အသိအမှတ်ပြုလိုက်ပြီး နှင်းဘီလူးကြီး၏ ပခုံးပေါ် ခုန်တက်လိုက်သည်။

နှင်းဘီလူးကြီးက လက်ကို ဝှေ့ယမ်းလိုက်လျှင် နှင်းများကြားထဲ၌ လေဟာနယ် လှိုင်ခေါင်းတစ်ခု ပေါ်လာသည်။ ထို့နောက် လေဟာနယ် လှိုင်ခေါင်းထဲ လမ်းလျှောက်ဝင်သွားကြသည်။ ခဏအကြာ လေဟာနယ်လှိုင်ခေါင်း မှေးမှိန်သွားပြီး နှင်းဘီလူးကြီး၏ ကြီးမားသော ခန္ဓာကိုယ်နှင့် ကျားရှင်းလည်း ပျောက်ကွယ်သွားသည်။

...

လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် မျှော့မျိုးစေ့က ထုတ်ဖော် ပြသနေသော မြင်ကွင်းကို ကြည့်ပြီး ကျားရှင်း၏ လုပ်ရပ်များနှင့် ကျန်သည့်

အဖြစ်အပျက်များကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ သွေးရဲရဲလေးကမူ လှုပ်ရှားနေသော နှုတ်ခမ်းများကို လိုက်ကြည့်ပြီး ဘာသာ ပြန်ပေးနေသည်။

ကျားရှင်း၏ရှေ့တွင် မြေပုံပေါ်လာပြီး သူတို့က ပစ်မှတ်ဖြစ်နေကြောင်း မြင်လိုက်လျှင် လင်းဟွမ်က ကျယ်လောင်စွာ ရယ်မောပြီး ရွှေစက်ဝန်းကို ဆင့်ခေါ်လိုက်သည်။ ရွှေစက်ဝန်း ဆိုသည်မှာ အထွတ်အထိပ်အဆင့် ဓါတ်ကွင်း ဖြစ်ပြီး သူတော်စင်အဖွဲ့ဝင် ယုဝမ်ပင်ကို သတ်ပြီးနောက် ရရှိခဲ့ခြင်းပင်။ ပြဿနာ မဖြစ်စေရန် လင်းဟွမ်က အဖြူရောင် ပြောင်းခဲ့သည်။

ဓါတ်ကြွင်းပေါ်မှ အလှဆင်ထားသော ရုပ်ပုံများကိုပင် ပြောင်းလဲပြီး အသုံးပြုခဲ့သည်။ မှင်နက်ထဲတွင် မှတ်ထားသော ကိုဩဒိနိတ် တည်နေရာများကို ရွှေစက်ဝန်းထဲတွင်လည်း သိမ်းဆည်းထားခဲ့သည်။

ဒါသည် အထွတ်အထိပ် ဓါတ်ကြွင်းတစ်ခု ဖြစ်သောကြောင့် အသုံးပြုမှု ကြားကာလမှာ ကန့်သတ်ချက် မရှိပေ။ ထို့အပြင် ကြယ်လေးပွင့်အဆင့် ဖြစ်သောကြောင့် သွားနိုင်သည့် အကွာအဝေးမှာ မှင်နက်ထက် ပို၍ ဝေးကွာသည်။

စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်၌ နှင်းဘီလူးကြီးက လေဟာနယ် လှိုင်းခေါင်းအား ဆင့်ခေါ်လိုက်သည်ကို

မြင်လျှင် လင်းပျွမ်းက စပ်ဖြဲဖြဲပြုံးရင်း ရွှေစက်ဝန်း၏ တံခါးကို တွန်းဖွင့်လိုက်သည်။ ထို့နောက် အထဲ ဝင်သွားပြီးနောက်

“သွေးရဲရဲလေးရေ ခွေးတွေနဲ့ လမ်းလျှောက်ထွက်ရအောင်”

ခဏအကြာ ရွှေစက်ဝန်းက အလိုလို ပိတ်သွားပြီး သေးငယ်သော အလင်းစက်များ အဖြစ်ပြောင်းလဲကာ လေဖိအားနည်း ရပ်ဝန်းလည်း ပျောက်ကွယ်သွားသည်။ လင်းပျွမ်၏ လက်မောင်းတစ်ဝိုက်တွင် ရစ်ခွေနေသော သွေးရဲရဲလေးလည်း ပျောက်ကွယ်သွားခဲ့သည်။

လင်းဟွမ်တို့ ပျောက်ကွယ်သွား၍ (၃) မိနစ် မကြာခင် သူတို့ရပ်နေခဲ့သော နေရာနှင့် မီတာတစ်ရာခန့် ဝေးသောနေရာတွင် နှင်းမုန်တိုင်းတစ်ခု ပေါ်လာသည်။ ထို့နောက် ကြီးမားသော အရိပ်တစ်ခုနှင့် ၎င်းပေါ်တွင် မတ်တပ်ရပ်နေသော အရိပ်တစ်ခု ပေါ်လာသည်။

သူတို့သည် ရောက်လာသည်နှင့် ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်ရာ လင်းဟွမ်၏ ခြေရာလက်ရာ သဲလွန်စကို မတွေ့ရတော့ချေ။

"ကိုသြဒိနိတ်က တစ်ခုခု မှားနေတာလား"

နှင်းဘီလူးကြီးက ခေါင်းလှည့်ပြီး ပိန်ပိန်ပါးပါးနှင့်လူကို မေးလိုက်သည်။

“ကိုသြဒီနိတ်မှာ ဘာပြဿနာမှ မရှိနိုင်ဘူး။ ဒီကောင် ဒီနားမှာ ရှိရမယ်။ မီတာ (၃၀) ထက်တော့ ပို မဝေးနိုင်ဘူး”

ကျားရှင်းက ယုံကြည်နေသည်။

“အခုလက်ရှိ ငါတို့ရဲ့မြင်ကွင်းကို ဘာမှ မပိတ်ထားဘူးဟ....။ ဒီကနေ ကီလိုမီတာ အနည်းငယ် ဝေးတဲ့နေရာကိုတောင် လှမ်းကြည့်လို့ ရတယ်”

နှင်းဘီလူးကြီးသည် ပတ်ပတ်လည်ကို ကျီးကြည့်ကြောင်ကြည့် လိုက်ကြည့်ခဲ့သော်လည်း မည်သည့်အရာမျှ မတွေ့ရပေ။

“နောက်တစ်ခါ ထပ်ရှာကြည့်မယ်”

ကျားရှင်း မျက်မှောင် ကြုတ်သွားသည်။ ထို့နောက် မှော်တာအို စာအုပ်ကို ဆင့်ခေါ်လိုက်သည်။ လက်ချောင်းကို စိုးရိမ်တကြီး လှုပ်ရှား၍ သွေးရောင်စွန်းနေသော စာမျက်နှာကို လှန်လိုက်သည်။ စုန်းအတတ် မှော်အက္ခရာထဲမှ ရှုပ်ထွေးသော အစီအရင်တစ်ခု ထွက်ပေါ်လာသည်။ သို့သော်လည်း မှော်အက္ခရာက သွေးနီရောင်ပင် ။

ခဏအကြာ သွေးရောင် မှော်အက္ခရာသည် တောက်ပလာပြီး နေရာတိုင်းကို အနီရောင်အလင်းများ ဖြာထွက်သွား၏။ ရေကန်ထဲသို့ ကျောက်တုံးတစ်တုံး ပစ်ချလိုက်သည်နှင့်တူပြီး နေရာအနှံ့ လှိုင်းဂယက်

ထွက်ပေါ်လာသည်။ လေဟာနယ်လှိုင် ခေါင်းကြီး ကျယ်ပြန့်လာပြီးနောက် အရောင်က မှိန်ဖျော့သွားသည်။ (၁၀) ကီလိုမီတာ အကွာအတွင်းကို ထွင်းဖောက်ပြီး မြင်နေရသည်။

ထိုနေရာနှင့် ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးကွာသော နေရာတွင် လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် သွေးရဲရဲလေး၏ မျှော့မျိုးစေ့မှတဆင့် စောင့်ကြည့်နေကြသည်။

"ဒါက ငါ့ မျှော်လင့်ချက်အတွင်းပဲ ရှိသေးတယ်။ သူက ထောက်လှမ်းမှုစွမ်းရည်ကို အသုံးပြုနေပြီဆိုတော့ တစ်ခုခုတော့ ပေးဆပ်ရလိမ့်မယ်။ ဒါက သွေးမျက်ရည်

မှော်အကွ္ခရာပဲ။ တစ်ရက်ကို လေး၊ ငါးကြိမ်လောက် အသုံးပြုရင် တစ်ကိုယ်လုံး ပြိုကျ ပျက်ဆီးသွားလိမ့်မယ်"

လင်းဟွမ်က ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

"သွေးမျက်ရည် မှော်အက္ခရာရဲ့ စုံစမ်းထောက်လှမ်းတဲ့ နည်းစနစ်က မယုံနိုင်စရာပဲ။ ပစ်မှတ်ကို မတွေ့မချင်း (၂၄) ဆက်တိုက် အလုပ် လုပ်နေလိမ့်မယ်။ (၂၄) နာရီအတွင်းမှာ ပစ်မှတ်က ထောက်လှမ်းနေတဲ့ ဧရိယာအတွင်း ဝင်လာတာနဲ့ ချက်ချင်း ပစ်မှတ်ထားခံရလိမ့်မယ်။ ဒီနည်းလမ်းနဲ့ မင်းကို ရှာတွေ့ခဲ့တာပဲ"

သွေးရဲရဲလေးက ထိုအရာကို မြင်လိုက်သည်နှင့် မှော်အကွန်ရာ၏ အကျိုးသက်ရောက်မှုကို ခွဲခြမ်းစိတ်ဖြာလိုက်သည်။

"အဲ့ဒါက အသုံးမဝင်ဘူး။ မနက်ဖြန်က ဩဂုတ်လ (၁၀)ရက်နေ့ ၊ ငါတို့ ထွက်ခွာရမယ့် နောက်ဆုံးနေ့ပဲ။ သူက ထောက်လှမ်းရေး နည်းစနစ်ကို (၁၀) ကြိမ် သုံးရင်တောင် ငါတို့နောက်ကို လိုက်မမီဘူး။ သွေးမျက်ရည် မှော်အကွန်ရာကလည်း အကန့်အသတ်နဲ့ သုံးရတာ။ နှင်းဘီလူကြီးရဲ့ ကံကြမ္မာ စွမ်းအားကလည်း နေရာကူးပြောင်းရင်း ကုန်သွားမှာ သေချာတယ်။ နောက်ပြီးတော့ ငါတို့ဘက်မှာက လုံလောက်တဲ့

ကံကြမ္မာသလင်းကျောက်တွေ ရှိနေသရွေ့ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို အဆက်မပြတ် သုံးနေလို့ ရတယ်”

လင်းဟွမ်သည် ကျားရှင်းက သူ့နောက်ကို အမီလိုက်နိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်နေသောကြောင့် တည်ငြိမ်နေ၏။

“သူက အရင်တုန်းက အတုအယောင် နတ်ဘုရားတစ်ပါး ဖြစ်ခဲ့ဖူးတယ်နော် သတိထား”

သွေးရဲရဲလေးက သတိထားနေဆဲပင်။

“ကောင်းပြီလေ။ ငါတို့ကို တွေ့သွားပြီ”

စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်မှ တဆင့် ကျားရှင်းက သူတို့၏ တည်နေရာကို မြေပုံပေါ်တွင် နောက်တစ်ကြိမ် အမှတ်အသား ပြုလုပ်လိုက်ကြောင်း လင်းဟွမ် မြင်နေရသည်။ ထို့နောက် ရွှေစက်ဝန်းကို ဆင့်ခေါ်လိုက်သည်။ နှင်းဘီလူးကြီးက လေဟာနယ် လှိုင်ခေါင်အား ဖန်တီးလိုက်သည်ကို မြင်လိုက်လျှင် လင်းဟွမ်သည် ရွှေစက်ဝန်း၏ တံခါးကို တွန်းဖွင့်ပြီး အထဲပြေးဝင်သွားသည်။

(၂) စက္ကန့်၊ (၃) စက္ကန့် ကြာသောအခါ ကျားရှင်းနှင့် နှင်းဘီလူးကြီးတို့သည် လင်းဟွမ်တို့ ပျောက်ကွယ်သွားသည့် နေရာတွင် ပေါ်လာသည်။

လင်းဟွမ်တို့ ပျောက်ကွယ်သွားသည့် နေရာနှင့် မီတာ (၁၀၀) ပင် မဝေးချေ။ သို့သော်လည်း လင်းဟွမ်က နောက်တစ်ကြိမ် ပျောက်သွားပြန်သည်။

သူတို့သည် ရောက်လာသည်နှင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကြသော်လည်း လင်းဟွမ်၏ ခြေရာလက်ရာ သဲလွန်စကို မတွေ့ရချေ။

“ ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ”

ကျားရှင်း မျက်မှောင်ကြုတ်နေသည်။ သူ၏ ကိုသြဒိနိတ် တည်နေရာ (၂) ခုလုံးတွင် ဘာကြောင့် မည်သူမျှ မရှိရလဲဆိုသည်ကို သူမသိချေ။

“မင်းရဲ့ ထောက်လှမ်းမှု နည်းစနစ်က အမှားအယွင်း မရှိဘူးဆိုတာ သေချာလို့လား”

နှင်းဘီလူးကြီးက ကျားရှင်း၏ ထောက်လှမ်းရေး စွမ်းရည်တွင် ပြဿနာတစ်ခုခု ရှိနေပြီဟု ထင်မြင်လာပြီး

“မဖြစ်နိုင်ဘူး ငါ ဒီစွမ်းရည်ကိုသုံးတာ အကြိမ်ပေါင်း ထောင်နဲ့ချီနေပြီ။ တစ်ခါမှ မမှားဖူးဘူး”

ကျားရှင်းက ခေါင်းခါလိုက်သည်။ သူ့စွမ်းရည်ကို သူ ယုံကြည်သည်။

“ဒီကောင့်မှာ ထောက်လှမ်းမှု ရလဒ်ကို ထိခိုက် စေနိုင်မယ့် ပစ္စည်းတစ်ခုခု ရှိနေမလား”

နှင်းဘီလူးကြီးသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် အကြံပြုလိုက်သည်။

"အဲ့ဒါပဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် သူ့ဆီမှာ တည်နေရာ မမြင်ရအောင် တားဆီးနိုင်တဲ့ နတ်ဘုရားဓါတ်ကြွင်း တစ်ခုခု ရှိနေရင်တောင် ငါ့ရဲ့ ထောက်လှမ်းမှုကို တစ်ခါတည်း ပိတ်ဆို့ ထားရမှာလေ။ ငါ့ရဲ့ စွမ်းရည်ကိုတောင် အသုံးချလို့ရမှာ မဟုတ်ဘူး။ အဲ့ဒါဆို ငါလည်း မှားမှာမဟုတ်ဘူး"

"ဒီနတ်ဘုရား ဓါတ်ကြွင်းက တစ်မူထူးခြားနေတာ ဖြစ်ရမယ်။ သူ့ရဲ့တည်နေရာကို မတွေ့ရအောင် မတားဆီးနိုင်ပေမယ့် ရလဒ်တွေကို အမှန်တရားက

သွေ့ဖိသွားအောင် ဒါမှမဟုတ် လွဲသွားအောင် လုပ်နိုင်တာလား”

ကျားရှင်းက ခန့်မှန်းလိုက်သည်။

“အဲ့ဒီလိုဆိုရင် ငါတို့က သူ့နောက် ဆက်လိုက်ဦးမှာလား”

နှင်းဘီလူးကြီး တွေဝေလာသည်။ သူသည် နတ်ဘုရားတစ်ပိုင်း ဖြစ်သော်ငြားလည်း နေရာကူးပြောင်းခြင်းကို တစ်ကြိမ် လုပ်ဆောင်တိုင်း သူ၏ စွမ်းအင်ကို သိသိသာသာ ကုန်ဆုံးစေသည်။

“ဟုတ်တယ် ဒီကောင့်ကို ဖမ်းလို့ မမိမချင်း ငါ မရပ်ဘူး။ ငါတို့မှာ ခြေရာခံနိုင်မယ့် အခွင့်အရေး ရှိနေတုန်း သေချာပေါက် ဖမ်းမှဖြစ်မယ်”

ကျားရှင်းက အခိုင်အမာ ပြောဆိုလိုက်သည်။

## အခန်း(၇၂၈) - သူ့ကိုကိုင်တွယ်ဖို့အတွက် ဘာမှ ရင်းနှီးစရာ မလိုပါဘူး။

သွေးရဲရဲလေးသည် စောင့်ကြည့်ရေး မျက်နှာပြင်မှ တဆင့် ကျားရှင်းနှင့် နှင်းဘီလူးကြီးကြားမှ ပြောဆိုမှုကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ သွေးရဲရဲလေးက သူတို့၏ လှုပ်ရှားနေသော နှုတ်ခမ်းများကို ဖတ်နေသည်။

"သူတို့က ငါတို့ဆီမှာ ထောက်လှမ်းမှုကို လွဲမှားစေတဲ့ နတ်ဘုရားခေတ်ကြွင်း ရှိနေတယ်လို့ ထင်နေကြတာ"

လင်းဟွမ်က စောင့်ကြည့်ရေး မျက်နှာပြင်ကို ကြည့်ရင်း ခေါင်းခါလိုက်သည်။

"အဲဒီလို ထင်တာလည်း ကောင်းပါတယ်။ အနည်းဆုံးတော့ သူတို့ကို စောင့်ကြည့်နေတယ်လို့ တွေးနေမယ့်အစား ရလဒ် လွဲနေတယ်လို့ ထင်နေကြတာပေါ့"

"ဒါပေမယ့် ငါတို့ကို မမိမချင်း လိုက်ဖမ်းနေတာကို ရပ်တန့်မှာ မဟုတ်ဘူးနော်"

သွေးရဲရဲလေးက သတိပေးလိုက်သည်။

" ငါတို့နောက်ကို ဆက်လိုက်ချင်သေးတယ် ဆိုရင်လည်း သူတို့နဲ့ ကစားပေးရမှာပေါ့။"

လင်းဟွမ်က အဖမ်းခံရမည်ကို လုံးဝ မကြောက်ဘဲ အကောင်းမြင် နေ၏။

ကျားရှင်းက ကိုသြဒိနိတ်များ တည်နေရာများအား ပြန်လည် သတ်မှတ်နေသည်ကို မြင်လိုက်လျှင် လင်းဟွမ်သည် ရွှေစက်ဝန်းကို နောက်တစ်ကြိမ် ဆင့်ခေါ်ကာ သွေးရဲရဲလေးနှင့်အတူ ပျောက်ကွယ်သွားသည်။

ကျားရှင်းနှင့် နှင်းဘီလူးကြီးတို့ ရောက်လာသည့် အချိန်၌ ပစ်မှတ်ကို နောက်တစ်ကြိမ် လွဲချော်သွားပြန်သည်။ သို့တိုင်အောင် သူတို့သည် အရှုံး မပေးခဲ့ကြပေ။

ကျားရှင်းသည် လင်းဟွမ်၏ တည်နေရာကို သိရှိစေရန် လက်ချောင်းကို ထပ်မံကိုက်လိုက်၏။

ဤလုပ်ငန်းစဉ်ကို ခုနစ်ကြိမ်၊ ရှစ်ကြိမ်အထိ ထပ်ခါထပ်ခါ ပြုလုပ်နေဆဲပင်။ ကျားရှင်းသည် သွေးများကျရည် မှော်အကွခရာကို အသက်သွင်းရန် လိုအပ်သည့်အချိန်က ပို၍ ကြာရှည်လာခဲ့သည်။ နှင်းဘီလူးကြီးကလည်း ကုန်ဆုံး သွားခဲ့သော ၎င်း၏စွမ်းအင်ကို ပြန်လည်ရရှိစေရန် စွမ်းအင် သလင်းကျောက်များကို စတင်မျိုချနေရသည်။

"ကျားရှင်းက သွေးမျက်ရည် မှော်အကန္ခရာကို အသက်သွင်းနေတာ ရှစ်ကြိမ်လောက် ရှိနေပြီ ဒါတောင် မပြိုကျသေးဘူး။ အံ့ဩစရာပဲ။"

လင်းဟွမ်က ရယ်မောလိုက်သည်။

"သွေးတွေက ဒီမှော်အကန္ခရာထဲမှာ အေးဂျင့်တစ်ယောက်လို အလုပ် လုပ်တယ်။ အဓိက ညှစ်ထုတ်လိုက်တဲ့ အရာက လူတစ်ယောက်ရဲ့ စိတ်ခွန်အားပဲ။ ကျားရှင်းရဲ့ စိတ်နဲ့ဆိုရင် ဒီလို မှော်အကန္ခရာကို အကြိမ်ပေါင်းများစွာ ထောက်ပံ့ ပေးနိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် သူ့ခန္ဓာကိုယ်ထဲမှာ

ဝူကျန်း ရှိနေတယ်။ သူက အရင်က အတုယောင် ဘုရားတစ်ပါးလေ"

သွေးရဲရဲလေးသည် ဝူကျန်းက အတုယောင် နတ်ဘုရားတစ်ပါး ဖြစ်ခဲ့ဖူးသဖြင့် သတိထားနေသည်။

"ဟင်းလင်းပြင် ခုန်ကုန်းနိုင်စွမ်း ပိုင်ဆိုင်ထားတဲ့ နတ်ဘုရားတစ်ပိုင်း နှင်းဘီလူးကြီးကလည်း ရန်လိုတယ်။ သူ့ရဲ့စွမ်းရည်က ငါတို့ကို အလွယ်တကူ အေးခဲ သွားစေနိုင်တယ်။ ဘယ်နေရာ ပြေးပြေး မလွတ်နိုင်ဘူး"

"ဟုတ်တယ်၊ အသက်အန္တရာယ် စွန့်စားရနေတယ် ဆိုတာ ငါသိတယ်။ ဒါပေမယ့် တစ်စက္ကန့်၊ နှစ်စက္ကန့်လောက် စောပြီး ထွက်သွားရင်လည်း

ကျားရှင်းမှာ ရှိနေတဲ့ ငါ့ရဲ့ ကိုဩဒိနိတ်က တည်နေရာအသစ် ဖြစ်လာလိမ့်မယ်။ သူ့ကို ဒီအတိုင်း လွှတ်ပေးထားခဲ့ရင် ပိုင်ဂူ ပို ဒုက္ခရောက်လိမ့်မယ်"

လင်းဟွမ်သည် သူ့ကြောင့် မည်သူ့ကိုမှ ဒုက္ခ မရောက်စေချင်ပေ။

"ပိုင်ဂူက ဝူကျန်းနဲ့ တိုက်ခိုက်ဖို့အတွက် တခြား အဖွဲ့ဝင်တွေကို စုဆောင်းနေတယ်။"

ခဏမျှ တိတ်ဆိတ် သွားပြီးနောက် သွေးရဲရဲလေးက အမှန်အတိုင်း ပြောလိုက်သည်။

"ပိုင်ဂူရဲ့ နယ်မြေထဲမှာ ငါ့ရဲ့မျှော့မျိုးစိတ်တွေ ရှိသေးတယ်၊ ဒါကိုပြောနေတဲ့ သူကလည်း ပိုင်ဂူပဲ"

"ဘာဖြစ်လို့ တိုက်ခိုက်ချင်တာလဲ၊ ငါ့ကြောင့်လား။"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

"မင်းက မီးစပျိုးခဲ့တာ ဖြစ်နိုင်တယ်..."

သွေးရဲရဲလေးက ပြောလိုက်သည်။

ထို့နောက် စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်တွင် ပိုင်ဂူနှင့် ကျောက်တုံး မျက်နှာကြီးတို့ကို ဖော်ပြပေးလိုက်သည်။

လင်းဟွမ်သည် ထိုမြင်ကွင်းကို ကြည့်ပြီးနောက် ငြိမ်ကျသွားသည်။

ပိုင်ဂူတွင် ဆတ်ဆတ်ထိမခံ စိတ်ဓါတ်ရှိသည်။ သူ ဘာလုပ်သင့်လဲ၊ မလုပ်သင့်လဲဆိုသည်ကိုလည်း သိသည်။ တစ်ချိန်တည်းမှာပင် ပညာရှိသော ဆုံးဖြတ်ချက်ကို မည်ကဲ့သို့ ချရမလဲဆိုသည်ကို သူ သိသည်။

လင်းဟွမ် အမွေရခဲ့သည့်အချိန်တွင် ပိုင်ဂူက သူ့ကို သတ်ပြီး အမွေဆက်ခံနိုင်သည့် အခွင့်အရေး ရခဲ့သည်။ သို့သော်လည်း ထိုကဲ့သို့ လုပ်မည့်အစား လင်းဟွမ်ကို ကာကွယ်ပေးရန် ရွေးချယ်ခဲ့သည်။

စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်၌

"မင်းက နှစ်ပေါင်း (၃၀,၀၀၀) ကျော် အသက်ရှင်နေခဲ့တာပဲ။ မလုံလောက်သေးဘူးလား"

လင်းဟွမ်သည် သေခြင်းတရားအား ဘာမှ မဖြစ်သလို ရင်ဆိုင်နေသော အကြီးအကဲကို လေးစားနေမိသည်။

"ဒါက ရှောင်လွဲလို့ မရတဲ့ တိုက်ပွဲပဲ"

သွေးရဲရဲလေးက လင်းဟွမ်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ငါတို့ ထွက်သွားရင်တောင် အခြေအနေက ဘာမှ ထူးခြားသွားမှာ မဟုတ်ဘူး။"

လင်းဟွမ်က ခေါင်းငုံ့ပြီး အကြာကြီး ငြိမ်နေပြီးနောက် ခေါင်းကို ဖြည်းညှင်းစွာ မော့လိုက်ပြီး

"မနက်ဖြန် နောက်ဆုံးရက်ပဲ၊ မနက်ဖြန်မှ ထွက်သွားတော့မယ်။ နောက်ဆုံးမိနစ်အထိ သူတို့နဲ့အတူ တိုက်ပွဲဝင်နိုင်ပါစေလို့ ငါ ဆုတောင်းတယ်"

သွေးရဲရဲလေးသည် လင်းဟွမ်၏ အလွန် ရဲတင်းသော ဆုံးဖြတ်ချက်ကြောင့် လှမ်းကြည့်လိုက်သည်။ သို့သော် သူပြောလည်း အသုံးမဝင်ကြောင်း သိနေသဖြင့်

"ကောင်းပြီလေ။ မင်းက ဆုံးဖြတ်ထားပြီဆိုတော့ နောက်ဆုံးအချိန်အထိ မင်းနဲ့အတူတူ ရှိနေပေးမယ်”

လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် ကျားရှင်းထံမှ လွတ်မြောက်လာသည်နှင့် တပြိုင်နက် နှင်းများ ထူထပ်နေသော မြေကွက်လပ်တစ်ခုတွင် ပေါ်လာသည်။

"ငါတို့တွေ ဆက်ပြီး ထွက်ပြေးနေမယ်ဆိုရင်၊ အချိန်တစ်ခု ဆွဲထားတာကလွဲပြီး ဘာမှထူးခြားလာမှာ မဟုတ်ဘူး"

သွေးရဲရဲလေးက ပြောလိုက်သည်။

"မင်းမှာ တခြား အကြံရှိလား"

လင်းဟွမ်က မေးလိုက်ရာ

"ငါတို့အတွက် နည်းနည်းတော့ အသက်အန္တရာယ်များလိမ့်မယ်။ အဲဒီ အခြေအနေကို စိတ်ထဲမထားရင်တော့ ရှိတယ်"

သွေးရဲရဲလေးက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"သူတို့ကို မွန်းစတားတွေ နေတဲ့နေရာ ဒါမှမဟုတ် အစွမ်းထက်တဲ့ မွန်းစတားတွေနေတဲ့ အသိုက်တစ်ခုကို ခေါ်သွားရအောင်။ ဒါဆိုရင် သူတို့နှစ်ယောက်အတွက် ပြဿနာတစ်ခုခုတော့ ဖြစ်လာမှာပဲ"

"ဒီအကြံ ကောင်းတယ်"

လင်းဟွမ်၏ မျက်လုံးများ တောက်ပလာသည်။

"ငါတို့ အရင်တုန်းက နှင်းမှုန် အလောင်းကောင်ကြီးနဲ့ ကြုံဖူးတယ်။ အဲဒီကောင်ကြီးက နတ်ဘုရားတစ်ပိုင်း မဟုတ်ပေမယ့် စွမ်းရည်က သိပ်တော့မကွာဘူး။ နှင်းဘီလူးကြီးကလည်း ဟင်းလင်းပြင် ခုန်ကျော်ထားလို့ တော်တော်လေး စွမ်းအားကုန်နေပြီ။ အဲဒီလို လုပ်လိုက်ရင် သူတို့ ဒုက္ခရောက်လိမ့်မယ် ထင်တယ်”

“သူတို့ကို နှင်းမှုန်အလောင်းကောင်ရဲ့ နယ်မြေထဲ ခေါ်သွားရမယ်။ အရင်တုန်းက ငါ့ထက် အားကောင်းတဲ့ လူတွေနဲ့ တိုက်ခိုက်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ဖို့အတွက်၊ ငါ ဖြတ်သန်း သွားလာဖူးတဲ့

အင်ပါယာအဆင့် မွန်းစတားတွေရဲ့ နယ်မြေကိုညွှဒ်နိတ်တွေကို မှတ်သားထားတယ်"

"ဒါဆိုလည်း သွားပြီးတော့ ပြဿနာတစ်ခု ဖန်တီးကြတာပေါ့"

ဒါသည် ယုတ်မာသော အစီအစဥ်တစ်ခု ဖြစ်နေသော်လည်း သွေးရဲရဲလေးသည် အပြစ်ရှိသည်ဟု လုံးဝ မခံစားရပေ။ အသံက သိသိသာသာ တည်ငြိမ်နေ၏။

"မင်းဆီမှာ ဒီလိုမျိုး အကြံဆိုး ရှိနေမယ်လို့ ငါ မသိခဲ့ဘူး"

လင်းဟွမ်က ကျီစားလိုက်သည်။

"ရန်သူကို ကိုင်တွယ်တဲ့နေရာမှာ ဘယ်လိုနည်းဗျူဟာကိုမဆို အသုံးပြုနိုင်တယ်"

သွေးရဲရဲလေးက ခပ်တည်တည် ပြန်ပြောလိုက်သည်။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် ကျားရှင်းက သူတို့၏ ကိုသြဒိနိတ် တည်နေရာကို နောက်တစ်ကြိမ် ရှာတွေ့လိုက်ကြောင်း မြင်လိုက်ရသည်။ ထို့နောက် လင်းဟွမ်သည် ရွှေစက်ဝန်းကိုဆင့်ခေါ်ပြီး နှင်းမှုန် အလောင်းကောင်၏ နယ်မြေအနီးက တစ်နေရာကို တည်နေရာ သတ်မှတ်လိုက်သည်။

နှင်းဘီလူးကြီးက လေဟာနယ် လိုင်ခေါင်းကို နောက်တစ်ကြိမ် ဖွဲ့စည်းပြီးသည်နှင့် လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် ရွှေစက်ဝန်းထဲ ဝင်သွားကြသည်။

ရွှေစက်ဝန်းထဲမှ ပြန်ထွက်လာသောအခါ လင်းဟွမ်တို့သည် လွန်ခဲ့သော တစ်လက သူ ရောက်ရှိခဲ့သော နှင်းမှုန်အလောင်းကောင်၏ နယ်မြေကို ပြန်ရောက်လာကြသည်။

လင်းဟွမ်သည် တည်နေရာကို သတ်မှတ်ပြီးနောက် နှင်းမှုန် အလောင်းကောင်၏ နေရာကို တွေ့ရှိလိုက်သည်။ သူ့အော်ရာကို ဖုံးကွယ်လိုက်ပြီး နှင်းမှုန်အလောင်းကောင်၏ နယ်မြေအပြင်ဘက်မှ

ဘေးကင်းသော နေရာတွင် လွှင့်မျောနေလိုက်သည်။ ထို့နောက် ကျားရှင်းနှင့် နှင်းဘီလူးကြီးတို့ ရောက်လာမည့်အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေသည်။

ဆယ်မိနစ်ခန့် ကြာသောအခါ ကျားရှင်းက မှော်အကွက်ရာကို ဖန်တီးနေစဥ် လင်းဟွမ်က အကြံများစွာဖြင့် ပြုံးပြီး ရွှေစက်ဝန်းကို ဆင့်ခေါ်လိုက်သည်။ တစ်ချိန်တည်းမှာပင် မှော်တာအိုစာအုပ်ကိုလည်း ဆင့်ခေါ်လိုက်သည်။

ကျားရှင်းက မှော်တာအိုစာအုပ်၏ နောက်ဆုံးစာမျက်နှာကို အမြန်လှန်နေသည့် အချိန်၌

လင်းဟွမ်ကလည်း မှော်အကွခ္ခရာ တစ်ခုကို ဖန်တီးလိုက်သည်။ လေထဲတွင် ရွှေရောင် မှော်အကွခ္ခရာတစ်ခုက လျှင်မြန်စွာ ဖြစ်ပေါ်လာသည်။

"နှင်း အသွင်ပြောင်းခြင်း"

လင်းဟွမ်သည် လက်ညှိုးထိုးပြီး ရေရွတ်လိုက်ရာ နှင်းမှုန်အလောင်းကောင် ပုန်းနေသည့် နေရာတစ်ခုလုံးကို လွှမ်းခြုံထားသော ရွှေရောင်အလင်းများက တဖျတ်ဖျတ် တောက်ပလာသည်။ ထို့နောက် မြင့်မားသော အပူချိန်ကြောင့် နေရာတစ်ခုလုံးကို ဖုံးလွှမ်းထားသော နှင်းများက လျှင်မြန်စွာ အရည်ပျော်သွားသည်။

သုံးမိနစ် အတွင်းမှာပင် နှင်းမှုန် အလောင်းကောင် ပုန်းနေသောနေရာ၌ ကြီးမားသော အနက်ရောင်တွင်းကြီး ဖြစ်ပေါ်လာခဲ့သည်။

ခဏအကြာ တွင်းထဲမှ ဒေါသတကြီး အော်ဟစ်လိုက်သော အသံတစ်ခု ထွက်ပေါ်လာသည်။

သွေးရဲရဲလေး၏ စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် နှင်းဘီလူးကြီးက လေဟာလှိုင်ခေါင်းကို ဖွံ့စည်းလိုက်သည်။

"ငါ့ရဲ့ လက်ဆောင်ကို မင်း ကြိုက်မယ်လို့ ထင်ပါတယ်"

လင်းဟွမ်သည် ရွှေစက်ဝန်း၏တံခါးကို တွန်းဖွင့်ပြီး အထဲသွားရင်း စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

လင်းဟွမ် ပျောက်ကွယ်သွားသည်နှင့် ဒေါသတကြီး အော်ဟစ်နေသော နှင်းမှုန်အလောင်းကောင်သည် မြေအောက်မှ ထွက်ပေါ်လာသည်။

သူပေါ်လာည့် အချိန်မှာပင် ကျားရှင်းနှင့် နှင်းဘီးလူးကြီးတို့က ဟင်းလင်းပြင် လှိုင်ခေါင်းထဲမှ ပြေးထွက်လာကြသည်။

# အခန်း(၇၂၉) - နှင်းဘီလူးနှင့် နှင်းမှုန် အလောင်းကောင်တို့၏ တိုက်ပွဲ။

ကျားရှင်းနှင့် နှင်းဘီးလူးကြီးတို့သည် ဟင်းလင်းပြင်လှိုင်ခေါင်းထဲမှ ပြေးထွက်လာသည့် အချိန်တွင် မြေအောက်မှ ထွက်ပေါ်လာသော နှင်းမှုန်အလောင်းကောင်ကို မြင်လိုက်ရသည်။

နှင်းမှုန် အလောင်းကောင်က ကျားရှင်းနှင့် နှင်းဘီလူးကြီးကို တွေ့လိုက်သည်နှင့် ချက်ခြင်း ပြေးဝင်ပြီး တိုက်ခိုက်တော့သည်။ လင်းဟွမ်ကို မမြင်လိုက်သဖြင့် သူတို့နှစ်ယောက်ကို သူ့အိမ်ဖျက်ဆီးသော တရားခံများဟု

ထင်နေသည်။ ဒေါသ အရှိန်ကြောင့် နှင်းမှုန် အလောင်းကောင်သည် အမှန်တရားကို လုံးဝ လျစ်လျူရှုမိခဲ့သည်။

ကျားရှင်းနှင့် နှင်းဘီးလူးကြီးတို့သည် နှင်းမှုန်အလောင်းကောင်က သူတို့အား ပြေးထိုးသည်ကို မြင်လိုက်လျှင် ကြောင်သွားသည်။ သူတို့သည် လင်းဟွမ် နောက်ကို လိုက်ဖမ်းနေရင်း အက်ပါယာအဆင့် မွန်းစတားတစ်ကောင်နှင့် တွေ့ရလိမ့်မည်ဟု မမျှော်လင့် ထားကြပေ။

နှင်းမှုန် အလောင်းကောင်သည် အနည်းဆုံး မီတာ (၇၀၀) အမြင့်ရှိပြီး အလွန် ကြီးမားသည်။ ၎င်းသည်

နှင်းဘီလူးကြီးထက် အဆ (၂၀) ခန့် ပိုကြီးနေသဖြင့် ကျားရှင်းသည် နှင်းမှုန်အလောင်းကောင်နှင့် နှိုင်းယှဉ်ပါက ပုရွက်ဆိတ် တစ်ကောင်ကဲ့သို့ ပင်။

တခဏ အတွင်းမှာပင် နှင်းမှုန်အလောင်းကောင်က သူတို့နှစ်ယောက် ရှေ့တွင် ပေါ်လာသည်။ ခြေထောက် မြှောက်ပြီး သူတို့ နှစ်ယောက်ကို ပြင်းပြင်းထန်ထန် စောင့်နင်း လိုက်သည်။

"သားရဲကောင်၊ မင်းက သေချင်နေတာလား။"

ကျားရှင်းက အော်ဟာစ်လိုက်သည်။ သူသည် အတုယောင် နတ်ဘုရားတစ်ပါး ဖြစ်ခဲ့ဖူးသဖြင့် အင်ပါယာအဆင့် မွန်းစတားများကို အထင်သေးသည်။

သို့သော်လည်း ဤမွန်းစတားက သူ့ကို ခြေထောက်နှင့် တက်နင်းလာသဖြင့် ထပ်ပြီး မနေနိုင်တော့ချေ။

နှင်းဘီလူးကြီး၏ မျက်လုံးထဲတွင် ဒေါသ အရိပ်အယောင်များ တောက်ပလာသည်။ သူသည် နတ်ဘုရားတစ်ပိုင်း ဖြစ်သော်လည်း ယခုအခါ အင်ပါယာအဆင့် မွန်းစတား၏ ရန်စခြင်းကို ခံနေရသည်။

လေထဲကို မှုတ်ထုတ်ပြီး မကြာခင် လေထဲ၌ နှင်းများဖြင့် ပြုလုပ်ထားသော ကြီးမားသည့် လက်တံကြီး ချက်ချင်း ပေါ်လာသည်။ ထို့နောက် နှင်းမှုန် အလောင်းကောင်၏ အပြာရောင် ခြေဖဝါးနှင့် တိုက်မိသွားသည်။

ဖုန်း.....

ထိပ်တိုက် တွေ့ဆုံသွားသောအခါ ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ လေထုထဲ၌ ပေါက်ကွဲမှု လှိုင်းဂယက်များ ထွက်ပေါ်လာပြီး နေရာအနှံ့ ပြန့်ကျဲသွား၏။

လေသည် ပြင်းထန်စွာ တိုက်ခတ်လာသော်လည်း နှင်းဘီလူးကြီးက တည်ငြိမ်နေသည်။ သူ့အနောက်တွင် ရပ်နေသော ကျားရှင်းလည်း တည်ငြိမ်နေသည်။ သို့သော်လည်း နှင်းမှုန်အလောင်းကောင်က လွင့်ထွက်သွားပြီး မကြာခင် လဲကျသွားသည်။

အရွယ်အစား မည်မျှကြီးမားစေကာမူ တိုက်ခိုက်ရေးအဆင့် ကွာဟချက်က သိသာ ထင်ရှားနေသည်။

"ဟမ်"

ခဏအကြာ နှင်းဘီလူးကြီး မျက်မှောင်ကြုတ်သွားသည်။

ကျားရှင်းလည်း မျက်မှောင်ကြုတ်သွားသည်။

"အသက်ရှင်နေသေးတာလား"

နှင်းမှုန်အလောင်းကောင်၏ ခန္ဓာကိုယ်သည် မြေပြင်မှ ဖြည်းညှင်းစွာ မြင့်တက်လာသည်။

"ငါက ခွန်အား အကုန်သုံးပြီး ရိုက်ခဲ့တာ"

နှင်းဘီလူးကြီးက နောက်ပြန် မလှည့်ပေ ထိုအစား နှင်းမှုန်အလောင်းကောင်အား ကြောက်လန့်တကြား ကြည့်ပြီး ကျားရှင်းကို ပြောလိုက်သည်။

"နှင်းမှုန် အလောင်းကောင်က နတ်ဘုရား ဦးခေါင်း ဖွံ့စည်းတော့မယ်။ ဒီကောင့်ကို အနိုင်မယူနိုင်ရင် ဒီနေရာကနေ ထွက်သွားလို့ ရမှာမဟုတ်ဘူး။"

ကျားရှင်းသည် နှင်းမှုန် အလောင်းကောင်ကို သေသေချာချာ စိုက်ကြည့်လိုက်သောအခါ ဒါသည် သာမန်အင်ပါယာအဆင့် မွန်းစတားတစ်ကောင် မဟုတ်ကြောင်း သဘောပေါက်သွားသည်။

" နေရာ ခုန်ကူးဖို့အတွက် ငါ့ရဲ့ခွန်အားကို သိသိသာသာ မဖြုန်းတီးခဲ့ရင် ဒီကောင့်ကို ချက်ချင်း ရိုက်သတ်လို့ရတယ်”

နှင်းဘီလူးကြီးက အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။

"ဒါဆိုလည်း လုပ်လိုက်လေ"

ကျားရှင်းက နှင်းမှုန်အလောင်းကောင် ရှိရာသို့ ညွှန်ပြရင်း ပြောလိုက်သည်။ နှင်းဘီလူးကြီး၏ စကားကို မှတ်ချက် မပေးခဲ့ပေ။

နှင်းမှုန် အလောင်းကောင်သည် မြေပြင်မှ ထလာပြီးနောက် ၎င်း၏ အပြာရောင်မျက်လုံးတစ်စုံသည် ချက်ချင်း မည်းနက်သွားသည်။ ရေခဲပြာရောင်

သလင်းကျောက်များသည် ရေခဲပြာရောင် ချပ်ဝတ်တန်ဆာ တစ်ခုကဲ့သို့ ဖွဲ့စည်းသွားသည်။ ၎င်း၏ အမြီးတွင်လည်း ရေခဲဆူးများ ဖြစ်ပေါ်လာသည်။

"ဒုက္ခပဲ"

နှင်းဘီလူးကြီးက ငြီးတွားလိုက်သည်။

“ဝိညာဉ် အမျိုးအစားနဲ့ မသေမျိုး မျိုးစိတ်တွေကို အမုန်းဆုံးပဲ"

"တစ်ချက်တည်းနဲ့ ဘာဖြစ်လို့ မသတ်တာလဲ"

ကျားရှင်းသည် မီတာရာနှင့်ချီ ဝေးကွာသောနေရာသို့ ဆုတ်ခွာသွားသည်။ နှင်းဘီလူးကြီး ရှုံးနိမ့်သွားမည်ကို စိုးရိမ်နေသည့် ပုံမရှိပေ။

ကျားရှင်း နောက်ဆုတ်သွားသည့် အချိန်မှာပင် နှင်းမှုန်အလောင်းကောင်က ရှေ့တိုးလာသည်။ မြေပြင်ကို ပြင်းပြင်းထန်ထန် နင်းပြီး အဆများစွာ ပိုမြန်သော အရှိန်ဖြင့် ပျောက်ကွယ်သွားသည်။ ထို့နောက် နှင်းဘီလူးကြီး၏ရှေ့တွင် ချက်ချင်း ပေါ်လာသည်။

"အရမ်း မြန်တယ်"

နှင်းဘီလူးကြီး၏ မျက်လုံးထဲတွင် ကြောက်ရွံ့သော အရိပ်အယောင်များ ပေါ်လာသည်။

နှင်းမှုန် အလောင်းကောင်က လက်သီးဆုပ်ပြီး အချိန်မဆိုင်းဘဲ တိုက်ခိုက်လိုက်သည်။

ထိုအချိန်၌ နေရာတစ်ခုလုံးကို အေးခဲနေသော အပြာရောင် လက်သီးကြီးက ဖုံးလွှမ်းနေသကဲ့ပင်။ တောင်ကုန်းများ ပြိုကျသွားသလို နှင်းထုကြီး လုံးဝ ဖုံးလွှမ်းသွားသည်။

နှင်းဘီလူးကြီးက တည်ငြိမ် နေသည်။ မှော်တာအိုစာအုပ်ကို ဆင့်ခေါ်ပြီး မှော်အကွက်ရာ စာမျက်နှာတစ်ခုကို လက်နှင့် ဖိချလိုက်သည်။

လေထုထဲ၌ အဖြူရောင် မော်အကွာ လင်းထိန် သွားသည်နှင့်တပြိုင်နက် နှင်းဘီးလူးကြီးကို ကြည်လင် ပြတ်သားသော အလွှာတစ်ခုက ဖုံးအုပ်သွားသည်။

နှင်းမှုန် အလောင်းကောင်၏ တောင်အရွယ်အစား ရှိသော လက်သီးကြီးသည် ကာကွယ်ရေး ဒိုင်းအလွှာကို ထိမှန် သွားသည်။ သက်ရောက်မှုကြောင့် ရေလှိုင်းများကဲ့သို့ လှိုင်းလုံးများ ဖြစ်ပေါ်လာသော်လည်း ခံစစ်ကို မဖြတ်ကျော်နိုင်ခဲ့ပေ။

ကာကွယ်ရေး အလွှာထဲတွင် ရှိနေသော နှင်းဘီလူးကြီးက တည်ငြိမ်နေသည်။

ကာကွယ်ရေး ဒိုင်းအလွှာ အပြင်ဘက်တွင် ရှိနေသော နှင်းမှုန် အလောင်းကောင်သည် ၎င်း၏ တိုက်ခိုက်မှုက သက်ရောက်မှု မရှိသည်ကို မြင်လိုက်လျှင် ပို၍ပင် ဒေါသထွက်လာသည်။

ပင်ပန်းသည်ဟု မခံစားဘဲ ကာကွယ်ရေးဒိုင်းကို အဆက်မပြတ် ထုရိုက်နေသည်။ ဒိုင်းအလွှာ မပျက်မချင်း ရပ်တန့်သွားမည့် ပုံမရှိပေ။

အစပိုင်းတွင် နှင်းဘီလူးကြီးက တည်ငြိမ်သော်လည်း ဆယ်မိနစ်ကျော် ကြာပြီးနောက် နှင်းမှုန်အလောင်းကောင်၏ တိုက်ခိုက်မှုကြောင့် ကာကွယ်ရေး ဒိုင်းပေါ်တွင် အက်ကြောင်းများ

ဖြစ်ပေါ်လာသည်ကို မြင်လိုက်ရသည်။ ထို့အပြင် နှင်းမှုန် အလောင်းကောင်၏ တိုက်ခိုက်မှု အကြိမ်အရေတွက်က လျော့ကျသွားခြင်း မရှိပေ။ ထိုအစား ပို၍ တိုးလာသည်။

နှင်းဘီလူးကြီးသည် ဆက်၍ သည်းမခံနိုင်တော့ပေ။

ဟင်းလင်းပြင် ခုန်ကျော် ပြီးနောက် သူ့ခန္ဓာကိုယ်ထဲတွင် စွမ်းအင် အနည်းငယ်သာ ကျန်ရှိတော့သည်။ ရေရှည်တိုက်ပွဲကို သူမထိန်းနိုင်ပေ။ နှင်းမှုန် အလောင်းကောင်၏ စွမ်းရည်က သူ မျှော်လင့်ထားသည်ထက် ကျော်လွန်နေခဲ့သည်။

နှင်းဘီလူးကြီးက တိုက်ပွဲကို အမြန်ဆုံး အဆုံးသတ်ရမည်ဟု တွေးနေစဉ်

ကာကွယ်ရေးဒိုင်းအလွှာမှ အက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

နှင်းဘီလူးကြီးသည် ကာကွယ်ရေး အလွှာ ကျိုးပျက်တော့မည်ကို မြင်လိုက်လျှင် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် မှော်တာအိုစာအုပ်ကို သူ့လက်နှင့် ဖိလိုက်ပြန်သည်။

ကာကွယ်ရေး ဒိုင်းအလွှာ ပြိုကျခါနီး၌ ချိန်းကြိုးများ ဖြစ်ပေါ်လာပြီး နှင်းမှုန် အလောင်းကောင်၏ ခြေလက်အင်္ဂါများနှင့် လည်ပင်းများကို ချုပ်နှောင်လိုက်သည်။

"ဒီမွန်းစတားက နှင်းနယ်မြေထဲမှာ မွေးဖွားလာတာ။ စုန်းအတတ် ပညာက ရေခဲဒြပ်စင် ဖြစ်နေတဲ့အတွက် အတိုင်းအတာ တစ်ခုအထိပဲ ကန့်သတ်ထားနိုင်လိမ့်မယ်"

ကျားရှင်းက ပြောလိုက်သည်။ နှင်းဘီလူးကြီးက စုန်းအတတ် မှော်အက္ခရာကို နှစ်ကြိမ်တိုင်တိုင် အသက်သွင်းခဲ့သည်။ ပထမဦးဆုံး တည်ဆောက်ခဲ့သော ကာကွယ်ရေးဒိုင်းနှင့် ချိန်းကြိုးများမှာ ရေခဲဒြပ်စင်နှင့် ပြုလုပ်ထားခြင်းပင် ။

"မင်းက နှင်းဘီလူးကြီးရဲ့ ခန္ဓာကိုယ်ကို အသုံးပြုနေတာ ကြာနေလို့ ရေခဲဒြပ်စင် စုန်းအတတ်နဲ့

အသားကျနေပြီဆိုတာ ငါ သိတယ်။ ဒါပေမယ့် ရေခဲဒြပ်စင်စွမ်းရည်ကို မသုံးရင် အဲဒီကောင်ကို သတ်နိုင်တယ်"

ကျားရှင်း၏အသံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ရုန်းကန်နေသော နှင်းမှုန်အလောင်းကောင်သည် ချိန်းကြိုးများကို နောက်ဆုံးတွင် ဖယ်ရှားနိုင်ခဲ့သည်။

၎င်း၏ ခန္ဓာကိုယ်ကို ချုပ်နှောင်ထားသော ရေခဲချိန်းကြိုးများသည် အပိုင်းပိုင်းကွဲအက်ပြီး မြေပြင်ပေါ် ပြုတ်ကျသွားကာ အလိုလို ပျောက်ကွယ်သွားသည်။

ဝေါင်း…

နှင်းမှုန် အလောင်းကောင်သည် ချိန်းကြိုးမှ လွတ်မြောက်သွားသည်နှင့် ၎င်း၏ ရင်ဘတ်ကို

ဒေါ်သတကြီး ထုန့်ကလိုက်သည်။ ခန္ဓာကိုယ်ကို ဝန်းရံထားသော ရေခဲ သလင်းကျောက်များက ပိုမို ထူထပ်လာပြီး ပို၍ပင် ကြမ်းတမ်းလာပုံရသည်။ ၎င်း၏ ခန္ဓာကိုယ်သည်လည်း အဆအနည်းငယ် ပိုမို ကြီးထွားလာခဲ့သည်။

## အခန်း(၇၃၀) - နှင်းမှုန် အလောင်းကောင်ကို သတ်ဖြတ်ခြင်း။

နှင်းမှုန် အလောင်းကောင်သည် ရေခဲသလင်းကျောက်ချိန်းကြိုးမှ လွတ်မြောက်သွားသည်နှင့် တပြိုင်နက် နှင်းဘီလူးကို ပြင်းပြင်းထန်ထန် ထိုးနှက်လိုက်သည်။ လေတိုးသံနှင့်အတူ နှင်းလုံးများက နှင်းဘီလူးထံ ရိုက်ခတ်လာသည်။

နှင်းဘီလူးကြီး မျက်နှာပျက်သွားပြီး ရေခဲဒြပ်စင်စွမ်းရည် အသုံးပြုတော့မည့် အချိန်၌ အစောပိုင်းက ကျားရှင်း ပြောခဲ့သော စကားများကို ပြန်တွေး

မိသွားသည်။ ထို့နောက် ခဏ ရပ်လိုက်သည်။ ထိုအချိန်တွင် နှင်းမှုန် အလေပေါင်းကောင်၏ တိုက်ခိုက်မှုက ရောက်ရှိလာပြီး လေထဲတွင် ကြိုပျက်သွားသော စွန်တစ်ခုကဲ့သို့ လွင့်ထွက်သွားသည်။

နှင်းဘီလူးကြီးသည် တံ့ပြန်နိုင်စွမ်း ရှိသောအခါ မီတာရာနှင့်ချီ ဝေးသောနေရာတွင် ပြုတ်ကျပြီး တွင်းတစ်ခု ဖြစ်သွားသည်။

သူ့ကိုယ်သူ အင်ပါယာအဆင့် မွန်းစတား တစ်ကောင်၏ လက်ချက်ကြောင့် လွင့်ထွက်ပြီး ပြုတ်ကျကာ တွင်းတစ်ခုထဲ ရောက်နေသည်ကို မြင်လိုက်လျှင် အံ့အားသင့်သွားသည်။ ရုပ်ပိုင်းဆိုင်ရာ

ထိခိုက် ဒဏ်ရာရခြင်း မရှိသော်လည်း ၎င်း၏မာနကို ထိခိုက်သွားစေသည်။

အခြားတစ်ဖက်တွင်မူ နှင်းမှုန် အလောင်းကောင်သည် နှင်းဘီလူးကြီးကို တိုက်ခိုက်ပြီးနောက် ချက်ချင်း မောက်မာလာသည်။ ထို့နောက် နှင်းဘီလူးကြီး၏ရှေ့တွင် ရုတ်တရက် ပေါ်လာပြီး ခန္ဓာကိုယ်ကို ကြီးမားသော ခြေထောက်ကြီးနှင့် စောင့်နင်းလိုက်၏။

အင်ပါယာအဆင့် မွန်းစတား တစ်ကောင်၏ ရိုက်နှက်မှုကို ခံလိုက်ရသဖြင့် နှင်းဘီလူးကြီးသည် အရှက်သည်းသွားသည်။ မော်တာအို စာအုပ်ကို

လက်နှင့်ဖိပြီး ရှိသမျှ စွမ်းအားများကို ထည့်သွင်းလိုက်သည်။

လေထဲတွင် အနီရောင် မီးတောက်တစ်ခု ဖြစ်ပေါ်လာသည်။ ထို့နောက် ဧရာမ အနီရောင် မီးငှက်ကြီးတစ်ကောင်သည် နှင်းဘီလူးကြီး၏ အထက်ကောင်းကင်ယံတွင် ဖြစ်ပေါ်လာသည်။

ထိုငှက်ကြီးသည် ပါးစပ်ကို အကျယ်ကြီးဖွင့်ဟကာ နှင်းမှုန်အလောင်းကောင်ကို တိုက်ခိုက်လိုက်သည်။

ရာနှင့်ချီသော မီးတောက်များသည် ဥက္ကာခဲများနှင့် ဆင်တူနေပြီး နှင်းမှုန်အလောင်းကောင်၏ ခြေထောက်ထံ တိုးဝင်သွားသည်။

ထို့နောက် နှင်းမှုန် အလောင်းကောင်၏ နာကျင်သော အော်ဟစ်သံနှင့်အတူ ကျယ်လောင်သော ပေါက်ကွဲသံကို ကြားလိုက်ရသည်။

နှင်းဘီလူးကြီးသည် တွင်းထဲမှ ဖြည်းဖြည်းခြင်း တက်လာပြီး မီးငှက်နှင့် နှင်းမှုန် အလောင်းကောင်တို့ကြားမှ တိုက်ပွဲကို ကြည့်ရှုနေရင်း ၎င်း၏ မျက်လုံးများက မီးရောင် တဖျတ်ဖျတ် တောက်ပလာသည်။

"သေစမ်း"

နှင်းဘီလူးကြီးက ဒေါသတကြီး အော်ဟစ်ပြီး မှော်တာအို စာအုပ်ကို လက်နှင့် ထပ်ဖိလိုက်သည်။

ထို့နောက် လေထဲတွင် အနီရောင်မီးတောက်မှော်အကွာရာတစ်ခု ပေါ်လာသည်။

ခဏအကြာတွင် မီးလျှံစပါးအုံးမြွေများ ပေါ်လာပြီး နှင်းမှုန်အလောင်းကောင်၏ ခန္ဓာကိုယ် တစ်ဝိုက်တွင် ရစ်ခွေနေသည်။

နှင်းမှုန် အလောင်းကောင်သည် မီးငှက်၏ တိုက်ခိုက်ခြင်းကို ခုခံ ကာကွယ်နေရသောကြောင့် မီးလျှံစပါးအုံးများကို ကိုင်တွယ်ရန် အားမရှိတော့ချေ။ မကြာခင် မီးလျှံစပါးအုံးမြွေများနှင့် လုံးထွေးသွားခဲ့သည်။

မီးလျှံစပါးအုံးမြွေများသည် နှင်းမှုန်အလောင်းကောင်၏ ကိုယ်ခန္ဓာကို ရစ်ပတ်ပြီးသည်နှင့်

ချိန်းကြိုးပုံစံ ပြောင်းလဲသွားကာ ချုပ်နှောင်ထားကြသည်။ ချိန်းကြိုးများကို ချိုးဖြတ်ရန်လည်း နည်းလမ်းမရှိပေ။

နှင်းဘီးလူးကြီးသည် ထိုနေရာတွင် ရပ်တန့်ခြင်း မရှိပေ။ မှော်တာအိုစာအုပ်ကို လက်နှင့် နောက်တစ်ကြိမ် ဖိလိုက်ပြန်သည်။ သူ့ခန္ဓာကိုယ်တွင် ရှိနေသော လက်ကျန်စွမ်းအားများကို မှော်တာအိုစာအုပ်ထဲ ထည့်သွင်းလိုက်သည်။

ထို့နောက် ကောင်းကင်ယံတွင် မီးတောက်နေသော မြှားများ ပေါ်လာကာ မြှားများ၏ ကိုယ်ထည်ကို မီးခိုးများက ဝန်းရံနေသည်။ မြှားများသည် ကြောက်မက်ဖွယ် ကောင်းသော အပူကို

ထုတ်လွှတ်နေသောကြောင့် လေထုပင် အနည်းငယ် သွေ့ဖယ်သွားသည်။

မြွားထောင်ပေါင်းများစွာ ဖွဲ့စည်းပြီးနောက် နှင်းဘီလူးကြီးက နှင်းမှုန်အလောင်းကောင်ကို အေးစက်စွာ စိုက်ကြည့်လိုက်သည်။

နှင်းမှုန်အလောင်းကောင်သည် အသက်အန္တရာယ်နှင့် နီးနေပြီဟု ခံစားရသဖြင့် မြွားများ ပစ်လွှတ်သည်ကို မြင်လျှင် စတင် ရုန်းကန်လာသည်။ သို့သော် ချိန်းကြိုးများက ချုပ်နှောင်ထားသောကြောင့် ၎င်း၏ ကြိုးပမ်းမှုက အချည်းအနှီး ပင်။

နှင်းဘီလူးကြီးသည် ခပ်လှမ်းလှမ်းမှ နှင်းမှုန်အလောင်းကောင်ကို ညွှန်ပြလိုက်ပြီး

"ငရဲသွားစမ်း၊ ညစ်ပတ်တဲ့ကောင်"

ပူပြင်းလွန်းသော အနီရောင် မြွားများသည် ကောင်းကင်ကို လျင်မြန်စွာ ဖြတ်ကျော်လာပြီး ပွတ်တိုက်မှုကြောင့် အနီရောင် မီးလျှံများ ဖြစ်ပေါ်လာသည်။ ထို့နောက် မြွားများသည် နှင်းမှုန်အလောင်းကောင်ကို ထိမှန်သွားသည်။

နှင်းမှုန်အလောင်းကောင်သည် ပိတ်မိနေပြီး တစ်ချိန်တည်းမှာပင် ၎င်းကို မီးငှက်က ထိန်းချုပ်ထားသည်။ ၎င်းသည် မြွားများကို မရှောင်တိမ်းနိုင်သလို

တိုက်ခိုက်မှုကိုလည်း ခုခံ ကာကွယ်နိုင်စွမ်းမရှိ ဖြစ်နေပြီး နောက်ဆုံး၌ မီးတောထဲတွင် နစ်မြုပ်သွားခဲ့သည်။

မီးတောက်များက ကောင်းကင်ယံအထိ တောက်လောင်နေသည်။ နှင်းမှုန် အလောင်းကောင်တွင် အားကောင်းသော ခုခံကာကွယ်မှုများ ရှိသော်လည်း တိုက်ခိုက်မှုကို လုံးဝရှောင်လွှဲ၍ မရသည့်အပြင် ၎င်း၏ ကာကွယ်ရေးအလွှာကို အလွယ်တကူ ထိုးဖောက် ဝင်ရောက်သွားသည်။

နှင်းမှုန် အလောင်းကောင်သည် ခံစားရသော နာကျင်မှု ဝေဒနာကြောင့် တုန်လှုပ်သွားသည်။ မြွားများ ပိုမို

များပြားလာသည်နှင့်အမျှ ၎င်း၏အော်သံက အားနည်းသည်ထက် အားနည်းလာသည်။

နှင်းဘီလူးကြီးသည် နှင်းမှုန် အလောင်းကောင်က ပြန် မခုခံနိုင်တော့သည်ကို မြင်လျှင် ရက်စက်စွာ ပြုံးလိုက်သည်။ ထို့နောက် မှော်တာအိုစာအုပ်ကို လက်နှင့် ထပ်မံ ဖိလိုက်ပြန်သည်။

ထိုအခိုက်၌ လေထဲတွင် ရွှေရောင် မှော်အက္ခရာတစ်ခု ပေါ်လာသည်။

ခဏအကြာ နှင်းမှုန် အလောင်းကောင်၏ အထက် မီတာရာနှင့်ချီ မြင့်သော ကောင်းကင်ယံ၌

အလွန်ကြီးမားသော မီးတောက် လက်ဝါးကြီးတစ်ခု ဖွဲ့စည်းလာသည်။

ထိုမီးတောက် လက်ဝါးကြီးသည် ကွင်းပြင် တစ်ခုလုံးကိုပင် ဖုံးလွှမ်းနေသည်။

ထိုမီးတောက် လက်ဝါးကြီးက နှင်းမှုန်အလောင်းကောင်ထံ မရောက်ခင် မြင့်မားသော အပူချိန်ကြောင့် လေထုပင် ပွက်ပွက်ဆူလာပြီး နှင်းမှုန် အလောင်းကောင်သည် အသက်ရှူကြပ်သလို ခံစား လိုက်ရသည်။ ပြီးနောက် အသည်းအသန် အော်ဟစ် ရုန်းကန်နေသည်။

မီတာထောင်ပေါင်းများစွာ အဝေးမှ စောင့်ကြည့်နေသော လင်းဟွမ်သည် ဘာကြောင့် ဤကဲ့သို့ ဖြစ်ပျက်နေလဲ ဆိုသည်ကို နားမလည်နိုင်ပေ။

"ဒီလက်ဝါးကြီးမှာ ထူးထူးခြားခြား စွမ်းအား ရှိနေလို့လား၊ ဘာဖြစ်လို့ နှင်းမှုန် အလေလောင်းကောင်က ကြောက်နေရတာလဲ"

“လက်ဝါးကြီးကို မကြောက်ဘူး၊ လက်ဝါးကို ဝန်းရံထားတဲ့ သန့်ရှင်းမီးလျှံကို ကြောက်နေတာ။ နှင်းမှုန် အလေလောင်းကောင်က ဝိညာဉ်အမျိုးအစား မွန်းစတား တစ်မျိုးပဲ။ သဘာဝအားဖြင့် နတ်ဘုရားစွမ်းအားကို ကြောက်ရတော့ နှင်းဘီလူးကြီးရဲ့ တိုက်ခိုက်မှုက

နှင်းမှုန်အလောင်းကောင်ကို သတ်ဖြတ်ဖို့ ရည်ရွယ်ပြီး တိုက်ခိုက်တာ ထင်ရှားတယ်"

စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်၌ ကြီးမားသော လက်ဝါးကြီးသည် ကောင်းကင်မှ ဖြည်းဖြည်းခြင်း ဆင်းသက်လာပြီး နှင်းမှုန်အလောင်းကောင်၏ နောက်ကျောကို ထိမှန်သွားသည်။

နှင်းမှုန် အလောင်းကောင်သည် လက်ဝါးကြီးလက်မှ လွတ်မြောက်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သေးသည်။ သို့သော်လည်း အကြိမ်ကြိမ် ကြိုးစားသည့် တိုင်အောင် ရှုံးနိမ့် နေခဲ့သေးသည်။ ခြေထောက် နှစ်ဖက်လုံးရှိ

အရိုးများ ကျိုးသွားပြီး မြေပြင်ပေါ်သို့လဲကျကာ လုံးဝ မလှုပ်ရှားနိုင်တော့ပေ။

အဖြူရောင် မီးတောက်များက အဆက်မပြတ် တောက်လောင်နေပြီး ချက်ချင်း ဆိုသလို နှင်းမှုန် အလောင်းကောင်ကို အဖြူရောင်မီးတောက်များက ဖုံးလွှမ်းသွားသည်။

အစပိုင်းတွင် နှင်းမှုန်အလောင်းကောင် အော်ဟစ် နေသေးသည်။ ခဏအကြာ နာကျင်စွာ ညည်းညူနေသော အသံများသည် အားနည်းလာပြီး နောက်ဆုံး၌ ပျောက်ကွယ်သွားသည်။

နောက်ဆုံးတွင် အဖြူရောင်မီးလျှံများ ဖုံးလွှမ်းနေသော ခန္ဓာကိုယ်ကြီးသည် နာရီဝက်ကျော် ကြာအောင် ရုန်းကန်နေပြီးနောက် ရပ်တန့်သွား၏။

လင်းဟွမ်သည် ထိုမြင်ကွင်းကို ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်သည်။

"နတ်ဘုရားတစ်ပိုင်းကတော့ နတ်ဘုရား တစ်ပိုင်းပါပဲ။ သူ့ရဲ့စွမ်းရည်က ကြောက်စရာ ကောင်းတယ်။ အားနည်းနေပေမယ့် အင်ပါယာအဆင့် မွန်းစတား တစ်ကောင်ကို သတ်ဖြတ်ဖို့က လွယ်ကူတဲ့ အလုပ်တစ်ခု ဖြစ်နေတုန်းပဲ"

"အစကတည်းက အားမကုန်နေရင် နှင်းမှုန် အလောင်းကောင်ကို တစ်ချက်တည်း ရိုက်သတ်နိုင်တယ်။ နှင်းဘီလူးက နတ်ဘုရားတစ်ပိုင်းတွေထဲမှာ အသန်မာဆုံး ဖြစ်နိုင်တယ်"

သွေးရဲရဲလေးက သုံးသပ်လိုက်သည်။

"နှင်းမှုန် အလောင်းကောင်က အချိန်ခဏပဲ ဆွဲပေးနိုင်ပေမယ့် နှင်းဘီလူးကြီးရဲ့ တကယ့် စွမ်းအားအစစ်အမှန်ကို မြင်ခဲ့ရတာပေါ့။ သူရဲ့သေခြင်းက ထိုက်တန်တဲ့ သေခြင်းတရားပါ"

"နောက်တစ်ဆင့်မှာ အခက်အခဲ တိုးမြှင့်ပေးရတာပေါ့။ အင်ပါယာအဆင့် မွန်းစတား တစ်ကောင်နဲ့ မလုံလောက်ရင် တစ်ဖွဲ့ပေါ့ကွာ။"

လင်းဟွမ်သည် မြေပုံပေါ်ရှိ တည်နေရာတစ်ခုကို စိုက်ကြည့်ရင်း အကြံများစွာဖြင့် ပြုံးလိုက်သည်။